# ကပြားပြဿနာ

မောင်ပုကလေး

(၁၃၀၁)

kerryht@gmail.com

# မိတ်ဆက်

ရှေးအထက်တော်ကပင်၊ မြန်မာပြည်သည်၊ နိုင်ငံခြားနှင့် ကူးလူးဆက်ဆံခြင်း ရှိခဲ့လေရာ၊ မြန်မာပြည်တွင် နှစ်ပေါင်း အထောင်ကြာကပင် လူမျိုးရောစပ်ရေး ကိစ္စနှင့်ကြုံခဲ့ရသည်။ မြန်မာပြည်သည် ကမ္ဘာ့အရပ်ရပ်နိုင်ငံခြားသားတို့၏၊ မျက်စိတွင် ကူးသန်းရောင်းဝယ်ခြင်း၊ နိုင်ငံချဲ့ခြင်းစသော အလုပ်များ အတွက်၊ အကွက်သာသော မှာနုကြီးတရပ်၊ ရွှေတွင်းကြီးတလို ဖြစ်လေရာ နိုင်ငံခြားသား အမျိုးမျိုးတို့သည် မြန်မာပြည်တွင်းသို့ အဝင်အရောက်များပြားခြင်းမှာ ဓမ္မတာပင် ဖြစ်တော့သည်။ ဝင်ရောက်လာသောလူမျိုးအသီးသီးတို့တွင်လည်း၊ ဘာသာနှင့်အသီးသီး ရှိကြလေရာ မိမိတို့၏ စီးပွားရေး ကိုသာမဟုတ်ဘာသာရေးကိုလည်းနယ်ချဲ့လေ့ ရှိပြန်ပေသည်။

မြန်မာအမျိုးသား အမျိုးသမီးတို့မှာ၊ စားရေးသောက်ရေး၊ ပေါင်းသင်း ဆက်ဆံရေးတို့တွင် ဇာတ်သဘောစည်းကမ်းမျိုးမရှိဖြစ်လေရာ၊ မည်သည့်အစားအသောက်မျိုးကိုမဆို၊ စားသောက်၍ မည်သည့်လူမျိုးနှင့်မဆို၊ လွတ်လပ်စွာ ပေါင်းသင်းခြင်းအလေ့အထရှိပေသည်။ မြန်မာပြည်သို့ လာခဲ့သော လူမျိုးခြားတို့အနက်၊ ပုလ္လိန်နှင့် ဆူလ္လိန်မှာ ပုလ္လိန်ကများသဖြင့် လူမျိုးခြား တို့သည် မြန်မာမျိုးနှင့် အလွယ်တကူပင် အိုးချင်းထိ ကြိုးချင်းညိကြပေသည်၊ အထူးအားဖြင့် ယခုကဲ့သို့ ဆင်းရဲနွမ်းပါးသည့်အခါသာ၍ ထိကြညိကြသည်။ ထိုသို့အားဖြင့် တစတစပေါက်ဖွားလာခဲ့သော လူဦးရေမှာ ဆထက်ထမ်းတိုး တိုးသည်ထက်တိုးလာပေရာ၊ ဗမာပြည်တွင် ကပြား အမျိုးမျိုးတို့ပေါများ၍သာလျှင် ၎င်းတို့၏ ကိစ္စကြီးမှာ ပြဿနာကြီးတရပ်ကဲ့သို့ဖြစ်လာပေတော့သည်။

# မိတ်ဆက်

ကပြားများပေါက်ဖွား၍ လူဦးရေနည်းသောဗမာပြည်မှာ လူဦးရေဘိုးတက်သောကြောင့် ဝမ်းမြောက်ဘွယ်ပင်ဖြစ်သော်လည်း၊ အချို့သော ကပြား များ၏၊ သဘောထားများမှာ မြန်မာပြည်တွင် မြန်မာမိခင်များကပေါက်ဖွားသည်မှန်သော်လည်း၊ မြန်မာပြည်မှာမိမိတို့နှင့်မသက်ဆိုင်ဘိ်သကဲ့သို့ သဘောထားကာ၊ ပြုမူကြပေရာမြန်မာပြည်အဘို့ ဆုံးရှုံးခြင်းကြီးတရပ်ဖြစ်ပေတော့သည်။

ထိုသို့သော အကြောင်းအချက်အလက်တို့ကို၊ တည့်မတ်ရန်ရည်သန်သောစိတ်ထားဖြင့်၊ ကပြားနှင့်ပတ်သက်သောပြဿနာစာအုပ်ကို၊ ကျွန်ုပ်တို့သည်အယ်ဒီတာဦးပုကလေးအား ရေးသားပေးရန် တောင်းပန်ရခြင်း ဖြစ်ပါသည်။ ဦးပုကလေးမှာ လွန်ခဲ့သည့် ၁၀ နှစ်ခန့်ကပင် ဤပြဿနာကိုစဉ်းစားတွေးဆ၍၊ ဆိုင်ရာ စာအုပ်စာတမ်းခေတ်ကာလ အဖြစ်အပျက်များနှင့် ရာဇဝင်တိုးမှတ်ရာမှတ်ရာများပြုထားသူဖြစ်သောကြောင့် ကျွန်ုပ်တို့၏တောင်းပန်ချက်ကို မဆိုင်းမတွပင် ဆောင်ရွက်ပေးသဖြင့်၊ ကျေးဇူးတင်ရပါတော့သည်။

ကပြားပြဿနာဆိုသော်လည်း ဤစာအုပ်ဖြင့်၊ မြန်မာပြည်ကပြားအမျိုးမျိုးတို့၏ ပြဿနာကို မရှင်းနိုင်သေးပေ။ "ဇေရိဘာဒီ" "ရိုဗမာမူစလင်" ကုလားကပြားများ၏အကြောင်းကိုသာ ရေးသားထုတ်ဝေ နိုင်ပါသေးသည်။ နောင်အကြောင်းညီညွတ်ပါက၊ ဦးပုကလေးပင် ကပြားပြဿနာနံပါတ်-၂-စာအုပ်ကို တိုင်းပြည်တွင် လိုပြီထင်က ရေးသား၍ထုတ်ဝေမည်ဖြစ်ပါကြောင်း။

မောင်လှ။

၁၃၀၁ ခု။ တပေါင်းလဆန်း ၃ ရက်။

# နိဒါန်း

မြန်မာဘုရင်မင်းမြတ်တို့ လက်ထက်တော်အခါတွင်၊ {၁}အမှုထမ်း၊ {၂}အသည်၊ {၃}အလာ၊ {၄}ကပ်ပါး-ဟူ၍၊နိုင်ငံသားများမှာ၊အတန်းအစားလေးတန်းရှိ၏။ မျိုးရိုးလိုက်၊ ကျွန်တော်မျိုး စာရင်းဝင် အရသားကို"အမှုထမ်း"ကုန်သည် တောင်သူ၊ ထယ်လုပ်စသော အလွတ်လူကို "အသည်" နိုင်ငံခြားသားကို "အလာ" နိုင်ငံခြားသားနှင့် တိုင်းရင်းသူ သင့်မြတ်မွေးဖွားသူကို "ကပ်ပါး" ဟုခေါ်သည်။ "ကပ်ပါး"မှစကားရွေ့လျော၍ သရုအခါ "ကပြား"ဟုခေါ်သည်။

"အလာ"မှာ နှစ်မျိုးရှိရာ၊ မြန်မာပြည်သို့ကုန်းလမ်းခရီးဖြင့်လာရောက်သည့်၊တရုတ် ယိုးဒယားစသောမြောက်ဘက်၊ အရှေ့ဘက်၊ နိုင်ငံခြားသားတမျိုး၊ ပင်လယ်ခရီးဖြင့်လာရောက်သည့်၊ အနောက်နိုင်ငံခြားသားတမျိုး၊ ထိုနှစ်မျိုး အနက်၊ မြောက်ဘက်၊ အရှေ့ဘက်၊ နိုင်ငံခြားသားများကို "ကုလား"ဟုမခေါ်ဘဲ၊ အနောက်ဘက်နိုင်ငံခြားသားများကိုသာ "ကုလား"ဟု ခေါ်ဆိုခြင်းမှာ ထူးခြားခြင်းတရပ်ဖြစ်သည်၊ အကြောင်းကိုရှာသော်၊ အနောက်တိုင်းပြည်နိုင်ငံခြားသားတို့သည်၊ ပင်လယ်ခရီးကို ဖြတ်သန်းကူးလာကြခြင်းကို အကြောင်းပြု၍၊ ထိုလူမျိုးတို့ကို "ကူးလာ"၊ ရင်းစကားကမှ "ကုလား" ဖြစ်လာသည်ဟု ယူဆရန်သင့်ချေသည်။

မြန်မာတို့က၊ အိန္ဒိယနိုင်ငံသားများကိုသာ၊ ကုလား ခေါ်သည်မဟုတ်။ အနောက်တိုင်းပြည် နိုင်ငံရင်ခြားတိုင်းတပါးသား၊ ဟူသမျှကိုလည်း၊ ကုလားဟုခေါ်ဆိုကြ၏။ ဥပမာ၊ အိန္ဒိယနိုင်ငံသားတို့ကို၊ "ကုလားမဲ့" အင်္ဂလိပ်

နိဒါန်း။

ချာမန်၊ အနောက်ဥရောပတိုက်သားတို့ကို "ကုလားဖြူ" ဟုခေါ်လေ့ရှိသည်။ မင်းတရား ဘွဲ့ထီးလက်ထက်တော် စသည်တို့တွင်၊ မြန်မာပြည်သို့ရောက်လာကြသော "ပေါ်တူဂီ"သို ဆောင်းလူမျိုးကိုလည်းကုလားဟုပင်ခေါ်သည်။ ရှေးအခါက၊ တရုတ်နှင့် ယိုးဒယားစသော တိုင်းတပါးသားတို့သည်၊ မြန်မာပြည်သို့ပင်လယ်ခရီးဖြင့် လာရိုးမရှိ၊ ကုန်းလမ်းဖြင့်သာ လာရောက်ကြသဖြင့်၊ ၎င်းတို့ကို "ကူးသာ"သို့မဟုတ်"ကုလား"ဟုမခေါ်ကြချေ။ ။ပရှူး ဟုခေါ်သော မလာယုကျွန်းသားတို့သည်လည်း၊ မြန်မာပြည်သို့ပင်လယ်ခရီးဖြင့်၊ ကူးလာတတ်ကြ၍ ၎င်းလူမျိုး နိုင်ငံခြားသား တို့ကိုလည်း၊ "ပရှူးကုလား" ဟုခေါ်ကြသည်။ ထို့ကြောင့်"ကုလား"ဟူသော ဝေါဟာရသည် "ကူးလာ"ဟူသောစကားမှသက်ဆင်းလာကြောင်းယူဆဖွယ် ရှိပေသည်။ ၂ ။

၃ အိန္ဒိယနိုင်ငံသားများအနက်၊ မဟာမက် ဘာသာဝင် ကုလားများကို မြန်မာတို့က "ပသီ"ကုလားဟု ခေါ်ကြသည်။ "ပသီ"ခေါ်ခြင်း၏ အကြောင်းရင်းကို ရှာသော်၊ မဟာမက် ဘာသာဝင်၊ ကြူလယာ ကုလား လူမျိုးတို့သည်၊ ၎င်းတို့ဘုရားဝတ်ပြုရန်၊ ဆောက်လုပ်ထားသော ဘုရားကျောင်းကို ကြူလယာ အခေါ် "ပလဲ"အခြားမဟာမက်ဘာသာဝင် တို့အခေါ်"မစဂျစ်"ခေါ်ကြသည်။ ကြူလယာအခေါ် "ပလဲ"ကို မြန်မာတို့က၊ ပလဲ တက်သည် ပလဲဝင်သည်၊ ဟုခေါ်ကြသည်။ ၎င်းကမှ ပလီဝင်သည်၊ ၎င်းပလီမှ တရွေ့ရွေ့ "ပသီ"ဟူသောဝေါဟာရ ပြောင်းလဲလာသဖြင့်၊ မဟာမက်ဘာသာ ကုလားများကို"ပသီကုလား"ဟုခေါ်ဝေါ် ကြခြင်းဖြစ်သည်။ ၄

# နိဒါန်း။

ယခုရေးသားထားသောစာအုပ်သည်ကား၊ မဟာမက်ဘာသာဝင်၊ ပသီကုလားနှင့်၊ မြန်မာမိန်းမတို့မှ ပေါက်ဖွားကြသော "တပ်ပါး" ခေါ်သည့် "ကုလားကပြား" များအကြောင်းကို၊ ရှင်းလင်း ရေးသားထားသော စာအုပ်ဖြစ်သောကြောင့်၊ "ကပြားပြဿနာ" ဟူသော အမည်ဖြင့်ထုတ်ဝေရခြင်းဖြစ်ပေသည်။ ။

ထို ကုလား ကပြားတို့ကို "ဇေရ်ဘာဒီ" ဟူ၍ရင်း။ "မြန်မာမူစလင်" ဟူ၍ရင်း၊ ခေါ်ဝေါ်လျက် ရှိကြရာ၊ ထိုကပြားများနှင့်ပတ်သက်သော၊ အခြေအမြစ် အကြောင်းအရာ၊ အဆ္ဆ၊ ပဗ္ဗဆိ္ဆေသာ်ရင်း၊ အရပ်ရပ်သော၊ ကျောက်စာ-သမိုင်း၊ သမိုင်းရာဇဝင်တို့ဖြင့်ရင်း။ ကျနစွာ တသီးအခြား၊ ထုတ်ဖော်ရေးသားထားခြင်းမရှိချေ။ သို့ရာတွင်၊ မြန်မာ့ရာဇဝင်များနှင့်၊ အခြားသောရာဇဝင်တို့၏အထောက်အထား အကြောင်းအချက်များကို၊ ရှာဖွေစိစစ်ခြင်း အားဖြင့်သော်ရင်း။ အစိုးရထုတ်ပြန်ချက်များနှင့်၊ မှတ်တမ်း မှတ်ချက်များကိုရင်း၊ အချို့သော ပညာရှင်တို့ ရေးမှတ်ထားခဲ့ကြသည့်၊ စာပေဟောင်း ပေဟောင်းများကို အထောက်အထားပြုခြင်းအားဖြင့်ရင်း။ နိုင်ငံရေး အစည်းအဝေးကြီးများ၏ဆုံးဖြတ်ချက်များနှင့်၊ မှတ်စု မှတ်ရာတို့ကို အထောက်အထားပြုသောအားဖြင့်ရင်း၊ ကုလားကပြား ဇေရ်ဘာဒီ-မူစလင်များ၏ အကြောင်းရင်းကို၊ ကောင်းစွာ ရှင်းလင်းဝေဘန်ခြင်းပြုလိုက်ရပေသတည်း။ ။

မောင်ပုကလေး

# မာတိကာ


| | | |
|---|---|---|
| ၁ | မိတ်ဆက် ...... ...... ...... | ...... |
| ၂ | နိဒါန်း ...... ...... ...... | ...... |
| ၃ | ကုလားကပြား ဇေရ်ဘာဒီများ ...... | ၁၃ |
| ၄ | အလောင်း မင်းတရားကြီး လက်ထက်တော်၌ပသီကုလားများအသတ်ခံရခြင်း | ၂၇ |
| ၅ | ကုလားကပြား ကျွန်စစ်သား ...... | ၃၉ |
| ၆ | ကုလားကပြား ရွှေဖျင်းညီနောင် ...... | ၄၈ |
| ၇ | ကုလားပြည်သို့တိုင်းခမ်းလှည့်တော်မူကြသောမင်းတရားကြီးများ ...... | ၅၅ |
| ၈ | နာမည်ဆိုးဖြင့်ကျော်ကြားခဲ့သောဇေရ်ဘာဒီ ဦးတိုင်ဆပ် ...... ...... | ၆၁ |
| ၉ | မင်းတုံးမင်း တရားကြီးက၊ဇေရ်ဘာဒီတို့အားထောက်ပံ့တော်မူခြင်း ...... | ၆၉ |
| ၁၀ | ကုလားတို့၏ အခြေအနေ ...... | ၈၄ |
| ၁၁ | အဝတ်အစား ...... ...... | ၉၀ |
| ၁၂ | ဇေရ်ဘာဒီနှင့်နိုင်ငံရေး ...... ...... | ၁၀၈ |
| ၁၃ | ကုလားလိုလို-ဗမာလိုလို ...... | ၁၁၆ |
| ၁၄ | မြန်မာ အမျိုးသမီးများ နိုင်ငံခြားသားတို့နှင့်လက်ထပ်မှုနှင့်အပွေဆက်ခံမှု ...... | ၁၂၆ |

# ၄ ကပြား

ကပြား မဟုတ်သူ အင်မတန် ရှားသည်။ တနည်းနည်းသွေးချင်း စပ်တတ်သည်။ လူကပြားထက်- စိတ်ကပြားက ဆိုးသည်။ လူက ပြားပင်ဖြစ်သော်လည်း၊ဗမာပြည် တွင်နေ၍၊ဗမာပြည်တွင်သေမည့် သူ မှန်က၊ ဗမာစိတ် ထားထိုက် သည်။ ဗမာပြည်ပေါက် ဖြစ်လျှက် ဗမာပြည်နှင့် ခွဲခြမ်းလျှင်၊ဗမာတို့ ကို စော်ကားရာမည်သည်။ ။

မြန်မာ ပြည်တွင် နေ၍ မြန်မာ ပြည်တွင် သေမည့်သူတိုင်း၊ မြန်မာ တိုင်းရင်းသားများနှင့်တသွေး တစိတ်ထည်း ဖြစ်သင့်သည်။ ဗမာ့ လွတ်လပ်ရေး တိုက် ပွဲတွင် တ ဘက်တလမ်း အလုပ်ကိုလုပ်၍ မ ညာမဝါးတဲ့ဘယ်လိုတစည်းတည်း ကြောချင်းကပ် ရင်ချင်း ဟပ် ၍၊ ဆောင်ရွက်ထိုက်သည်။ ။

# အခန်း—၁။

## ကုလားကပြားဇာရီဘာဒီများ

ဗမာပြည်တွင်၊ဗမာလူမျိုးများနှင့် အိန္ဒိယ နိုင်ငံသား ကုလား လူမျိုးများ၊ ရောစပ် ပေါက်ပွားသော၊ ကုလားကပြားများရှိကြရာ၊ ဗမာယောကျ်ားနှင့် ကုလားမတို့မှ ပေါက်ပွားသော၊ကုလားကပြား အစားမျိုးမှာ နည်းပါး၍၊ ကုလား ယောကျ်ားများနှင့် ဗမာမိန်းမတို့မှ ပေါက်ပွားသော၊ ကုလားကပြား အစားမျိုးကသာ များပြားလေသည်။ ။ထိုကုလားကပြားများတွင်သည်း၊မဟာမေဒင် ပသီကုလားများနှင့် ဗမာမိန်းမ များမှ ပေါက်ပွားသော ကုလားကပြားတမျိုး၊ ဟိန္ဒူကုလားများနှင့် ဗမာမိန်းမများမှပေါက်ပွားသောကုလားကပြားတမျိုးဟူ၍၊ ကုလားကပြားနှစ်မျိုးရှိပါနိရာ၊ ထိုနှစ်မျိုး အနက်၊ မဟာမေဒင် ကုလားနှင့်ဗမာမိန်းမတို့မှ ပေါက်ပွားသော ကုလား ကပြားမျိုးကို ဇာရီဘာဒီ၊သို့မဟုတ် ဗမာမူစလင်(မြန်မာမူစလင်)ဟူ၍ခေါ်ကြလေသည်။ ။ဟိန္ဒူကုလားနှင့်ဗမာမိန်းမတို့မှ ပေါက်ပွားသော ကုလားကပြားကို မူကား၊ ကုလားတိမ်-ဟု ခေါ်ကြလေသည်။

၁၉၂၁ ခုနှစ်၊ဗမာပြည်အစိုးရတို့၏သန်းခေါင်စာရင်း အစီရင်ခံစာတွင်၊မဟာမေဒင်ဘာသာဝင် အိန္ဒိယကုလား လူမျိုးများနှင့်–ဗမာမိန်းမတို့မှ ပေါက်ပွားသော၊ ကုလား ကပြားကို(ဇေရ်ဘာဒီ)ခေါ်သည်။ ၎င်းဇေရ်ဘာဒီ သည် လည်း၊ မဟာမေဒင်ဇေရ်ဘာဒီ။ဗုဒ္ဓဘာသာဇေရ်ဘာဒီ။ ခရစ်ယာန်ဇေရ်ဘာဒီ-ဟူ၍ သုံးမျိုးပိုင်းခြား ဖေါ်ပြထား လေသည်။ ။၁၈၈၁-ခုနှစ် ဗမာပြည် အစိုးရတို့၏ သန်းခေါင်စာရင်းတွင်၊ဇေရ်ဘာဒီ-လူမျိုး ဟူ၍၊ သီးခြား စာရင်းကောက်ယူခြင်း မရှိသေးချေ။ ကုလား ကပြား (၁၀၀၆၂) ရှိကြောင်း မျှသာ ဖေါ်ပြ ထားလေသည်။ ၁၈၉၁ ခုနှစ် သန်းခေါင်းစာရင်းကောက်ယူသော အခါ၊ ဇေရ်ဘာဒီ–လူမျိုးအမည်နှင့် စာရင်းသီးခြား ပြုလုပ်လာ လေသည်။ထိုနှစ်သန်းခေါင်စာရင်းတွင်။ဇေရ်ဘာဒီလူမျိုး (၂၄)ထောက်မျှသာဖေါ် ပြထားလေသည်။ ထိုမျှသောက် နည်းပါးစွာဖေါ် ပြ ထားခြင်းသည်၊ ဇေရ်ဘာဒီအမည်နှင့် စာရင်း ပေးသူ နည်းပါးသောကြောင့် ဖြစ်ဟန် ရှိလေ သည်။ ။၁၉၀၁-ခု၊၁၉၁၁-ခု၊၁၉၂၁-ခုနှစ် အစိုးရ တို့၏သန်းခေါင်စာရင်းတွင်၊တနှစ်ထက် တနှစ် တိုးတက် များလာကြောင်းတွေ့ရလေသည်။ ။

**ဇေရ်ဘာဒီလူမျိုး**

၁၉၀၁-ခု၊ ...... ...... ၂၀၄၂၃။

၁၉၁၁ခု-၊ ...... ...... ၅၉၇၂၉။

၁၉၂၁ခု-။ ...... ...... ၉၄၄၃၆။

လွန်ခဲ့သောနှစ်အနည်းငယ် အတွင်းက၊ အချို့သော ဇေရ်ဘာဒီတို့သည် (မြန်မာမူစလင်) ဟူ၍၎င်း၊ (ဗိုဗမာ

မူစလင်ဟူ၍ရှင်းသုံးစွဲခေါ်ဝေါ်လာကြလေသည်။ အချို့သော ဇေရ်ဘာဒီတို့ကမူ၊ ဇေရ်ဘာဒီ-ဟူသော အမည်ခေါ်တွင်ခြင်းကိုသဘောနှစ်သက်ကြလေသည်။ ၁၉၂၇ ခုနှစ်က၊ မန္တလေးမြို့၌အာပလီမှုနှင့်ပတ်သက်၍ ဖြစ်ပွားသောကိစ္စတွင်၊ အချို့သောကပြား မူစလင်တို့က၊ (ဇေရ်ဘာဒီ ၏အာပလီ) ဟု ဆိုင်းဘုတ် ဆွဲထားသည် ကိုပင်ကန့်ကွက်က ရှုပ်ထွေးသောအရေးတခုပေါ်ပေါက်ခဲ့လေသည်။ ။မဟာမက် ဘာသာဝင် ကုလားကပြားများ အနက်၊ မြန်မာဘုရင်မင်းမြတ်တို့ လက်ထက်တော် အစဥ်အဆက်မှပေါက်ပွားလာကြသော ကပြားများနှင့်၊ ယခုနောက်ကာလမှပေါက်ပွား လာကြသော ကပြားများဟူ၍ နှစ်မျိုးနှစ်စားရှိကြရာ၊ မြန်မာဘုရင်မင်းမြတ်တို့လက်ထက်တော်အစဥ်အဆက်မှ ဆင်းသက်လာကြသော ကုလားကပြားများကမူ၊ မိမိတို့သည် မြန်မာပြည် အင်းဝ ကောင်းစားစဥ်အခါက မြန်မာပြည်သို့ ဝင်စား လာကြသော၊ (၃၇၀၀)တို့၏အဆက်အနွယ်ဖြစ်ကြောင်း ပြောဆိုလေ့ရှိကြလေသည်၊ ။ယို ၃၇၀၀ အဆက်အသွယ် များကမူ၊များသောအားဖြင့် ဇေရ်ဘာဒီ-အမည် သုံးစွဲခြင်းကို နှစ်သက်ကြလေသည်၊ ။

## အဘယ်ကြောင့်ဇေရ်ဘာဒီခေါ်သနည်း။

ဇေရ်ဘာဒီ-ဟူသောစကားသည် မြန်မာ စကား မဟုတ်၊ဖွါရစီစကားဖြစ်ကြောင်း အဆိုရှိလေသည်၊ မဇ္စတာ အဒီဘာရာဟင်-ခေါ် ဆရာကြီးဦးဗ ရေးသားသော ဇေရ်ဘာဒီ-ဝိနိစ္ဆယ မှာ အောက်ပါအတိုင်းဖြစ်လေသည်၊ ။

ဇေရ်ဘာဒီ-ဟူသော စကားသည်၊ ပါရှားပြည် နှင့် ဟိန္ဒိယရှေးအစိုးရတို့ သုံးစွဲလေ့ ရှိသောစကားဖြစ်သည်၊ ဇေရ်ဘာဒီ ဟူသောစကား၌၊ ဇေရ်-ဟူသောစကားတခု၊ အာဘာဒ်-ဟူသောစကားတခု၊ ခွဲလိုက်လျှင်၊ ဇေရ်-ဟူသောစကား၏အဓိပ္ပါယ်မှာ၊ ရွှေ-ဟူသောအဓိပ္ပါယ်ရှိ၍၊ အာဘာဒ်-ဟူသော စကား၏ အဓိပ္ပါယ် မှာ၊ မြို့-ပြည် အဓိပ္ပါယ်ရှိလေသည်၊ ဇေရ်နှင့် အာဘာဒ်-နှစ်ခု ပေါင်းလျှင်၊ ဇေရ်အာဘာဒ်-ရွှေမြို့၊ သို့မဟုတ် ရွှေပြည်-ဟူသော အဓိပ္ပါယ်ရှိသည်။ ဥပမာ၊ ဟိုက်ဒရာဘာဒ် မြို့သူ မြို့သားများကို၊ ဟိုက်ဒရာဘာဒီခေါ် ဘိသကဲ့သို့၊ ရွှေမြို့သူမြို့သား သို့မဟုတ်ရွှေပြည်သူပြည်သားများကိုလည်း၊ ဇေရ်ဘာဒီ ခေါ်ရသည်၊ အာရဗီ ဘာသာဖြင့် ရေးသား ထားသော ဖေးလ်ဘိရုနီ-၏ ရှေးဟောင်းဟိန္ဒိယရာဇဝင်၌၊ သုဝဏ္ဏဘူမိတိုင်းပြည်၊ ရွှေပြည်ဟူသော အဓိပ္ပါယ် သဘောဖြင့် အမြွက်မျှ ရေးသား ထားလေသည်၊ သုဝဏ္ဏဘူမိ တိုင်းပြည်သည်၊ ရွှေ ငွေ စသော ရတနာတို့ ပေါများသော တိုင်းပြည်ဖြစ်ကြောင်း ရှေးခေတ် အခါက၊ ကြော်ကြားခဲ့ဘူးလေသည်၊ သို့ဖြစ်၍ ရွှေပြည် အဓိပ္ပါယ်ရှိသော၊ သုဝဏ္ဏဘူမိ၌နေကြသော တိုင်းသူပြည်သားတို့အား၊ ဇေရ်ဘာဒီဟူသော စကားဖြင့်၊ ရှေးအခါကပင် သုံးစွဲ ခဲ့ဘူးကြောင်း ထင်ရှားလေသည်၊ ထို့ကြောင့် ဇေရ်ဘာဒီ ဟူသောစကားမှာ၊ အဓိပ္ပါယ်မရှိတဲ့အကြောင်းမဲ့သက်သက် ဖြစ်ပေါ်လာသော စကားမဟုတ် ဖွါရစီဘာသာ စကားမှ ဖြစ်ပေါ် လာသော စကား ဖြစ်သည်ဟု သတိ ချပ်ကြရာ၏၊ ။ဤကား ဇေရ်ဘာဒီဝိနိစ္ဆယတည်း။

အခဆိုပါကျောင်းဆရာကြီး၊ မစ္စတာ အီဘရာဟင်ရေးသားချက်များမှာ အတော်အတန်ယုတ္တိရှိလေသည်။ ဟန်းတား၏ဣန္ဒိယနိုင်ငံသားတို့၏ရာဇဝင်အကျဉ်းချုပ်၌၊(ရှေးရှေးသောကာလက၊ဂရိတ်လူမျိုးတို့သည် မြန်မာပြည်ကိုသုဝဏ္ဏဘူမိ၊အမည်ဖြင့်သိကြလေသည်။) ဟူ၍ ရေးသားပါရှိလေသည်။ ။ငင်းပြင် မြတ်စွာဘုရားရှင် ပရိနိဗ္ဗာန်စံလွန်တော်မူပြီးသည့်နောက်၊ အနှစ် (၂၃၅) နှစ်မြောက်သောအခါ၊ ယခုပတ္တနားခေါ်သော ပါတလိပုတ် ပြည်ကြီး၌ သီရိဓမ္မာသောကမင်းသည်၊ ကိုးတိုင်းကိုးဌာန သို့သာသနာပြုစေလွှတ်တော်မူရာ၌၊ သုဝဏ္ဏဘူမိ တိုင်းဟုပါရှိရာ၊ ထိုသုဝဏ္ဏဘူမိတိုင်းကို မြန်မာပြည် ဟံသာဝတီခေါ်သောပဲခူးနယ်မှစ၍၊ စင်ကာပူ တိုင်အောင်၊ ကျွန်းဆွယ်များနှင့်တကွသောဌာနကို၊သုဝဏ္ဏဘူမိ ခေါ်သည်။ သိဟိုဠ်ကျွန်း ကလည်း ဤ အတိုင်းပင် ခေါ်ကြသည် ဟူ၍ ပညာရှိကြီးတဦး ရေးသား ထားသော သာသနာဝိုဏ်းကွဲပြားခြင်း စာတမ်းတစောင်၌ ရေးသားထားလေသည်။ ။မြန်မာပြည်နှင့်ဣန္ဒိယပြည်ကြီးမှာတစတစပိုးတက် ဆက်ဆံလာကြသည့်အားလျော်စွာ၊ သုဝဏ္ဏဘူမိတိုင်းသားတို့ကိုဇေရဲဘာဒီဟုခေါ်ဝေါ်သုံးစွဲလာဘူးသည်ဟူသော အထောက်အထားများကို အကြောင်းအရင်းခံသောအားဖြင့်ငင်း၊ မြန်မာဘုရင်မင်းမြတ်တို့ လက်ထက်တော် အစဉ်အဆက်ကလည်း၊ ဘုရင်မင်းမြတ်၏ အမှုတော်ကိုထမ်းရွက်ကြသောဣန္ဒိယတိုင်းသား ကုလားအမြောက်အမြား ရှိကြသည်အားလျော်စွာ၊ ငင်းတို့သည် (ရွှေမြို့တော်သား)ဟူသောယဉ်ကျေးသည့်စကားကိုအစွဲ

ပြု၍ ဇေရိဘာဒီ ဟူသောအသုံးအနှုန်းမျိုးကိုသုံးစွဲလာကြ ခြင်းအားဖြင့်၊ ရင်းဇေရိဘာဒီဟူသောစကားတွင် ကျယ် လာဟန်လက္ခဏာရှိးလေသည်။ ။

## ၃၇၀၀—အဆက်အနွယ်များ။

မြန်မာပြည် အင်းဝ ကောင်းစားစဉ်အခါက၊ မြန်မာ ပြည်သို့လာရောက်နေထိုင်ကြသောမူစလမ်၊ မဟာမေဒင် ၃၇၀၀ တို့၏ အဆက်အနွယ် များဖြစ်ကြောင်းနှင့် ဇေရိ ဘာဒီတို့ကပြောဆိုလေ့ရှိကြကုန်သည်။ ထို ၃၇၀၀ အ ဆက်အနွယ် အကြောင်းအရာများကို သေချာစွာ စိစစ် လိုက်သောအခါ မြန်မာဘုရင်တို့၏ ဘမ်းဆီးခြင်းကိုခံကြ ရသော မဟာမေဒင် ဘာသာဝင်ကုလား၊ သုံ့ပန်းများ ဖြစ်ကြောင်းသိရှိရလေသည်။ ။

မြေဒူးမြို့ ဇေရိဘာဒီလူမျိုး ဦးရွှေတောင် ရေးသား သည့် (ရှာဂျာရတွ လ်အိမ်ကျမ်း) အမည်ရှိသော စာအုပ် ငယ်တခုတွင်ပါရှိသည်ကား။

"ဒေလီဘုရင်မင်းလက်ထက်၌ ဒိရန်တူရန်ဘုရင်မင်း တို့နှင့် ခိုက်ရန်ဖြစ်ပွါး၍၊ နယ်စွန်အရေးပိုင်ချင်း တိုက် ခိုက်ကြရာ၊ ဒေလီမင်းပိုင် မြို့နှစ်မြို့ပါသွားကြောင်း၊ ထိုအ ကြောင်းကိုသိသဖြင့်သားတော်အကြီး ဒိုမ်ရှေ့မင်းသား ကိုရန်သူတို့အားတိုက်ခိုက်ရန်စေလွှတ်လိုက်ကြောင်း။ ထို အတွင်းမှာ ဒေလီဘုရင်သည်၊ ကံတော် ကုန်လွန်ခါနီး တွင် သားတော်အငယ်ကို ခေါ်၍ သင်၏ နောင်တော်မ ရှိခိုက် ခေတ္တထီးနန်းကို အုပ်ချုပ်စောင့်ရှောက်လော့၊ သင်၏ နောင်တော်ပြန်ရောက်လာသောအခါ၊ သင်၏နောင်တော်

အားထီးနန်းအပ်၍ သင်က အိမ်ရှေ့အရာနှင့် နေရမည်။ ဟု၍အမိန့်တော်ရှိပြီးလျှင်၊ ကွယ်လွန်တော် မူလေလည်း။ ထိုအခါသားတော်အငယ်သည်၊ ထီးနန်းကို သိမ်းမိုက် ပြီးလျှင်မှူးမတ်အပေါင်းတို့ကို ရာထူးမှနုတ်ပယ်လျက်။ ၎င်း၏ ကျေးကျွန်များကိုမှူးမတ်ခန့်ထားလေသည် ထိုကဲ့ သို့ စီမံသည်ကို နောင်တော် ကြားလေလျှင်။ သူနှင့်ငါ သည် နန်းလုဘက်မဟုတ်၊ထီးနန်းမြို့ရွာသူ့လက်တွင်ပင် ရှိစေဦး၊ သင့်လျော်ရာကပင် နေဦးမည် ကြံစည်နေရာ။ ၎င်း၏ကြင်ရာတော်ဖြစ်သော ရခိုင်မင်းသမီးက မိမိ၏ ဘ ခမည်းတော်ရခိုင်ဘုရင်မင်ဂျမ်းမဿ ရှိနေကြောင်း၊ အမှာ တော်ရောက်ရှိပါသည်၊ ဓညဝတီ ရခိုင်ပြည်သို့ သွားလို ပါသည်။ အရှင်မင်းသားထည်း လိုက်ပါ ကြွရောက်တော် မူပါဟုလျှောက်ရာ။ မင်းသားလည်း သဘောကြိုက်ညီသ ဖြင့် ဓညဝတီ ရခိုင်ပြည်သို့လိုက်သွားလေ၏။ ဓညဝတီ ရခိုင်ဘုရင်လည်း ၎င်းတို့ရောက်ရှိ လာသောအခါ သား တော်ကိုရင်ခွင်ထက်၌ထားရှိပြီးလျှင် ထီးနန်းကိုအုပ်ချုပ် ရစ်ပါဟု ပြောဆိုအပ်နှင်းလျက် ကွယ်လွန်တော်မူသည်။ ဒေလီမင်းသါးသည်လည်း၁၀ နှစ်သါးအရွယ်ရှိသောက်ဖ ထေါ်ကိုရင်ခွင်ပိုက်၍ ၈ နှစ်တိုင်တိုင်ရခိုင်ပြည်ကိုအုပ်ချုပ် ၍နေလေ၏ထိုအခါဒေလီမြို့တွင် ညီတော်ကံကုန်တော်မူ ပြီဖြစ်သော ကြောင့်မင်းသားအားထီးနန်းစိုးစံရန်လာရောက် လျှောက်ထားသောအခါ ဓညဝတီနန်းကို သောက်ဖငယ် အားအပ် ၍ဒေလီသို့ ပြန်မည်ရှိရာမူလပါရင်းကျေးကျွန် တို့ကိုခေါ်တော်မူ၍၊ သိုက်လိုသူ မလိုက်လိုသူတို့ကို မေး မြန်းလျက်၊လိုက်လိုသူတို့ကိုသာ ခေါ် ပြီးလျှင်။ ဒေလီသို့

မြန်ကြွတော်မူလေသည် ရင်းနောက် ဓညဝတီ မင်းသားက၊ရခိုင်ပြည်တွင် ရှိနေကြသော ပသိကုလားလူမျိုးတို့သည်၊ ငါ၏အမှုတော်ကိုအစုအကွက်ချ၍ ထမ်းရွက်ရမည်ဟု၊ အတင်းအကြပ်စေခိုင်းသည်ကို မကြိုက်မနှစ်သက်သောကြောင့်၊ အချို့ပဲိုးဒယားသို့ဝင်စားကြသည်၊ အချို့မဏိပူရသို့ဝင်စားကြသည်။ ၃၇၀၀ ရှိသော ပသိလူမျိုးတို့သည်ကား၊ အင်းဝမင်းဆက်-စနေမင်း လက် ထက်၊ သက္ကရာဇ်(၉၇၃)ခုနှစ်တွင်မြန်မာပြည်သို့ဝင်စါးလာကြကြောင်း၊နောက်သားနောက်မြေးတို့ သိရှိကြရန်ရေးသားခဲ့သည်''ဟူ၍ရေးသားပါရှိလေသည်။ ။

**စိစစ်ဝေဖန်ချက်**

အဆိုပါစာအုပ်ငယ်တွင် (အင်းဝမင်းဆက် စနေမင်း လက်ထက် သက္ကရာဇ် ၉၇၃ ခုနှစ်) ဆိုရာ၌၊ မင်းနှင့် သက္ကရာဇ်ဆက်၍ထားသည်မှာ၊ မှားယွင်းလျက် ရှိလေသည်။ စနေမင်း လက်ထက်သည် သက္ကရာဇ် ၁၀၆၀ ပြည့်နှစ်မှ ၁၀၇၆ ခုနှစ်အထိဖြစ်လေသည်၊ သက္ကရာဇ် ၉၇၃ နှစ်သည်၊အနောက်ဘက်လွန်မင်းတရားကြီး လက်ထက်ဖြစ်လေသည်။ သို့ရာတွင် စနေမင်း လက်ထက် ၌၊ ရခိုင်ပြည် သံတွဲမြို့ကို တိုက်ခိုက် သိမ်းပိုက်၍၊ သုံ့ပန်းအဖြစ် ယူဆောင်လာသော မဟာမေဒင်- ပသိ-ကုလားများကိုရင်း၊အနောက်ဘက်လွန်မင်းတရားကြီး လက်ထက်သံလျင်မြို့ကို တိုက်ခိုက်သိမ်းပိုက်၍၊ သုံ့ပန်းအဖြစ် နှင့် ယူဆောင် လာသော မဟာမေဒင်-ပသိ-ကုလားများကိုရင်း၊မြန်မာဘုရင်မင်းမြတ်တို့က မြေရာများ ပေးကမ်း ချီးမြှင့်ထားတော်မူကြောင်းရာဇဝင်အဆိုရှိလေသည်။ ။

သံလျှင်ရာဇဝင်၌(ဇေင်ကာခေတ္တသားမျိုးသား ဘို့ကို၊ ဒီဇဲယင်းတွင်ချထားတော်မူသည်၊ဇေင်ကာ၏ လက် နက် ကိုင်လူရတို့ကို၊ကျောက်ရစ်-ပနက်ယင်းတော်မြို့များတွင် လုင်မြေနေမြေနှင့်ချထားတော်မူသည်၊ ဇေင်ကာ၏ ငယ် သားကုလားပသီတို့ကို၊မြေဒူးမှာချထားတော်မူသည်၊)ဟု အဆိုရှိလေသည်၊ ။

ဟာဇီ၏ မြန်မာရာဇဝင်၌ ( ခရစ်သက္ကရာဇ် ၁၇၀၇ ခုနှစ်တွင်၊စနေမင်း၏အရာရှိများက သံတွဲမြို့ကိုတိုက်ခိုက် အောင်မြင်၍ရခဲ့သောမဟာမေဒင်လူမျိုးများ နှင့်၊ ဒီဗရစ် တိုး ၏ မဟာမေဒင်စစ်သားများ၊ ရွှေဘိုဒိစတြိတ် မြေဒူး မြို့တွင်တချို့၊စစ်ကိုင်းဒိစတြိတ် ပင်းယနှင့်ကန်လူး တွင် တချို့၊ ရမည်းသင်း ဒိစတြိတ် ယင်းတော်တွင် တချို့၊ ကျောက်ဆည်ဒိစတြိတ် လက်ပန်တွင်တချို့၊ အသီး သီး ခွဲခြား၍ထားတော်မူကြောင်း၊၎င်းတို့ကိုဘုရင်မင်းမြတ်၏ တပ်တော်သားများအဖြစ်အမှုတော်ထမ်းစေ၍မြေရာများ ကိုချီးမြှင့်ပေးသနားတော်မူကြောင်း၊)အဆိုရှိလေသည်၊ ။

ဟာဇီ၏ ရာဇဝင်၌၊ဇေင်ကာကို ဒီဗရစ်တိုး-ဟု ဆို ခြင်း သည်၊ပေါ်တူဂီရာဇဝင်နှင့်မညီ ဖြစ်လေသည်၊ ပေါ်တူဂီ ရာဇဝင်၌ကား၊ သက္ကရာဇ် ၉၃၂ (ခရစ် သက္ကရာဇ် ၁၅၇၀)နှစ်တွင်၊ပေါ်တူဂီလူမျိုးတို့သည်၊ ဂိုဝါမြို့မှ ရခိုင် ပြည်သို့ချီတက်လုပ်ကြံရာတွင်၊ပေါ်တူဂီတို့အရေးရှုံးနိမ့် သဖြင့် ဗိုလ်မှူးဖြစ်သော ဒီဗရစ်တိုးသည်၊ရှက်ဖွယ်သော သေခြင်းဖြင့် သေသည်ဟုပါရှိလေသည်၊သံလျှင်မြို့ကိုအုပ် စိုးပြီးနောက်အနောက်ဘက်လွန်မင်းတရားကြီး၏ကွပ်မျက် ခြင်းခံရသော၊ပေါ်တူဂီ ဗိုလ်မှူး သည်၊ကား ဇွင်ကာကူ

ဖြစ်ကြောင်း ပါရှိလေသည်။ ။ထိုဇွင်ကာဂျ-ဟူသော စကားမှ ဇေင်ကာဟူသောစကားဖြစ်ဟန်ရှိသည်၊ ဒီဗရစ်တိုး-အမည်မှ ဇေင်ကာဖြစ်နိုင်ရန်ခဲယဉ်းလေသည်။ ။

သက္ကရာဇ် ၈၇၄ ခုနှစ်သံလျင်မြို့ အရေးတော်တွင်၊ ဇေင်ကာသည် စစ်သားပေါင်း ၁၅၀၀ မျှနှင့်ရခံရသည်မှာ၊လွန်စွာမှအားနည်းလျက် ရှိသည် ဖြစ်သောကြောင့်၊ စစ်ကူရနိုင်ရန်အတွက်၊ ပေါ်တူဂီဘုရင်ခံရှိသော ဂိုဝါမြို့သို့သင်းဘော ၅ စင်းကိုအမြန်စေလွှတ်လိုက်ရာ၊ သံလျင်မြို့ကျဆုံးပြီးမှ၊ ပသိကုလား စစ်သားများ ပါသော ထိုသင်းဘော ၅ စင်းဆိုက်ရောက်လာကြ၍၊မြန်မာ ရေတပ်က အတင်း ဝိုင်းဝန်း ဘမ်းဆီးကြရာ၊ သင်းဘော တစင်းလွတ်ထွက်သွား၍၊ လေးစင်း ကိုသာ မိလိုက် ကြလေသည်၊ပသိကုလားသင်းဘောသား ၃၀၀၀ ခန့်တို့ကို နေပြည်တော်သို့ခေါ်ဆောင်ပြီးလျှင်၊ ယခင်ဖေါ်ပြခဲ့သော နေရာဒေသများ၌နေထိုင်စားသောက်ကြရန် နေရာချထားပေးလေသည်။ ။ရာဇဝင်တွင်သင်းဘောသားပသိကုလား ၃၀၀၀ ခန့်ဟုဆိုသော်လည်း၊သံလျင်မြို့၌ မူလရှိနှင့်ပြီးသော ပသိကုလားတို့နှင့်ပေါင်းသော် ၃၇၀၀မျှ ရှိမည်ဟု ခန့်မှန်း နိုင်လေသည်၊ တနည်းကား၊ မူလ ဂိုဝါမြို့မှ သင်းဘော ၅ စင်းနှင့်လာကြစဉ်က၊ ပသိ ကုလားပေါင်း ၃၇၀၀ ဖြစ်သော်လည်း၊သင်းဘောတစင်းတွင် ၇၀၀မျှ ပါသွားသောကြောင့်၊၃၀၀၀မျှသာကျန်ရစ်ခဲ့ဟန်တူလေသည်။ ။ပသိကုလား သင်းဘောသား သုံ့ပန်းများက ဒိမိတို့၏ မူလသင်းဘော ၅ စင်းနှင့် လာကြစဉ်အခါက ၃၇၀၀ ဖြစ်သည်ဟူသောစကား ပြောကြားကြသည်

ကိုအစဉ်အဆက် မှတ်သားသောအားဖြင့် ၃၇၀၀ ဟူ
သောစကား တွင်ကျယ်လာဟန်တူလေသည်။ ။

ရွှေဘိုဒီစတြိတ်-မြေဒူးစသောမြို့များတွင်၊ ၃၇၀၀တို့
၏ အဆက်အနွယ် ကုလားကပြားဇောဘာရဲဒီလူမျိုးများ
ယခုတိုင် ထင်ရှားစွာ ရှိနေသေး ကြောင်း၊ ဂုဏ်ယူရေး
သားသောကုလားကပြား စာစောင်ကလေး များကိုလည်း
တွေ့ရလေသည်။ ။ ( ရှကျုရတွ လိအိမ်ကျမ်း ) ခေါ်
သောစာစောင်ငယ်ကလေး၊စာမျက်နှာနံပါတ် ၁၆၇ တွင်
အောက်တွင်ဖေါ် ပြထားသည့်အတိုင်း၊ ကျမ်းရေးသူ၏
အစည်ကို လျှို့ဝှက်စွာ ပဟေဠိလင်္ကာသံပေါက်ဖြင့် ရေး
သားထားပုံကို ထောက်ဆ သောအားဖြင့်၊ ပသိကုလား
သုံ့ပန်းများ၏အဆက်အနွယ်များဖြစ်ကြောင်းသာ၍ ထင်
ရှားလေသည်။ ။

(၁)ဤသံပေါက်ကို၊စိကုန်းဆို၊မည်ကိုသိစေရေး၊
(၂)မြန်မာနာမ တွင်တုံထ၊သိကြမည်သတ္တ။
(၃)သဝေအစ၊မကိုချ၊င လျှင်တံခွန်သာ၊
(၄)ရကောက်ဝဆွဲ၊ဟထိုးမြဲ၊မလွဲသဝေပေါ၊
(၅)သဝေအစ၊တကိုချ၊လျှင်ထံခွန်သာ၊
(၆)သေချာငွာနှ၊မြို့ရန်ခ ဖွားထမြေဒူးသာ၊
(၇)သုံးထောင့်ခုနှစ်ရာ၊ မိကာသာ၊ ဘမှာ သင်းဘော
သခင်သာ၊

(၈)သင်းဘောသခင်၊ဘလျှင်ဘေးမျိုးမစိရဲမျိုးတည်း၊

ထိုလင်္ကာများ၏ အဓိပ္ပါယ်မှာကား၊ ဤသံပေါက်ကို
ရေးသားစိကုန်းသူ၏ အမည်မှာ၊ မြန်မာလိုဦးရွှေတောင်
ခေါ်သည်၊ မြေဒူးမြို့သားဇာတိဖြစ်သည်၊ အမိမှာ ကသာ

မြို့သူဖြစ်၍ အဘမှာ သင်းဘောသား ၃၇၀၀ တို့၏အဆက်ဖြစ်သည်။ အဘ၏အမျိုးမှာ၊ မစိရိမျိုး ဖြစ်သည်။ ဟူ၍ဆိုလိုရင်းဖြစ်သည်။

ငင်းဖြင် အဆိုပါ စာစောင်ပေယ်၌၊ ဒေလီ မင်းသား၏ နောက်ပါပသီကုလား လူမျိုးတို့သည်၊ ရခိုင်ဘုရင်၏ အကြပ် အတည်း စေခိုင်းသောဇမိန့်ကို မခံလိုကြသဖြင့် ရခိုင်ပြည်မှ ပသီကုလား၃၇၀၀ တို့မြန်မာပြည်သို့ ဝင်စားလာကြကြောင်း။ ဆိုသောအကြောင်းကို မြန်မာရာဇဝင်တို့၌ အရိပ်အမြွက်မျှတွေ့ရချေ။ သို့ရာတွင် အေစိမူကာဂျီ၏ ဇူန္ဒိယရာဇဝင်ချုပ်နှင့် ဟန်းတား၏ ဇူန္ဒိယရာဇဝင်ချုပ်တို့၌ ဆိုထားပုံအမြွက်မှာကား။ မဂိုဘုရင် ရှာဂျဟန် အိန္ဒိယကျွန်းရှိရာ၊ သားတော်အငယ် ဩရင်ဇစ်မင်းသားက၊ အကောက်ကြံ၍၊ ခမည်းတော်ကိုနားမှ ချပြီး လျှင် နန်းတက်လေသည်။ ညီတော် ဩရန်ဇစ်မင်းသား နန်းတက်သည်ကိုမခံနိုင်၍၊ နောင်တော်ရှုဂျာမင်းသားက နန်းလုပွဲတိုက်ခိုက်ရာ၊ နောင်တော် ရှုဂျာ မင်းသားအရေးရှုံးနိမ့်၍ ဘင်္ဂလားပြည်မှ ရခိုင်ပြည် သို့ ဝင်စား လာကြောင်းအဆိုရှိသေသည်။ ။ဟာဗီ၏ မြန်မာရာဇဝင်၌လည်း ရှုဂျာ မင်းသားသည်။ မိမိ၏ သား မယားများနှင့်တကွ၊ နောက်လိုက်နောက်ပါ၊ အခြွေအရံ များကိုခေါ်၍၊ ပေါ်တူဂီ လူမျိုးတို့၏ သင်းဘောနှင့်၊ ရခိုင်ပြည်မြို့ဟောင်းသို့ လာကြသည်။ ငင်းမင်းသားက ရခိုင်ဘုရင်ထံတွင် မက္ကာမြို့သို့ သွားလိုကြောင်းနှင့် သင်းဘောတစင်းတောင်းသည်ကို၊ ရခိုင်ဘုရင်က ပေးပါမည်ဟု ပြောဆိုသော်လည်းမြို့ဟောင်းသို့ရောက်၍၊ ၈-လမျှကြာသည့်

တိုင်အောင်၊ ရခိုင်ဘုရင်က သင်္ဘော မပေးဘဲနေသည့်ပြင်၊ ရှုဂျာမင်းသား၏ သမီးအကြီးကို တောင်းသောကြောင့် ရှုဂျာမင်းသားက သမီးကိုမပေးသိုဘဲ၊ အခက်အခဲနှင့်တွေ့ကြုံနေသဖြင့် မိမိ၏အခြွေအရံ ၂၀၀ မျှနှင့် တိုက်ပင်ပြီးလျှင်၊ မြို့ဟောင်းတွင်ရှိခင်း မဟာမေဒင်များ၏ အကူအညီကိုယူလျက် ရခိုင်ဘုရင်ကို နန်းမှချပစ်နိုင်ရန် ကြံစည်ကြသောအခါ၊ ထိုအကြံကို ရခိုင်ဘုရင်က ကြိုတင်သိသောကြောင့်၊ မဟာမေဒင်တို့ကိုဘမ်းဆီးသဖြင့် မဟာမေဒင်အမြောက်အမြား ထွက်ပြေးကြရလေသည်၊ ရှုဂျာမင်းသားကိုမူ ဘမ်းဆီး၍သတ်ပစ်လေသည်။" ဟုဖော်ပြထားလေသည်၊

ခရစ်သက္ကရာဇ် ၁၆၆၀ ပြည့်နှစ်သည် မြန်မာပြည်တွင် ငါးထပ်ဒါယကာ မင်းတရားကြီး နန်းစံခိုက် ဖြစ်သည်၊ ဍင်းမင်းတရားကြီးနှင့် စနေမင်း အကြားတွင်၊ အင်္ဂါမင်း နရာဝရမင်း၊ ဝမ်းဘဲအင်းစံမင်းအားဖြင့် မင်းသုံးဆက်ခြားလျက် ရှိလေသည်၊ မြန်မာပြည်တွင် စနေမင်းနန်းစံခိုက်တွင်၊ ဣန္ဒိယနိုင်ငံ၌ မဂိုအင်ပါယာကြီးပျက်စီးရှုက်သွေးအရေးမလှဖြစ်နေခိုက်ပင် ဖြစ်သည်၊ စနေမင်းလက်ထက် သက္ကရာဇ် ၁၀၇၀ ပြည့်နှစ်၊ (ခရစ်သက္ကရာဇ် ၁၇၁၂ ခုနှစ်) တွင်၊ ဣန္ဒိယနိုင်ငံ၌၊ မဂိုဘုရင် ဗဟာဒူရှာမင်းကွယ်လွန်၍၊ ညီနောင်တော်တို့ နန်းလုကြသောအရေးတော်တခု ပေါ်ပေါက်လေသည်၊ ထိုအရေးတော်တွင် နောင်တော်ကအောင်နိုင်၍ ဂျဟန်ဒါရှာ အမည်နှင့် နန်းတက်လေသည်၊ သို့ရာတွင် နောင်တော်မှာ ရက်စက်ကြမ်းကြုတ်သဖြင့်၊ လ အနည်းငယ်အတွင်းမှာ၊ ဘိလာ

မြို့စား ဆဟာဗ်ဟာဆန်အလီနှင့်၊ ၎င်း၏ညီ အ်လာဟာ ဘတ်မြို့စား ဆဟာဗ်အဗ္ဗလာဘ်ိုက၊ဂျဟာန်ဒါရှာ ကိုသတ် ဖြတ်ကြပြီးလျှင်၊ကွယ်လွန်သူဗဟာဒါ့ရှာ၏ မြေးတော်ကို နန်းတင်ကြသည် ဟူသော အကြောင်းတချက်ကိုလည်း၊ အော-စီ-မူဿာဂျီ၏ ရာဇဝင်ချုပ်၌ဖော်ပြထားလေသည်။

စနေမင်းလက်ထက်တော်အခါ၊ ဇာနိုယနိုင်ငံ မဂိုအင် ပါယာကြီးပျက်စီးရှုပ်ထွေးအရေးမဖျာဖြစ်နေသောကြောင့် အချို့သော မဟာမေဒင် ပသီကုလားတို့သည်၊ မြန်မာ ပြည်သို့ လာရောက်ခိုအောင်းနေထိုင်ကြလိမ့်မည်ဟု ယူ ဆဘွယ်ရှိသော်လည်း၊(ရှာဂျူရဝ္ဗ လ်အိ ်ကျမ်း)တွင်ပါ ရှိသည့်အတိုင်းကား၊ရာဇဝင် အစောင်စောင်တို့၌အဆို မရှိချေ၊ရခိုင်ပြည်သို့ဝင်စားလာသော၊ ရှူဂျာ မင်းသား ကိုအကြောင်းပြု၍၊ဆင်တူချိုးမှား အဆင့်ဆင့်ဒဏ္ဍာရီ သ ဖွယ်မှတ်သား ရေးထားခဲ့ကြဟန်တူလေသည်။

အထက် ဖော်ပြခဲ့သော အကြောင်း အရပ်ရပ်တို့ကို ထောက်ဆသောအားဖြင့် ၎င်းတို့ ညွှန်ကြားလျက်ရှိသော ၃၇၀၀ ဆိုသည်ကား၊ ပသီကုလား သုံ့ပန်းများ ဖြစ် ကြောင်း ထင်ရှားလေသည်။

# အခန်း—၂။

## အလောင်းမင်းတရားကြီးလက်ထက်တော်၌ ပသီကုလားများအသတ်ခံရခြင်း။

သက္ကရာဇ် ၁၁၁၅-ခုနှစ်တွင်၊ အလောင်းမင်းတရားကြီးဘုရားသည်၊ ရွှေဘိုမြို့တော်မှစ၍ နိုင်ငံတော် ပတ်လည်မြို့ရွာများတွင်၊ သားထိုး နွားသတ်၊ နတ်ကိုး၊ နတ်တင်၊ ထမင်းရည် အရက် သေစာ ခေါင်ရည် ဘိန်းဘင်း စသော မကောင်းမှု အမှုအရာတို့ကို၊ မသတ်၊ မညှစ်၊ မသောက်၊မစား၊မကိုးမကွယ်စေရ၊ ဆိုင်ရာ စစ်ကြော၍ ပယ်စေရသည် မြို့ရွာတွင် သားထိုး နွားသတ်တို့ကို တွေ့လျှင်လည်း၊ဘမ်းဆီး၍ ဆုံးအောင်စီရင်ရသည်၊ထယ်ယာ ကိုင်းကျွန်း စပါးပြောင်းနှံတို့ကို၊ လုပ်ဆောင် ရုပ်သိမ်းသည့်ဘာလ၊ကြက်သေတင်၍ ရုပ်သိမ်းသည့်လယ်ယာ၊ ဝက်သေတင်၍ ရုပ်သိမ်းသည့်လယ်ယာ-ဟူ၍ မိစ္ဆာဒိဋ္ဌိ အယူဖြင့်၊ကြက်ဝက်သတ်၍၊ လယ်နတ် ရွာနတ် ပေးကြသည်များကိုသည်း၊လုံးလုံးပယ်စေ မြစ်တားတော်မူသည်၊ မြစ်ဘားတော် မူလျက် လွန်ဆန်၍ ပြုကျင့်သည် ကြားတော်မူလျှင်လည်း၊ အပြစ် အလျောက် ကွပ်ညှပ် စီရင်

တော်မူကြောင်း၊မဟာ ရာဇဝင်တော်ကြီး၌ အဆိုရှိလေသည်။

ထိုစဉ်အခါက၊ ရွှေဘိုနယ်တွင် ၃၇၀၀-အဆက်အနွယ် ပသီကုလားလူမျိုးတို့ အခြေစိုက် နေထိုင်လျက်ရှိနေကြပြီဖြစ်သောကြောင့်၊ ထိုပသီကုလားတို့သည်၊ မိမိတို့ဘာသာအယူဝါဒအလျောက်၊ ဆိတ်နွားတို့ကိုသတ်ဖြတ်စားသောက်ကြသဖြင့်၊ အလောင်းမင်းတရားကြီး၏ အမိန့်တော်ကို ကြိုးလွန်မှုနှင့်၊ မဟာမေဒင်ပသီကုလားအချို့ကို၊ကွပ်မျက်ခြင်းခံကြရဟန်ရှိလေသည်။ မဟာရာဇဝင်တော်ကြီး၌၊မြေဒူးမြို့သားပသီကုလားလူမျိုးတို့အားအမိန့်တော်မြတ်ကို ကြိုးလွန်မှုနှင့် ကွပ်မျက်တော်မူကြောင်း သီးခြားဖော် ပြခြင်းမရှိသော်သည်း၊၎င်းပသီကုလားတို့၏ အဆက်အနွယ်ဖြစ်သော၊ ဇာရိဘာဒီဘိုကမူ၊မြေဒူး မြို့နေပလီဆရာကြီးများ အသတ်ခံရကြောင်း ယုံကြည် ပြောဆိုလျက်ရှိကြလေသည်၊ ၎င်းတို့နှင့်သက်ဆိုင်ရာ စာအုပ်စာတမ်းများ၌လည်း၊ရေးသားထားကြသည်ကိုတွေ့ရလေသည်။ ။

## ဇာရိဘာဒီတို့၏စာအုပ်ငယ်များအဆို။

သက္ကရာဇ် ၁၂၄၅-ခု၊ တော်သလင်းလတွင်၊ မန္တလေးနေပြည်တော် သီပေါမင်းတရားကြီး ထံတော်သို့၊ မြေဒူးမြို့နေ ဇာရိဘာဒီလူမျိုးတို့က၊ အောက်ပါလျှောက်လွှာကိုဆက်သွင်းကြသည်ဟု မြေဒူးမြို့နေ ဦးရွှေထောင် ရေးသားသော(ရှာဂျမတွ လ်အီမ်ကျမ်း)ခေါ် စာအုပ်ငယ်တွင် ဖော်ပြထားလေသည်။ ။

"ဘုရားဘုရားပြည့်တော် မြေဒူးမြို့နေ၊ သင်းဘောပလီဝင် ဒကာကြီးငယ်တို့နှင့်၊ ပလီကျောင်းထိုင်ဆရာ (မိုဟာရစ်ဒင်)တွေဘဝါးတော်အောက် ရှိခိုးသံတော်ဦးတင်ပါသည် ဘုရား။ ။အင်းဝမင်းဆက် စနေမင်းလက်ထက်၊ မြန်မာသက္ကရာဇ် ၉၀၀-ကျော်အကုလားလူမျိုးပေါင်း ၃၇၀၀ တို့သည်၊ ကာသိရွှေဝါ၊ ကာသိရွှေဒုန်း၊ ကာသိပန်းဝါ၊ ကာသိမြတ်ကြာ၊ မင်းနာနူရပ်၊ မင်းနဝါပဟာချပ်၊ မင်းသီပဟာချပ်၊ မင်းနေမျိုးဂုန္တခုင်တို့နှင့် ဝင်စားလာရောက်ရာ၊ စားမြေ နေမြေ ပေးချ သနားတော်မူပြီးလျှင်၊ ရွှေချန်စီ ပလီလေးလုံး၊ မြေဒူးမြို့အတွင်း တည်လုပ် သနားတော် မြတ်ရခံ၍၊ ကျမ်းဂန်နှင့် အညီ၊ ကျင့်ဆောင် နေထိုင်ကြသည့်နောက်၊ ယခု ဘုရင်ခင်းမြတ် ဘေးတော် အလောင်းမင်းတရားကြီးလက်ထက်၊ ကုလား လူမျိုးတို့ကို မြင်ဘူးသည်နှင့်၊ အပါးတော်တွင် ကျွန်ုယ်ပုဏ္ဏားဂေါဝိန္ဒကိုမေးတော်မူရာ၊ ဂေါဝိန္ဒပုဏ္ဏားက-၎င်းလူတို့သည် ကြက်၊ ငှက်၊ ကျွဲ နွားတို့ကို အရှင်လတ်လတ်၊ တွန်းဖြတ် သတ်စား၊ အယုမှားသောလူမျိုးများဖြစ်ကြသောကြောင့်၊ ဟိန္ဒူစတန်၊ ဒဟင်လီ၊ ဗာရာဏသီ မြို့ချားက နှင်ထုတ် လိုက်သောသူများဖြစ်ပါကြောင်း၊ ရှိခိုးသံတော်ဦးတင်၍ ကျွန်တော်မျိုးဘေး (ဆရာကြီးမိုဟာမွတ်ရောင်ရှန်) (ဆရာကြီးမိုဟာစ်ပွန်သာ) (ဆရာကြီးရှမ္မဒါရ်) (ဆရာကြီးအွတ်သမန်)တို့ကိုအရဘောင်းတော်မူပြီးလျှင်၊အခွံသန်ဘာသာ ကိုလှုပ်၍၊ဝက်သားကိုစားရမည်၊ ရှင်ပွားဆင်းဘုတို့ကို ရှိခိုး ပူဇော်ရမည်၊ ချာစာခန့်ပွား၍ ထောင်မှာအကျဉ်းချထား ညှင်းပန်းနှိပ်စက်၊ အသက်ကိုအသေသတ်မည်၊ ထုတ်ယူ

သွားရေးရင်းဆရာကြီးလေးပါးတို့သည်၊ သုသာန်ဝမှာဝသူ သန့်စင်၍ ဒိုကအင်နဝေတ်ရွတ်ဘတ်၊ ဒိုအာခရတောင်းပြီး လျှင်၊ ဦးချစစ်ဂျတာ အတွင်းမှာအသေခံ သောကြောင့်၊ ကောင်းကင်က တိဘ်ကြီးနိမိတ်ကြီးပြသည်၊ လျှော်လှုပ် သည်၊ ဥပါပျံသည်၊ တောလဲသည်၊ နန်းတော်ကံတော် တိုင်ဘုံမိုးကြိုးပစ်သည်၊ မှောင်ကျသည်၊ နေမထွက်ကြယ် ပေါ်သည်၊ နေ့မှာညည့်အတိ ဖြစ်နေသည်၊ နေ့ညမကွဲရှိနေ သောကြောင့်၊ ဒေါ်ဗိန္ဒပုဏ္ဏားကိုထောင်မှာအကျဉ်းချထား သင့်ခသင့်ကိုချင့်ချိန်၍၊ အဆုံးစီရင်မည်၊ ကြယ်သွားနေ သွားအတိတ်ကိန်းခမ်းကို နားလည်သူပညာရှိဘို့ကိုအမိန့် တော်နှင့်ခေါ်ပြီးလျှင် မေးတော်မူရာ၊ ရင်းပညာရှိတို့က၊ လူမျိုး တရာ့တပါးတို့တွင်၊ တပါးလူမျိုးကို မပယ်သင့်၊ သူတော်စင်လေးပါးတို့ ဥကျောင်းကသွေးသည်၊ မြေတွင် စွတ်ငြိပါသောကြောင့်၊ အစားအစာပွဘ်သိပ်ရန်၊ မိုးယံ ၃ နှစ် မချိန်း မရွာရှိသည်၊ မှောင်လည်း ၇-ရက်လည် မှလင်းသည် ထင်ပါကြောင်း ရှိခိုး သံတော်ဦးတင်ကြ၍၊ သူတော်စဉ် မှန်မမှန်ကို သုသာန်ဝမှာ အစောင့်နှင့်ထား မိန့်တော်မူပြီးလျှင်၊ အစောင့်ထား ကြည့်ရှုစေရာ၊ ရင်း ဆရာကြီးလေးပါးတို့၏ အလောင်းသည်၊ မဖူးမယောင် မသိုးမပုတ်၊ ကျိုးဌက်မချဉ်းရှိ၍၊ ခုနှစ်ရက်ရသောအခါ၊ ချတောင်ပို့ လေးလုံး အထူးအဆန်း ရှိသည်ကိုရွှေနား တော်ကြားတော်မူ၍ ၊ရာဇမတ်ကာရံ ရွှေထီးလေးလက် အုပ်ထားရှိပြီးသည့်နောက်၊ မိုးယံ-၃-နှစ်မချိန်းမရွာရှိသည် နှင့်၊ မြေဒုမြို့သို့ ထွက်စံတော်မူလေ၏၊ မူးမြစ်တူးဖေါက်ရွှေ ဘိုကံတော်သို့ခေသွင်းတော်မူရာဆရာကြီးလေးပါးတို့၏၊

အဆက်အနွယ် ကိုးခါတော်မူ၍၊ ရှေးအစဉ်အလာ ဘာသာထုံးစံဘျမ်းဂန်ထွက်ရှိသည့်အတိုင်း ကျင့်ဆောင်ကိုးကွယ်၊စားသောက်နေထိုင်မြဲ၊ ညှိမ်ဝပ်စွာ နေထိုင်ကြရမည်၊ အထက်ကနည်း ရွှေချမ်းနံစီ-ပလီလေးလုံးမြေဒူးမြို့အတွင်းတည်လုပ်သနားတော်မူပါသည်၊ ၎င်းမင်းတရားကြီးလက်ထက်တော်ကစ၍၊ မြန်မာနိုင်ငံတွင်ကုလားလူမျိုးတို့ထင်ပေါ်စည်ပင်ရှိကြပါသည်၊ ၎င်းရွှေချမ်းစီဘည်လုပ်တော်မူခဲ့သည့် သဘော်ဘလီသည်၊ပတိမ်းစားအရေးတွင်၊သူ့ရန် လူဆိုးတို့ဖျက်ဆီးပျက်ပြား အမှုထမ်းဆင်းရဲသားတို့မတည်မလုပ်နိုင်၊ယခုတိုင်ပထီဝင်လူ ၁၀ ငကျော်တို့သည်၊ ဝတ်ဝါရိုဇာ၊ နံ့ဘတ်ဆောင့်ထိမ်းရန်၊ ရှိဖြစ်ပါသောကြောင့် ဘုရားကိုယ်စား တော်စား တည်လုပ်မစတော်မူပါလျှင်၊ ကမ္ဘာထက်ဆုံးတိုင်ကုသိုလ်တော်သည်၊ အခေါင်အဖူး ထူးမြတ်စွာသည့်ဆိမ်ပင် ဖြစ်ပါ၍၊ တည်လုပ်မစသနားဘော်မြတ်ခံရပါမည့်အကြောင်းကို၊ ရွှေဘဝါးတော်အောက်ရှိခိုးသံတော်ဦးတင်ပါသည်ဘုရား။ ။”

၎င်းပြင်၊ မြင်းခြံမြို့-အစိုးရကျောင်းနေ ဇေရိဘာဒီလူမျိုး မိုဟာမဒ္ဒိဒိစာ ခေါ်-ဦးမြ(၁)ရေးသား သောမြန်မာမွတ်စလင်တို့၏ အထုပ္ပတ္တိ အကျဉ်းချုပ် စာစုပ် ငယ်တွင်၊ အောက်ပါအတိုင်းရေးသားထားပြန်သည်။ ။

“မြေဒူးနယ်၌နေရာချထားနေထိုင်စေသည့် မွတ်စလင်လူမျိုးများအနက်မှ၊ (ပြိုရ်-အော-ခန်) ဆရာကြီး လေးပါးအပေါ်၌၊ ဘုရင်မင်းမြတ်အထင်အယူမှား တော်မူအောင် အချို့သော ပုဏ္ဏားတို့က၊ ဝက်ဦးနှောက် အကောက်ကြံပြီးမှန်တင်ထားသည့်အတွက်၊ ဘုရင်မင်းမြတ်က၊ ၎င်း

ဆရာကြီးလေးပါးအား၊ မိမိတို့ဘာသာတရားအရပညတ် ထားမြစ်သည့်အစားအစာများကို ကျွေး၍၊ အယူဝါဒကိုစွန့် ရမည်၊မစွန့်လျှင်အသက်ကို ရှုံးအောင်သတ်မည်ဟုခြိမ်း ပေးရာ၊ရင်းမြင့်မြတ်သည့်ဆရာကြီးလေးပါးသည်၊ (ဒင်နီ) အမျိုး၏ စီးတရေး၊ ဝံသာနု ရက္ခိတကို၊ မယိုင်းမယိုင် ကျောက်စာတိုင်အလား၊နောင်လာနောက်သားတို့ခြံဖွမ်း မှားယွင်းသိမ်ဖျင်းပေါ့လျော့ခြင်း မရှိကြစေရန်အသုံ့ဌာ အမျိုးဘာသာ၏ အတွက်မိမိတို့အသက်ကို ရက်ရက်ရော ရောနှုံးမြောတွန့်တိုမရှိ၊ပဏ္ဍိတ (ဒင်အဇ္ဇလယ်) အငှလမ်အ ယူဝါဒတည်တန့်ကြီးခိုင်မြဲမြံခြင်းဖြင့်၊ ဘုရင်မင်းမြတ်၏ အမိန့်ငြင်းပယ်မိမိတို့အသက်နှင့်သဲလှယ်လျက်၊ကွပ်မျက် သတ်ဖြတ်ခြင်းကို ရဲရင့်တည်ကြည်စွာ ခံယူကြလေ၏၊ ဤကဲ့သို့ အကြောင်းမဲ့-ပုဏ္ဏားတို့၏ စကားကို ယုံမှား တော်မူ၍မြင့်မြတ်သည့်ဆရာကြီးလေးပါးအား သတ်ဖြတ် ပြီးသည်နှင့် တပြိုင်နက်၊ နေ့ကြောင်တောင်၌ မှောင်ကြီး အတိကျခြင်း၊ ငလျင်လှုပ်ခြင်း၊ လေပြင်းမုန်တိုင်း ကျ ခြင်း၊ စသဖြင့်မြို့သူမြို့သားတို့စိတ်နှလုံး တုံလှုပ်ကြောက် မက်ဘွယ်ရာ၊ ဟိတ်ကြီးနိမိတ်ကြီးများကို ထင်ရှားပြသ ရာ၊ဘုရင်မင်းမြတ်က ပညာရှိအမတ်တို့အား အကြောင်း မေးမြန်းရ၍၊လူသူတော်ကောင်းများအား၊အပြစ်မဲ့ ကွပ် မျက် သတ်ဖြတ်သည့်အတွက်၊ ဖြစ်ရှိကြောင်းနှင့် တင် လျှောက်သဖြင့်၊ ဘုရင်မင်းမြတ် နှလုံးမသာယာ ဖြစ်ရှိ တော်မူ၍၊ ငါသည် ပြည်သူသတ္တဝါတို့အား၊ ရင်ငယ် သားနှင့်မခြား၊မြဲဟူပိုရ်ရတရားပွားများပလျက်၊ ပုဏ္ဏား တို့ ဝက်နှတ်တင်လျှောက်ချက်အတွက်၊ ဆူထင်းတော်များ

မတရားပြုတော်မူမိသည်-ဟု သတိသံဝေဂ ဖြစ်တော်မူလျက်၊ ပွတ်စလင် ကျွန်တော်မျိုးတို့အား၊ မိမိတို့မှားယွင်းတော်မူချက်အတွက် စိတ်သက် မသာမယာမရှိကြစေရန် အလို့ငှါ၊ပန်ထွာ ဝန်ချတောင်းပန်တော်မူသော မနုသီတာရဖြင့်၊ ၎င်းဆရာကြီးတို့လေးပါးကို ရည်ရွယ်လျက်၊ ဘုရင်မင်းမြတ် ငွေတော်ဖြင့်၊ မှန်စီ ရွှေချ၊ အထိကရ (မဇဂျစ်)ပလီကြီးလေးချက်ကို တည်ဆောက် ပေးတော်မူခဲ့သဖြင့်၊ ၎င်းပလီဟောင်းကြီးများသည်၊ အထက်မြန်မာပြည်၊ရွှေဘိုခရိုင်စကြိုတ်၊ မြေဒူးမြို့နယ်၊ ယခုတိုင် ထင်လျှားကြွင်းကျန်ရှိပေသည်။ဘုရင်မင်းမြတ်လည်း ဖြောင့်မတ်သော စိတ်ထား ရှိတော်မူရင်း ဖြစ်သည့်အတိုင်း၊ မဟုတ်မလျှား တင်ထားသောပုဏ္ဏားတို့အား၊ ရာဇဝန်တော်ပွား၍၊ကြီးလေးသည့်အပြစ်ဒဏ်များ ချပေးတော်မူလေ၏၊ ၊ထိုမြင့်မြတ်သည့်ဆရာကြီးလေးပါးမှာလည်း၊ (ရှဟီဒီ-၏-ဒရဂျာ)အမျိုးဘာသာအတွက်၊ အသက်ကို အသေခံကြသူများဖြစ်သည့်အတိုင်း၊ယခင်ပေါ်ပြသကဲ့သို့၊နေ့ကြောင်တောင်-မွှောင်အတိ ကျရှိနေမှု၊ ဘုရင်မင်းမြတ် နောင်တ,တရားဖြစ်ပွား၍၊ လင်းဝင်းသည်နှင့် တပြိုင်နက်၊၎င်းတို့ဦးခေါင်း ကျရှိသည်ဆုံးသော နေရာအသီးသီးတို့၌၊အံ့ဘွယ်သရဲ-ထူးကဲသော တောင်ပို့ကြီးလေးချ၊ရုတ်ခြင်း မြေနပေါ်ထွက်ထင်လျှား(ကဘရ်)သင်းချိုင်းများအလားဖြင့်၊၎င်းတို့ရုပ်အလောင်းများကို၊ ကွယ်ဝှက်မြှုပ်နှံပြီးလျှက်အဖြစ်ဖြင့် တွေ့မြင်ကြရသည်ဟူ၏၊ ၊ ထိုဆရာကြီးလေးပါး၏ အဋ္ဌုပ္ပတ္တိ အကြောင်းခံချားကို၊ မြန်မာပြည်အထက်ပိုင်းရှိ ပွတ်စလင်လူမျိုး အားလုံးနှင့်

အထူးသဖြင့် ရွှေဘိုးမြောက်လက်၌၊ယခုထက် ထိတည်ရှိသော ပွတ်စသင်ကျေးရွာပေါင်း ၃၀ ကျော် ား၊ ထိုဆရာကြီးများ၏ အဆက်အနွယ်ပွတ်စသင် အမျိုးအပေါင်းတို့ကကောင်းစွ သိရှိကြသဖြင့်၊ထိုဆရာကြီးတို့အား(ဝလီ) သူတော်စင်များဟူ၍ မှတ်ယူကြည်ညို ပြောဆို တန်းဘအစဉ်အမြဲချီ ပွမ်းလျက်၊ ဒိန္နာပြုပို့ရှိနေကြပေ၏၊ ထိုဆရာကြီးလေးပါးကိုမှားယွင်းမိသည့် ခေတ်သမယကစ၍၊ မြန်မာမင်းအစဉ်အဆက်တို့သည်၊ ပွတ်စသင်လူမျိုးတို့၏ အယူဝါဒဘာသာရေးချား၌၊ ဆိုးတားကန့်ကွက် နှောက်ယှက်ခြင်းအလျှင်း မရှိ၊လွတ်လပ် ညိမ်းချမ်းစွာနေထိုင်ခဲ့ကြရပေ၏၊"

## စီစစ်ဝေဘန်ချက်

အထက်ပါ (ရှာချုခတ္တလိအိမ်ကျမ်း ခေါ် စာစောင်ငယ်၌ဖော်ပြထားသောသက္ကရာဇ် (၉၀၀)ကျော်သိုရာ၌ မည်ကဲ့သို့ မှားယွင်းနေကြောင်းများကို၊ အခန်း-၁-တွင် ဖော်ပြထားလေသည်၊ "ယခုဘုရင်မင်းမြတ် ဘေးတော် အလောင်း မင်းတရားကြီးလက်ထက်၊ ကုလားလူမျိုးတို့ကိုမမြင်ဘူးသည်နှင့် အပါးတော်တွင် ကျွန်ယုံဖုဏ္ဏား ဝေဒိန္ဒကို မေးတော်မူရ" ဟူ၍ရေးသား ထားခြင်းမှာ ယဉ်ဘွယ်မတန်ကြီးဖန်ရေးသားခြင်းဖြစ်သေသည်၊ အလောင်းမင်းတရားကြီး လက်ထက်တော်၌၊ နေပြည်တော်တွင်ရှိရင်းစွဲဖြစ်သော ကုလား လူမျိုးတို့အား တရားသဖြင့်နေထိုင်စားသောက်ခွင့် ပေးသနားတော်မူသည့်ပြင်၊ သံလျင်တိုက်ပွဲကို အောင်မြင်တော်မူသောအခါ၌လည်း၊ ကုလားသံ့ပန်း အမြောက် အမြားကို၊ ကိုယ်ရံတော် သေနပ်ရဲ့

စည်းဈေးကြိ၊အမှုတော် ထမ်းရွက် စေကြောင်း မှာလည်း
ရေးဇဝင်အထင်အရှားရှိလေသည်၊ အလောင်းမင်းတရား
ကြီးသည်၊ သက္ကရာဇ်-၁၁၁၈-ခု နှစ်တွင် ဟံသာဝတီ
သို့ချီတက် တိုက်ခိုက်တော်မူရာ၊ သံလျှင်မြို့ကိုအောင်နိုင်
တော်မူသောအခါ၊ ရဲမက်တော်တို့သည်၊ သံလျှင်မြို့တွင်း
ရှိ သူဌေး၊ သူကြွယ်၊ ကုန်သည်၊ တလိုင်း၊ ကုလား
ယောက်ျား မိန်းမတို့ကို၊ သုံ့ပန်း လက်ရ ဘမ်းယူကြရ
သည်၊သံလျှင်ကုလားသင်းဘောသား ခလာသီ၊အင်္ဂလိပ်၊
ဘုရင်ဂျမ် သေနပ်လုပ်တတ်သူ၊ရွှေဇာငွေဇာ ယက်တတ်
သူ၊ ဆေးရေး၊ပန်းပု ပန်းပွတ်းပန်းဘဲ ဗိသုကာ၊သင်္ဘော
သူကြီး၊ကလယ်ကုလားရုံနှင့် ဘင်္ဂလားပြည်က ခန့်ထား
သူကုမ္ပဏီနှင့် ကုလားပေါင်း တထောင်ကျော်ရတော်မူ
သည်၊အလောင်းမင်းတရားကြီးသည်၊ သံလျှင်မှရန်ကုန်
ဘက်သို့ကူးလာတော်မူပြီးလျှင်၊ ရွှေဘဝါးအောက်ပါမှုသ
ရှိရင်းကုလားစု၊သံလျှင်-ခန်ကုန်ရှိကုလားစု၊ ငသိ-ဘုရင်
ဂျမ်-ကလယ်တို့ကို ရွေးချယ် စိစစ်တော်မူ၍၊ ရသမျှလှ
ငါးရာ ငါးဆယ်ကို "နေ့သစ်" "သောတဘ်" "အမ္ဗဒါ
ဒါဝတ်" ပိယာသမာဓက်" "ပေါရား" "အန်တော်နီ" "င
သိုက်"တို့ကို သေနတ်ကြီးခန့်၍ ဝါခေါင်လဆန်း-၃
ရက်နေ့ ကိုယ်ရံတော် သေနတ်ရ ဖွဲ့တော်မူသည်၊ ၊
ရင်းပြင် တလိုင်းမင်းညီ၊ဗညားဒလ သံလျှင်မြို့မှာနေ့စဉ်၊
လက်ဆောင်တော်ပဏ္ဏာဖြင့် ဘင်္ဂလားပြည်သို့စေလွှတ်၍၊
စစ်ကူတောင်းလေသောကြောင့်၊တိုက်သင်္ဘောသုံးပင်တိုင်
၃-စင်း၊ လက်နက်ကရိယာ အပြည့်အစုံတင်၍သာရာ၊
သံလျှင်မြို့ပျက်ကြောင်း ကြားသဖြင့်၊ မှင်းရှိုင် အရပ်တွင်

နေသည့်၊ မာလိန်တို့ကိုသတ္တန်နှင့် ခေါ်စေပြီးလျှင် သင်္ဘော ၃ စင်းနှင့်၊ သင်္ဘောသားကုလား ၃၀၀ တို့ကိုလည်း သိမ်းပိုက်တော်မူသည် ဟူ၍ မဟာရာဇဝင်တော်ကြီး၌ အထင်အရှား ပါရှိသေးသည်။ ။အလောင်းမင်းတရားကြီးသည်၊ ဟံသာဝတီသို့ ချီတော်မူရာ၌၊ နေပြည်တော်မှ ကုလားအမှုတော်ထမ်းများ ပါခဲ့ခြင်း၊ ရန်ကုန်တွင်လည်း၊ အပွဲဒူဗြဲ ဝတ်၊ ပိုယာမာမက်-စသော ပသီကုလားတို့အား သေနတ်ဂုရ အမှုတော်ကိုထမ်းရွက်စေခြင်းများ ရာဇဝင်အထင်အရှားရှိပါလျက်၊ "အလောင်းမင်းတရားကြီးသည် ကုလားလူမျိုးဘို့ကို မမြင်ဘူးသည်နှင့်" ဟု ဆိုခြင်းသည်၊ ရာဇဝင် ဗဟုသုတ နည်းပါး၍ အမှားမှား အယွင်းယွင်း ဆိုခြင်းမျှသာဖြစ်ပေသည်။ ။

၎င်းပြင် "ကုလားဆရာကြီးလေးပါးကို အရေးတော်မူပြီးလျှင်၊ အစ္စလန်ဘာသာကို ကွယ်၍၊ ဝက်သားကို စားရမည်၊ ရှင်ပွားဆင်းတုကို ရှိခိုးပူဇော်ရမည်" ဟူ၍ အတင်းအကြပ် စေခိုင်းလေဟန် ရေးသားခြင်းမှာလည်း၊ တမင်လည်ဆယ် မဖွယ်ရော ရေးသားခြင်းမျှသာ ဖြစ်သည်ဟု ဆိုချပေသည်။ ။အလောင်း မင်းတရားကြီး၏ အထက်အသက်သော မြန်မာဘုရင်မင်းမြတ်တို့သည်၎င်း၊ အလောင်းမင်းတရားကြီး၏ အောက်အောက်သော မြန်မာဘုရင်မင်းမြတ်တို့သည်၎င်း၊ တပါးသောဘာသာသက်ဝင်ယုံကြည်နေသောလူမျိုးတို့အား၊ ဗုဒ္ဓဘာသာကို သက်ဝင်ယုံကြည်ရန်အတွက်၊ အတင်း အဓမ္မ စေခိုင်း ကွင်မျက်ခြင်း မရှိဘူးချေ။ ။ကျွန်ုပ်ယုံတော်ပုဏ္ဏားကားနောလိုရ်ုး ချေသဖြင့်၊ အလောင်းမင်းတရားကြီးက၊ ပလီဆရာကြီး

၄-ဦးကို သတ်ဖြတ်ဖြစ်သည့်အနေဖြင့် ရေးသားထားခြင်းမှာလည်း ယုတ္တိမရှိ ထင်မိသင်ရာရေးသားခြင်းမျှသာဖြစ်သည်ဟု ဆိုရပေမည်။ ထိုပလီဆရာကြီး ၄-ဦး အသတ်ခံရသည်ဆိုသောအချက်၌ အကြောင်း ယုတ္တိကိုရှာသော်၊ အလောင်း မင်းတရားကြီးသည်၊ ကျွဲ-နွား စသော တိရိစ္ဆာန်တို့ကို မသတ်မဖြတ်ရန်၊ ကြပ်တည်းစွာ အမိန့်ထုတ်ထားရာ၊ ပလီဆရာကြီးတို့သည်၊ မိမိတို့ဘာသာထုံးစံအရ၊ ကျွဲ-နွား တို့ကိုသတ်ဖြတ်ကြခြင်းဖြစ်ကြသောကြောင့်၊ အမိန့်တော်ကို ဖီဆန်သည့်အတွက်၊ ပလီဆရာကြီး ၄-ဦးတို့ အကွပ်မျက်ခံရခြင်းဖြစ်ဟန် ရှိလေသည်။ မဟာရာဇဝင်တော်ကြီး၌လည်း၊ ထိုအမိန့်တော်ကို ကျူးလွန်သူတို့အား၊ ကွပ်မျက်စီရင်တော်မူကြောင်းအဆိုရှိလေသည်။ ။ဤအကြောင်းသည်သာလျှင် အနီးစပ်ဆုံးသောအကြောင်း၊ ယုတ္တိအရှိဆုံးသောအကြောင်း ဖြစ်လေသည်။

၎င်းပြင်၊ "ထိုဆရာကြီး ၄-ဦး အသတ်ခံရသည့် အတွက်၊ ကောင်းကင်က တိတ်ကြီး-နိမိတ်ကြီး ပြသည်။ ငလျှင်လှုပ်သည်၊ ဥက္ကာပျံသည်၊ တောင်လဲသည်၊ နန်းတော်ကံတော့တိုင်ကို မိုးကြိုးပြစ်သည်။ မှောင်ကျသည်၊ နေမထွက် ကြယ်ပေါ်သည်။ နေ့မှ-ည၊ အတိ ဖြစ်သည်။ နေ့ ည မကွဲရှိသည်" စသဖြင့် ရေးသား ထားခြင်းမှာလည်း၊ အစွဲသန် ဘာသာဝင် ပသီကုလားများနှင့်၊ နောင်လာနောက်သား ဇေရဲဘာဒီများ၊ ဘာသာရေးအတွက် အထင်ကြီးချက်ကြီးတခုရှိအောင် တမင်ကြံဆောင် ရေးသားထားဟန်ရှိလေသည်။ ။၎င်းပြင်၊ အထက်ဖော်ပြပါ၊ (မြန်မာမွတ်စလင်တို့၏ အဖွံ့ဖြိုးအကျဉ်းချုပ်) စာအုပ်

ငယ်၍။ "ပုဏ္ဏားတို့ ဝက်ဒ္ဒ တင်လျှောက်ချက်အတွက်။ အထင်မှား မတရားပြုတော်မူမိသည် ဟု သတိသံဝေဂ ဖြစ်တော်မူလျက်၊ ပွတ်စလင် ကျွန်တော်မျိုးတို့အား မိမိ မှားယွင်းတော်မူချက်အတွက်၊ စိတ်ထဲ မသာ မယာ မရှိကြစေရန်အလို့ငှါ၊ ပန်ထွာဝန်ချ၊ တောင်းပန်တော် မူသော မဟာသီကာရဖြင့်" စသဖြင့်၊အလောင်းမင်းတရား ကြီး၏ဂုဏ်များကိုပင်ထိပါးလျက်။မမှန်မကန် ပိုမိုချဲ့ထွင် ရေးသားထားပြန်လေသည်။ အချုပ်အားဖြင့် ဆိုရသော် ထိုရေးသားထားချက်တို့မှာ၊ ရာဇဝင် အမှတ် အသား အထောက်အထားလည်း မရှိ၊ အကြောင်း ယုတ္တိလည်း ကင်းဝေး၊ စိတ်ထင်တိုင်း ရေးသား ထားသော အချက် မျှသာဖြစ်ကြောင်း မှတ်ယူအပ်ပေသည်။ ။

# အခန်း—၃။

## ကုလားကပြား ကျွန်စစ်သား

ဗမာလူမျိုး ယောက်ျားနှင့်၊ ဣန္ဒိယနိုင်ငံသူကုလားမ တို့မှပေါက်ပွားသော ကုလားကပြားတမျိုး ရှိဖြစ်ရာ၊ ထို ကပြားမျိုးကို "ဇေရိဘာဒီ" ခေါ်နိုင်မခေါ်နိုင် စဉ်းစား ဘွယ်ရှိလေသည်၊ ဥပမာ၊ ရာဇဝင်တွင် ထင်ရှားကျော် စောသော"ကျွန်စစ်သား"မင်း၏ မယ်တော်မှာ၊ ဣန္ဒိယ နိုင်ငံသူ ကုလားမင်းသမီးဖြစ်၍၊ဘခမည်းတော်မှာ အနော် ရထာမင်းစော ဖြစ်လေသည်။ ။ကျွန်စစ်သားမင်းသည် ကုလားကပြားတမျိုးပင် ဖြစ်သော်လည်း၊ ဗုဒ္ဓဘာသာ ဖြစ်ခဲ့သောကြောင့်"ဇေရိဘာဒီ"ဟု ခေါ်နိုင်မည်မဟုတ်ချေ။ သို့ရာတွင်၊ ဗမာပြည်အစိုးရတို့၏ သန်းခေါင်စာရင်းအစီ ရင်ခံစာတွင်၊ ဗုဒ္ဓဘာသာဇေရိဘာဒီရှိကြောင်းဖေါ်ပြထား လေသည်။

ပဉ္စကလျာဏီမင်းသမီးကိုဆက်သလိုက်သော "ဝေသာ လီပြည်" ဆိုရာ၌၊ မှန်နန်း ရာဇဝင်တော်ကြီး ပထမတွဲ စာမျက်နှာ ၂၃၄ တွင်၊ မဇ္ဈိမတိုင်းအဝင်အပါဝေသာလီ ပြည်ဖြစ်ကြောင်း အဆိုရှိသည်၊ ထိုအတူ သုသောဓိတ

မဟာ ရာဇဝင်နှင့်၊ မြန်မာရာဇဝင် သံခိပ်တို့၌လည်း၊ မဇ္ဈိမတိုက် အဝင်အပါ ဖြစ်ကြောင်း အဆိုရှိလေသည်၊ ဖယ်ယာ၏ မြန်မာရာဇဝင် စာမျက်နှာ ၂၂ တွင်အိန္ဒိယ နိုင်ငံ၌ယခုထင်ရှားရှိသောပတ္တနားမြို့ အရှေ့မြောက်ဘက် ရှိ "ဘာဆာရှာ" ဌာနဖြစ်ကြောင်း အဆို ရှိလေသည်၊ ဟာဗီ၏မြန်မာရာဇဝင်စာမျက်နှာ ၃၁၆-၌၊အာသန်ပြည် ကို ဝေသာလီပြည် ခေါ်ကြသည် ဟု အဆိုရှိလေသည်၊ မစ္စတာကောက်၏ မြန်မာရာဇဝင်ချုပ်၌၊ ရခိုင်ပြည်ဝေသာ လီမြို့ဖြစ်ကြောင်းအဆိုရှိလေသည်၊

ပဉ္စကလျာဏီ မင်းသမီးကို ယူဆောင်လာသော "ဝေသာလီ" သည်၊ရခိုင်ပြည်မှဝေသာလီဟုတ်မဟုတ်ကိုစိစစ်ရန် လိုလေသည်၊ ရာဇဝင်ညွှန်း စာမျက်နှာ ၅၅-တွင်၊ ကဿပနဒီမြစ်အရှေ့ဘက်ဝုံးဆယ့်တိုးမြို့အနက်၊ဝေသာလီမြို့တမြို့ပါဝင်ကြောင်း အဆိုရှိလေသည်၊ သုတေသနဂျာနယ်အတွဲနံပါတ် ၁၅ ပထမပိုင်းစာမျက်နှာ ၃၄-၃၅ ၃၆-၃၇-တို့၌၊ရခိုင်ပြည်သရက်မြို့ဟောင်း(မြောက်ဦးမြို့)မှ မြောက်မိုင် ဝေးသောချောင်းကမ်းပါးတွင်၊ ဝေသာလီမြို့ဟောင်း အဆောက်အဦးများကို တွေ့ရသည်၊ ဘင်္ဂလားအော်၏ အတွင်းဘက်သို့ မိုင် ၅၀-မျှ ဝေးသည်၊အဆောက် အဦးပျက်ကို တူးဖေါ်ရာတွင်၊ အချို့စာများမှာ နာဂရီဘာသာစာများဖြစ်ကြောင်းတွေ့ရသည်၊ထိုဝေသာလီမြို့သုံးဒင်္ဂါးများမှာလည်း အချို့မှာ၊ ဟိန္ဒူသုံးဒင်္ဂါးများဖြစ်၍၊ အချို့မှာလည်း မဟာမေဒင်သုံးဒင်္ဂါး ဖြစ်ကြောင်း တွေ့ရသည်၊ ခရစ်သက္ကရာဇ် ၇၈၈-ခု၊နှစ်က၊ ချန်ဒရတ်မင်းဆက်ပေါ်ပေါက်လာပြီးသျှင်၊ ဝေသာလီမြို့

ကို တည်ထောင်သည်။ ခရစ်သက္ကရာဇ် ၉၅၄-ခု၊ နှစ်တွင် မောင်ဂိုးလူမျိုးတို့ ဝင်ရောက်လာ၍ မင်းဆက်ပြတ်သွားသည်ဟု အဆိုရှိလေသည်။

ခရစ်သက္ကရာဇ် ၉၅၄-ခုနှစ်သည်၊ ပုဂံပြည်တောင်သူကြီးမင်း နန်းစံခိုက်ဖြစ်သည်။ ဝေသာလီမြို့သည်ဘီလူးတို့ဖျက်ဆီး၍၊ ဓညဝတီမြို့ကို မဟာရာဇမင်း အစတည်ထောင် မင်းပြုသည်၊ ဘီလူး ဆေဒ္ဒနှင့်၊ ရေကွ္ဂိုင်တို့ ညီအစ်ကို တရာကို သတ်ဖြတ်၍ မင်းပြု သောကြောင့်လည်း၊ ရက္ခိုင်ပြည်တွင်သည်ဟု ရာဇဝင်ညွှန့်၌အဆိုရှိသည်နှင့်အညီ၊ အနော်ရထာမင်းစောလက်ထက်သို့ ရောက်ရှိသောအခါ၊ ဝေသာလီမြို့အမည်မှာ တိမ်ကော ပပျောက်၍၊ ဓညဝတီရခိုင်ပြည် တွင်လျက်ရှိလေပြီး ပဉ္စကလျာဏီမင်းသမီးကိုးဝေသာလီပြည်မှ ယူဆောင်သာရော၊ ဓညဝတီရခိုင်ပြည်သို့ရောက်ရှိမှ၊ အနော်ရထာ မင်းစောထံ အလျောက်အထားစေလွှတ်ကြောင်း၊ မှန်နန်းရာဇဝင်တော်ကြီး၌ အဆိုရှိသဖြင့်၊ ပဉ္စကလျာဏီမင်းသမီး ယူဆောင်လာသော ဝေလာလီသည်၊ ရခိုင်ပြည် ဝေသာလီမဟုတ် မဇ္ဈိမဒေသဝေသာလီ ဖြစ်ကြောင်းထင်ရှားလေသည်။ ။

## ရေမန်ကိုကုလားဟုယူဆခြင်း

သက္ကရာဇ် ၄၂၁-ခုနှစ်၊ အနော်ရထာ မင်းစော၏ သားတော်"စောလူး"မင်း နန်းတက်တော်မူသည်၊ ထိုမင်း လက်ထက်၊ ပဲခူးဘုရင်ခံဖြစ်သော "ရေမန်"သည်၊ မြန်မာလော-ကုလားလော-ဟု စစ်ကြောစရာရှိလေသည်၊ မြန်မာရာဇဝင်များတွင်"ရေမန်"ဟူ၍၎င်း၊ "ရေမန်ကာန်း"ဟူ၍၎င်း ရေးသားကြလေသည်၊ ဟာဗဒ်ရေးသော မြန်မာရာဇ

ဝင်၌ကား "ငရမန်ကာန်း"သည် မြန်မာမဟုတ်၊ ကုလား လူမျိုး "ရာမန်ခံ"၏ အမည်ဖြစ်တန်ရာ၏ ဟု ရေးသား ထားလေသည်။ ။စဥ်းစားဘွယ်ရှိသည်ကား "ငရမန် ကာန်း"ဟူသောအမည်၌၊(င) အက္ခရာ ထည့်ထားခြင်း သည်၊"ဘိုင်ဆပ်"ဟူသောအမည်၌၊(င)အက္ခရာထည့်၍ "ငတိုင်ဆပ်" ဟူ၍ ရေးသား ခေါ်ဝေါ်ကြဘိ သကဲ့သို့ ဖြစ်ပေသည်၊ "ကာန်း"ထည့်ထားခြင်းမှာလည်း၊ မျက်စိ တဖက်ကာန်းနေသည်ကိုအကြောင်းပြုလျက်၊ ထည့်သွင်း ရေးသားခေါ်ဝေါ်ကြခြင်းပင် ဖြစ်ပေလိမ့်မည်၊ သို့ဖြစ်၍ အလယ်၌ ကျန်ရှိသည့်"ရမန်"ဟူသောအမည်မှာ၊ ပသီ ကုလားလူမျိုးတို့ မှည့်ခေါ်လေ့ရှိသော "ရာမန်"အမည် မျိုးဖြစ်တန်ရာသည်၊ ဟာဗေ၏ရာဇဝင်၌ "ရာမန်ခံ"ဖြစ် တန်ရာ၏ဟူ၍ယူဆချက်မှာလည်းယုတ္တိရှိသောယူဆချက် ပင်ဟု ဆိုဘွယ်ရှိလေသည်။ ။

တကြောင်း မှာလည်း၊ အနော်ရထာ မင်းစော၏ လက်ထက်တော်တွင်၊အိန္ဒိယနိုင်ငံမှ ကုလားမင်းသွေးများ အဆက်အသ ရောက်ရှိပြီးလျှင်၊ နန်းတွင်းဖွား ကုလား ကပြားတို့၏ အခြေစိုက်လျက် ရှိနေကြသည် ဖြစ်သော ကြောင့်၊"ငရမန်"၏အမိသည်၊စောလူးမင်း၏ နို့ထိမ်းဖြစ် ရာ၊နို့ထိမ်းအာဂါနှင့်ပြည့်စုံသော နန်းတွင်းသူ ကုလားမ ဖြစ်ဟန်ရှိလေသည်၊ ထို့ကြောင့် စောလူးမင်း နန်းတက် တော်မူသောအခါ၊ နို့စို့ဘက် ချစ်မြတ်နိုးတော်မူကြသ ဖြင့်၊ "ငရမန်"အား၊ ဗဲခူးမြို့ကို ပေးတော်မူသည်၊ (ဗဲခူး ဘုရင်ခံပင်တည်း)၊ငရမန်သည်၊ ငယ်စဥ်ကပင် မျက်စိ တဖက်ပျက်ခဲ့လေသည်၊

တရံရောအခါ၊ စောလူးမင်းသည်“ရေမန်” နှင့်တွေ့ခံကစားကြရာ၊ ရေမန်ကနိုင်သဖြင့် ထ၍ ကြိမ်းဝါးကာ၊ လက်ပန်းပေါက်ခတ်လေ၏။ စောလူးမင်းသည်း အရှက်အမျက်ထွက်ပြီးလျှင်၊ “အံတဝွဲနိုင်ရုံနှင့် နင်တွေ့လွန်းသည်၊ နင်ယောကျ်ားစွမ်းရှိလျှင်ပဲခူးကနေ၍ဝုန်စားလေလော့” ဟု အမိန့်ရှိရာ၊ ရေမန်က“အကယ်ပင်လော”ဟု ထပ်၍ မေးလေ၏။ စောလူးမင်းက“မင်းတို့မည်သည်မှာ၊ မဟုတ်သောအရာကိုမဆို” ဟု မိန့်တော်မူသည်တွင်၊ ရေမန်လည်း အကြံရှိရင်းဖြစ်သည်နှင့်၊ ပဲခူးသို့ ပြန်ပြီးလျှင်၊ ရဲမက်ဗိုလ်ပါ ရဆောင်း၍၊ ဆင်လုံး မြင်းရင်း ကြည်းအား ရေအားနှင့် ပုဂံသို့ ချီတက်လာခဲ့လေ၏။ ပုဂံသို့ မရောက်ခင်၊ ပြည်တော်သာ ကျွန်းတွင် တပ်ချ၍ နေလေ၏။ စောလူးမင်းလည်း ရေမန် ချီတက်လာကြောင်း ကြားရာ၊ ရဲမက်ဗိုလ်ပါ၊ ဆင်လုံး၊မြင်းရင်းနှင့် ကျန်စစ်သားကို ရှေးဦးစွာ ချီတက် စေပြီးလျှင်၊ စောလူးမင်းသည်ကား နောက်တပ်ပြုကာ ချီတက်လေ၏။ ရေမန်က၊ ကျန်စစ်သားသည်၊ စစ်ရေးစစ်ရာ၊ လွန်စွာကျွမ်းကျင်လှ၏။ အကောက်ဥာဏ်နှင့်စီမံမှသာ မြန်စွာအောင်မြင်ပေမည်၊ ဟုကြံစီပြီးလျှင်၊ ရွှံ့ညွန်များသော အရပ်တွင်၊ နှီးကိုဆင်ရုပ်ရက်၍ ပေါင်းဝင်းတင်ပြီးလျှင် အထက်ကလူ ရုပ်ကိုလည်း ဒိုင်းလွှားကိုင်ဟန်နှင့် စီရင်၍ထားလေ၏။ စောလူးမင်းနှင့် ကျန်စစ်သားတို့ ပြည်တော်သာကျွန်းသို့ ဆိုက်ရောက်ကြသောအခါ၊ နေဝင်ညီတရော၊ မိုးချုပ်ပြီဖြစ်သည်နှင့်၊ နံနက်မှတိုက်မည်ဟုတပ်ချ၍နေလေ၏၊ ရေမန်က ညအခါလရောင်မျို့တွင်၊ စစ်ရေးငင်လာသည်ကို မဆင်

ချင်ဘဲ၊ စောလူးမင်းက လိုက်လေရော။ နှီးနှင့်လုပ်ထား သောဆင်ကို။ဆင်အစစ်ထင်မှတ်၍ဘိုက်လေ၏၊စောလူး မင်းစီးသော ဆင်တော်"သံမြင်စွာ"သည် ရွှံ့သို့ကျ၍၊ ကျွန်နစ်လေ၏။ စောလူးမင်းလည်းငါ့ ခဲ့ပြီ ဟုဆင်ခြင် တော်မူမိသဖြင့်၊ ဆင်မှဆင်းသက်၍ ပြေးပြီးသော်၊တော အုပ်တချို့ရောင်ပင်ခေါင်းတွင်းသို့ဝင်လျက်ပုန်းအောင်း နေရ၏။ စောလူးမင်းထွက်ပြေးရကြောင်း သိရှိကြသောအ ခါစစ်သည်ဗိုလ်ပါများသည် ဖရိုဖရဲ တကွဲတပြားပျက်စီး သွားကြလေ၏။ ကျုန်စစ်သားလည်းတညလုံး မြင်းကိုစီး၍ ပြန်လာခဲ့ရာ။ ပုဂံမြို့တော်သို့ရောက်သောအခါ "ကျွန်ုပ်တို့ မှာအရှင်မရှိချေ၊ အရှင်ပင်မင်းပြုပေတော့"ဟုဆို၍ မင်း မြောက်တံဆာ ငါးပါးကိုဆက်ခါ၊ တံခါးကိုဖွင့်၍ပေးကြ လေ၏။ ကျုန်စစ်သားက "ငါ့အရှင်ရှိမရှိရ စမ်းဦးမည်အ ရှင်ရှိခဲ့သော် နန်းတင်၍ပေးဦးမည်။" ဟုဆိုပြီးလျှင်၊မင်း မြောက်တန်ဆာ ငါးပါးကို၊ရွှေစည်းခုံ ဘုရားရှေ့တော်မှာ ကောင်းမွန်စွာထား၍၊စောလူးမင်းကို အရှာထွက်လေ၏။ ငရမန်သည်း ကျုန်စစ်သားနှင့် စောလူးမင်းကို မရလျှင် အမေ့အလျော့ မနေကောင်းဟု ဆင်ခြင်ပြီးလျှင် ခံဘပ် ကြီးတည်၍နေလေ၏။

ခိုပုန်းနေသော၊စောလူးမင်းမှာလည်း သုံးနပ်တိုင်တိုင် စားတော် မခေါ်ရသောကြောင့်၊ ညောင်ခေါင်းမှထွက်၍ လူသူခရီးသွားကို မြော်လင့်နေရာ၊ ငရမန်တပ်မှထင်းခွေ လာသောစစ်သား တယောက်နှင့်တွေ့လေ၏။ စောလူးမင်း က "သင်၏ထမင်းထုပ်ကိုပေးပါအဘိုးအနှံ့ထိုက်သော ငါ့လက်စွပ်ကို သင်ယူ၊ ငါနှင့်တွေ့ကြောင်း ကိုလည်းမ

ပြောလေနှင့်”ဆိုပြီးထမင်းထုပ်နှင့် လက်စွပ်ကိုလဲလှယ်၍ စားသောက်ပြီးလျှင်ညောင်ခေါင်းထဲမှာပင်ပုန်းအောင်းမြဲပုန်းနေတော်မူ၏။ ထင်းခွေသမားလည်း တပ်သို့ပြန်၍ရောက်လေရာ၊သို့ရောက် မျိုသိပ်၍မထားနိုင်တဲ့၊လက်စွပ်ကိုပြ၍“ဘယ်မျှဆိုက်တန်သနည်း”ဟု အကြိမ်ကြိမ် ပြလေသောအခါ၊ ရေမန်ကြွားဘိသဖြင့်ထင်းခွေသမားကိုခေါ်၍ အပြင်းအထန် စစ်လေရာ နာကျင်လှသည်နှင့် ထင်းခွေသမားလည်း ဟုတ်တိုင်းမှန်ရာ၊ တွက်ဆိုရလေသ၏။ ရေမန်လည်း ညောင်ခေါင်းသို့သွား၍ စောလူမင်းကို ဘမ်းပြီးလျှင်ရေအားနှင့်ဆန်၍ ပုဂံမြို့တော်“မြင်းကပါ” အရပ်တွင်၊ တပ်ကြီးအခိုင်တည်၍ နေပြန်လေ၏။ စောလူးမင်းကိုလည်း အကျဉ်းထားလေ၏။

ကျန်စစ်သားလည်း ငါ့အရှင်ကိုခိုးမည်ဟု၊ ညဥ့်အခါ ရေမန်စစ်တပ်တွင်းသို့ဝင်ပြီးလျှင်၊ စောလူးမင်းကို ပခုံးဖြင့်ထမ်း၍ ခေါ်လေ၏။ စောလူးမင်းက “ကျန်စစ်သားသည်၊ ခမည်းတော်ကထည်း အမျက်တော် ရှာရူးသည့်၊ ငါ့ကလည်း အမျက်ရှာဘူးသူ ဖြစ်သည်။ ငါ့ကိုသတ်ရန် ခိုးသည်ထင်၏၊ ရေမန်သည်ကား ငါနှင့် နို့စို့ဘက်ဖြစ်၍၊ ငါ့စည်းစိမ်ကိုယူသော်လည်း၊ ငါ့ကို မသတ်တန်ရာ”ဟု တွေးတောပြီးလျှင် “ကျန်စစ်သား ငါ့ကို ခိုးပါသည်”ဟု ဟစ်အော်လေ၏။ ကျန်စစ်သားက၊ အကောင်းကြံသူကို မကောင်းထင်ရမည်လော”ဟု အမျက်ထွက်သဖြင့် “မင်းဆိုးမင်းညစ်၊ တလိုင်းတို့လက်ဝယ် ခွေးသေ ဝက်သေ သေရစ်တော့”ဆိုပြီးလျှင်၊ ပခုံးထက်မှချ၍ ထွက်လာခဲ့လေ၏။ ရေမန်၏ စစ်သည်များက ကျန်စစ်သားကို

ဝိုင်း၍ဘမ်းဆီးကြရာ၊အမိမခံဘဲ ဧရာဝတီမြစ် အနောက် ဘက်ကမ်း အောင့်သာဆိပ်သို့ကူးပြီးလျှင်၊ ရှေးက မိတ်ဟောင်း လူစွမ်းကောင်း ဟု ထင်ရှား ကျော်စောသော စော်ဘွဲ့ကိုရှာရန်၊မြောက်ဘက် ကြခတ်ဝရာသို့သွားလေ၏၊ ထီးလှိုင်အရပ်သို့ရောက်သောအခါ၊ ရွာသူကြီးက ကျန်စစ်သား၏ ဝှမ်းရည်သတ္တိကိုမြင်လျှင်၊အလွန်ပင် အားရနှစ်သက်လှသည်နှင့်၊အဆင်းအင်္ဂါ နှင့် ပြည့်စုံသောသမီးကို ပေး၍ ကျွန်ခံလေ၏။ထိုအခါတွင်မှကျန်စစ်သားကို"ထီးလှိုင်ရှင်"ဟူ၍ ခေါ်စမှတ်ပြုကြလေ၏။ကျန်စစ်သားသည် ထီးလှိုင်ရွာ၌၊ ဗိုလ်ပါရုံးပြီးလျှင်၊ ရဆိုးစော်ဘွဲ့ကို လိုက်လန်ရှာဖွေလေ၏။ရဆိုးစော်ဘွဲ့ကလည်း "ငါ့ကိုသတ်လို၍ ရှာဖွေသည်"ဟု အလေင်နှင့်၊လွတ်အောင် ပုန်းရှောင်ပြေး သွား၍နေ၏။"စော်ဘွဲ့ကျွန်း" "ရှားကွဲ" "ရှိမှုကား" (ရှိမ်းပကား)အရပ်များသို့ ပြေးသွားပြီးနောက်၊ စော်ဘွဲ့ကိုင် အရပ်သို့ရောက်သောအခါ၊ရဆိုးစော်ဘွဲ့ကိုလက်ရဘမ်းမိလေ၏။ကျန်စစ်သား၏ လက်တွင်းသို့ ရောက်သောအခါမှ၊ရဆိုး စော်ဘွဲ့လည်း အကြောင်းမျိုးစုံသိရ၍၊အကြီးအကျ ပေါင်းမိကြလေ၏။ ကျန်စစ်သားသည်၊ထီးလှိုင်သူကြီး၊ရဆိုးစော်ဘွဲ့ တို့နှင့်တကွ၊ဗိုလ်ပါရဆောင်ပြီးလျှင်။ လယ်တွင်းအရပ် ရွာပေါင်း ၁၁ ရွာတို့၊ဗိုလ်ဝင်နေကြလေ၏။ ရဆိုး စော်ဘွဲ့ သည်၊ စော်ဘွဲ့ကိုင်အရပ်က ဗိုလ်ဝင်ခံနေ၏။ တိုင်းသူပြည်သား တို့ကလည်း၊ ရှေး မဆွ ကပင် ကျန်စစ်သား ဘုရင်အဖြစ်သို့ရောက်လိမ့်မည်ဟု ကျော်စောကြားသိပြီး ဖြစ်သည်နှင့်၊ ကျန်စစ်သားရှိရာသို့ ခိုဝင်လာကြကုန်၏။ ထီးလှိုင် ဆရာတော် "ရှင်ပုဏ္ဏါး" ကလည်း၊ ဆေးဝါး

အင်းအိုင်နှင့်၊ ယတာယာများ တတ်ကျွမ်းတော် မူသည်နှင့်၊ အောင်မြင်ကြောင်းဖြစ်သော "ဇေယျသိဒ္ဓိ" အမိအရင်များကိုလည်း၊ဆင်ယင်စီမံ ပေးတော်မူ၏။ ။

ဖြင်းကာပါအရပ်တွင် ခံတပ်နှင့်နေသောငရမန်လည်း၊ ကျန်စစ်သား စွန့်ပြစ်၍ထားခဲ့သောစောလူးမင်းကိုးနှောင် ရန်စမပြတ်ဘဲ ရှိတော့မည်ဟု၊ "ဖြူမင်းသားလက်ထက် ငှက်ကြီးဥကျောင်းမြုပ်ရာအနုရာခရပ်တွင်၊ကျွပ်မြောင်လေ၏။ထိုနောက်ပုဂံမြို့ကိုအုပ်စိုးမည်ဟုဗိုလ်ပါအလုံးအရင်းနှင့်ပုဂံမြို့သို့ ချဉ်းကပ်လေ၏။ မှူးဟောင်း၊ မတ်ဟောင်းများကလည်း "ကျန်စစ်သားသည်၊ထယ်တွင်း ၁၁ ရွာကိုအုပ်ချုပ်၍ မင်းပြုနေပါသည်၊ ထုရတံခါးဖွင့်၍ ပေးသာပါ၊ကျန်စစ်သားကိုအောင်မြင်မှမင်းပြုပါ" ဆိုပြီးလျှင် တံခါးကိုဖွင့်မပေးဘဲ အခိုင်အမာမြို့တွင်းတွင်ခံနေကြလေ၏။ ငရမန်လည်း၊ကျန်စစ်သားကိုလုပ်ကြံမည်ဟု ခြေအား ကုန်းအားနှင့်ဆန်တက်ခဲ့ပြီးလျှင်၊ သရအင်းဝမြို့သည်ရာအရပ်တွင်တပ်ကြီး အခိုင်အခန့်တည်၍ နေလေ၏။ကျန်စစ်သားက၊ ငရမန်တပ်ကို၊အတင်းဝင်၍ တိုက်ခိုက်ရာ၊ ငရမန်တပ်ကြီးပျက်စီးလေ၏။ငရမန်လည်း နဝရတ်ဖောင်ကိုစီး၍ အောက်သို့ရှ၍ ပြေးပြီးလျှင်၊ မူသောတပ်စခမ်းချရာ ဌာနတွင်၊ ခိုဝင်၍ နေလေ၏။ ကျန်စစ်သားလည်း ဓမ္မ စည်းခံ ဘုရား အနီးတွင်၊ တပ်တည်၍ တိုက်ခိုက်ရာ။ငရမန်မခုခံဝံ့၍ အောက်သို့ရှ၍ပြေးလေ၏။ ကျန်စစ်သားကမူ၊ဆိုးစေ့ကို လိုက်၍လုပ်ကြံရမည်ဟု အမိန့်ရှိသည်နှင့်လိုက်လေရာ၊ရွာသာအောက်တွင်မှီ၍ ရေသဖန်းပင်ထက်သို့ တက်ပြီးလျှင် ငှက်ကဲ့သို့မည်လေ၏။ ငရမန်

လည်း ဌက်မည်သံ သာသာလာသည်ဟု၊ ဖေါင်တော်ပြု တင်းကိုဖွင့်၍ကြည့်တော်မူရာ၊ မုဆိုးစေဉ္စကာ-ထေးနှင့် ဖြစ်၍၊ မျက်စိအကောင်းတဖက်ကို ထိမှန်သောကြောင့်၊ ငရမန်အနိဋ္ဌားရောက်လေ၏။

ငရမန်ကိုလည်း ဗမာခဟုတ်ဟု ယူဆကြရာ၊ ကျန်စစ်သားကဲ့သို့ကုလားကပြားပင်ဖြစ်တန်ရာသည်။

## ကုလားကပြား-ရွှေဖျင်း-ညီနောင်

ပုဂံပြည်အနော်ရထာမင်းစောနှင့်၊ သုဝဏ္ဏဘူမိသထုံပြည်မနူဟာမင်းတို့ ထီးပြိုင်နန်းပြိုင် ဖြစ်နေစဉ်အခါက၊ ဘင်္ဂလားပြည် ပင်လယ်ကွေ့တွင်၊ သင်္ဘော ပျက်ရာမှ ကုလားညီနောင်သည် ပျဉ်ပြားတချပ်ကိုတွယ်၍ မြောလာရာ၊ သထုံပြည် ကမ်းခြေသို့ ရောက်လာကြ သတတ်၊ ဟာဗဇ်၏ မြန်မာရာဇဝင်တွင် ထိုကုလားညီနောင်သည်၊ အာရဗ် သင်္ဘောသားများ ဖြစ်ကောင်းဖြစ်လိမ့်မည်ဟုဆိုလေသည်။)၎င်း၏ယူဆချက်မှာ၊ ယုတ္တိရှိသောယူဆချက်ဖြစ်သည်ဟုဆိုရပေမည်။

၎င်းတို့သည်၊ သထုံမင်း၏ ဆရာတော် ကျောင်း၌ မှီခိုနေထိုင်ကြရာဝယ်၊ ဆရာတော်ကလည်းများစွာ ချစ်ခင်တော်မူသည်။ ထိုကုလားညီနောင်၏ အမည်ကို"ဗျတ်ဝိ" "ဗျတ္တ"ဟူ၍ခေါ်ဝေါ်မှတ်ပြုကြ၏၊ တနေ့သ၌ ဆရာတော်သည်၊ကုလားညီနောင်ကိုခေါ်၍ ဆေးမြစ်တူးရန်တောသို့ဝင်ရာ၊ဝိဇ္ဇာသေကောင်တခုကိုတွေ့လေ၏၊ဆရာတော်က ဝိဇ္ဇာ၏ထံခိုးသတ္တိများကို ပြောကြား၍၊ ဝိဇ္ဇာသေကောင် ကိုဖုတ်ကင်၍ စားပါက၊ သိဒ္ဓိအမှုံးမျိုးပြီး၏၊ ဟုအမိန့်

တော်ရှိပြီးလျှင်၊ ဆေးဝါးစိရင်ရန် ကျောင်းသို့ယူဆောင်လာခဲ့လေ၏၊တနေ့သ၌ဆရာတော် နန်းတော်သို့ ဝင်ခိုက်တွင်၊ကုလားညီနောင်တို့သည်၊ ဝိဇ္ဇာသေကောင်ကို ဖုတ်၍စားကြပြီးလျှင် အစွမ်းကိုစမ်းကြရာ၊ ပေါ့ပါးစွာရန်နိုင်ခြင်း၊လေးလန်သောကျောက်ဖျာကြီးများကို (မ)နိုင်ခြင်းစသောတန်ခိုး အစွမ်းကိုကိုယ်တိုင်သိရှိကြသဖြင့်၊အလွန်ဝမ်းမြောက်ခြင်းဖြစ်ကြ၏၊ ဆရာတော် နန်းတော်မှပြန်လာ၍ မေးတော်မူရာ၊ဝိဇ္ဇာသေကို ဖုတ်၍စားကြောင်းနှင့်ကုလားညီနောင်တို့က လျှောက်ကြသောအခါ ဆရာတော်ကဆိပ်ဆိပ်နေတော်မူ၏၊ ကုလားညီနောင် တို့သည်ဆင်ပြောင်ကြီးနှင့် တူသောအစွမ်းအားနှင့် ပြည့်ရကြသဖြင့်အစွမ်းသတ္တိကို ပြင်ကြသောသူတို့ကအံ့ဩ၍၊ တစတစကျော်စောသတင်း ပြန့်နှံ့ခြင်းရှိလေ၏၊ ထိုသတင်းကိုသထုံပြည်ရှင်မင်း ကြားတော်မူရာ၊ ကြောက်လန့်ခြင်း ဖြစ်သည်နှင့်၊ကုလားညီနောင်ကိုသင်တော်များနှင့် ဝိုင်းဖမ်းဆီး တော်မူစေသော်၊ ညီ"ဗျတ္တ"ကို မမိဘဲ၊ လွတ်ထွက်ပြေးသွားလေ၏၊အစ်ကို"ဗျတ်ဝိ"မှာကားမယားအိမ်တွင်အိပ်ပျော်နေခိုက်ဖြစ်၍ ဖမ်းမိလေ၏၊ မိသောကုလားကိုသတ်ပြီးလျှင် "လူစွမ်းကောင်း ကုလားအသေကောင်ကို၊မည်သို့ စီရင်ရပါမည်နည်း" ဟု ဆရာတော်သို့ လျှောက်ထားရာ၊ ဆရာတော်က "ကုလားသေကိုဖျက်၍၊ ကိုယ်အင်္ဂါ အစိတ်စိတ်တို့ကို မြို့ရိုးပတ်လည်တွင်မြှုပ်နှံရလျှင်၊ရန်အပေါင်းတို့မဝင်နိုင်"ဟု အမိန့်ရှိတော်မူ၏၊ ထိုအမိန့်အတိုင်းမင်းကမြှုပ်နှံတော်မူစေ၏၊(ထိုအခါမှစ၍၊သထုံပြည်ကို၊ရန်သူများမဝင်နိုင်ဟု ပြောစမှတ်ရှိ၏၊)

ညီဖြစ်သူ ကုလားလူစွမ်းကောင်း"ဗျတ္တ"သည်ကား၊ သထုံပြည်မှ ထွက်ပြေးပြီးလျှင်၊ ပုဂံပြည် အနော်ရထာ မင်းစော ထံတွင် ခိုဝင် ခစားလေ၏။ မင်းကြီးလည်းအာ စွမ်းသတ္တိကို သိတော်မူသည်နှင့်၊ ပုပ္ပါးတောင်ကပန်းများ ကို၊ ခဏချင်း လပ်ဆတ်စွာ၊ ယူဆောင် ပို့ဆက်စေသော ပန်းတော်ဆက်အရာ၌ခန့်တော်မူရာ၊ "ဗျတ္တ"သည်၊ ပုပ္ပါး တောင်နှင့်ပုဂံဘို့ တနေ့လျှင် အခေါက်ခေါက် အပြန်ပြန် ပန်းတော်ဆက်နိုင်သတတ်။"ဗျတ္တ"သည် ပုပ္ပါးတောင်သို့ သွားဖန်များသဖြင့် ပုပ္ပါးတောင်စောင့်ဘီလူးမနှင့်သံဝါသ ဖြစ်ကြ၍ သားနှစ်ယောက် ဘွားမြင် လေ၏။ (ဘီလူးမ ဆိုရာ၌၊ တောသူမ ဖြစ်ဟန် ရှိသည်)။ လူစွမ်းကောင်း ကုလားနှင့် ရရှိသော သားများ ဖြစ်သောကြောင့်လည်း အစွမ်းသတ္တိနှင့်ပြည့်စုံသော၊ ကုလားကပြားကလေးများ ဖြစ်ကြရာ၊ ၎င်းတို့ကိုအရွယ်သို့ရောက်သော အခါ၌၊ အနော် ရထာမင်းစောထံသို့ ဆက်သလေ၏။ မင်းကြီးကလည်း အစွမ်းသတ္တိကိုသိတော်မူသည်နှင့်"ရွှေဖျဉ်းကြီး-ရွှေဖျဉ်း ငယ်"ဟူ၍ အမည်ပေးတော်မူ၏။ ၎င်းတို့ ညီနောင် ၂ ယောက်လည်း၊ သူရဲကောင်းများ ဖြစ်ကြသည့်အတိုင်း၊ အနော်ရထာ မင်းစော တရုပ်ပြည်သို့၊ စွယ်တော် ပင့် ဆောင်ရန်အတွက်၊ စစ်တပ်တော်များနှင့် ချီတက်တော် မူရာ၌၊ ရွှေဖျဉ်းညီနောင်တို့သည်၊ ကျန်စစ်သား၊ ငထွေးရူး၊ ငလုံးလက်ဖယ်၊ ညောင်ဦးဘီး-တို့နှင့်အတူ၊ ဗိုလ်ချုပ်ကြီး များအဖြစ် လိုက်ပါ ကြရ၏။ ။တရုပ် ပြည်မှ အပြန်၊ "ကျောက်စည်"အရပ်သို့ ဆိုက်ရောက်သောအခါ၊ ရွှေဖျဉ်း ညီနောင်ကို မယုံမကြည်ရှိတော်မူသည်နှင့်'ဝါးရင်းတုပ်'

အရပ်တွင် ကွပ်မျက်တော် မူ၏၊ ကွပ်ရွာ-ဟု ယခုတိုင် ထင်ရှား ရှိသော အရပ်သည်၊ ရွှေဖျဉ်း-ညီနောင်တို့ကို ကွပ်ရာ၌ရွာနပင်တည်း။ ။

၎င်းတို့သည်၊ နတ်စိမ်းများဖြစ်၍၊ ဖေါင်တော်ကိုမရွေ့နိုင်အောင်ဆွဲထားရာ၊ ဟူးရားဖြူ-ဟူးရားညိုတို့ လျှောက်ချက်ဖြင့်၊ တောင်ပြုန်းအရပ်ရှိ၊ ဆုတောင်းပြည့် ဘုရားအနီး၌၊ နတ်ကွန်း- နတ်နန်းတော် ဆောက်လုပ်၍၊ ထိုနတ်ကွန်း နတ်နန်းမှာ စံမြန်းကြစေ၊ ကျောင်စဉ်မှာ ရှိကြသောလူအပေါင်းတို့က၊ နှစ်စဉ် နတ်ပွဲပြုလုပ် ကိုးကွယ်ကြစေ-ဟု အမိန့်ရှိတော်မူ၏။ ။(ဤအမိန့်တော်အတိုင်း အနော်ရထာမင်းစောလက်ထက်ကပင် ပြုလုပ်ပသ၍လာကြရာ၊ ယခုတိုင်အောင်ပင်၊ ဝါခေါင်လတိုင်း၊ တောင်ပြုန်းမင်းညီနောင်နတ်ပွဲကြီး ကျင်းပလျက်ရှိသတည်း)၊ ။

မြင်းခြံမြို့ အမိုးရေခဲ့နေ၊ရိုပါမွှဒ်အိစာ-ခေါ်၊ ဦးမြ(၁) ရေးသားသော။ "မြန်မာ မွတ်စလင် တို့၏ အဋ္ဌုပ္ပတ္တိ အကျဉ်းချုပ်" စာအုပ်ငယ်တွင်၊ "လူစွမ်းကောင်း ဗျတ်ဝိ ဗျတ္တ တို့နှင့်ပတ်သက်၍ရေးသားရာ၌၊ ဗျတ်ဝိနှင့် ဗျတ္တတို့မှာ၊ တုလားဆိုသော်လည်း၊ ဘယ်အမျိုးအစား ကုလားဟု ကွဲပြားစွာဖေါ် ပြချက်ကို မတွေ့ရ" ဟူ၍၎င်း၊ "ပုဂံမြို့တွင် ရှေးဟောင်းပစ္စည်းထားရာ ပြတိုက်နှင့်၊ အာနန္ဒာဘုရားကြီးအတွင်း၌ ရေးထားသည့် ရုပ်ပုံကားများကို၊ ကိုယ်တိုင်ကြည့်ရှုရာ၌လည်း၊ ၎င်းဗျတ်ဝိနှင့်ဗျတ္တတို့၊ မွတ်စလင်အဆက်အနွယ်ကဖြစ်သည်ဟုဆိုနိုင်ဘွယ်ရာ၊ အထောက်အထား၊ အကြောင်းခံလက္ခဏာများကို မတွေ့ရပေ။သို့

ရာတွင်၊ ညောင်ဦးမြို့ အနောက် မြောက် ထောင့်တွင်၊ ရှေးကတည်ထားခဲ့သည့်၊ ရွှေစည်းခုံစေတီ၏ စနေထောင့် (အနောက် မြောက်ထောင့်) ရှိ ဇရပ်တွင်၊ ဆေးရုံဖြင့် ရေးချယ် ထားသည့် နော်ရထာ မင်းစောနှင့်၊ ၎င်း၏ ရှေ့တော်၌ ဒူပါးတောင်မှ တောသူနှင့်တကွ၊ ခစားရှိနေသည့်၊ ဗျဿဆိုသူ ကုလား လူစွမ်းကောင်း၏ ရုပ်ပုံနှင့် အဝတ်အစားမှာ၊ ဟိန္ဒူရုပ်နှင့် ဟိန္ဒူ အဝတ်အစားများ ဖြစ်သည့်ပြင်နားဌလည်းနားသံသီးနှစ်ဘက်နှင့်ရေးထားပုံ ကို တွေ့မြင်ခဲ့ရဘူးပေ၏” ဟူ၍၎င်း ဆိုထားလေသည်။

ရာဇဝင်၌၊ဗျတ်ဝိနှင့် ဗျဿတို့မှာ၊ပင်လယ်မှ မြောလာ သောကုလားညီနောင်ဖြစ်သည်ဟု သာမညဆိုထားချက် ရှိသော်လည်း၊ ထိုခေတ် ထိုအခါ၌၊ ပင်လယ် ခရီးတွင် သင်္ဘောဖြင့် သွားလာလေ့ရှိသောလူမျိုးတို့မှာ များသော အားဖြင့်၊ အာရဗ်လူမျိုး ဖြစ်ကြလေသည်။ ထို့ကြောင့် ဟာဗေ၏ မြန်မာရာဇဝင်၌“ထိုကုလား ညီနောင်သည်၊ အာရဗ်သင်္ဘောသားများ ဖြစ်လိမ့်မည်” ဟု ယူဆချက်ကို အလေးမူသင့်ပေသည်။ အာနန္ဒာဘုရားကြီးအတွင်း၌တွေ့ ရသောရုပ်ပုံများနှင့်၊ ရွှေစည်းခုံစေတီတော်ကြီး၏ စနေ ထောင့်တွင်တွေ့ရသောဗျဿ၏ရုပ်ပုံများမှာ၊ ဟိန္ဒူအဝတ် အစားများနှင့်တွေ့ရသဖြင့်၊မဟာဒေဝဒင် ပသီခံဖြစ်နိုင်ဟု လည်းမဆိုနိုင်ချေ။ အကြောင်းမူကား၊ဗျတ်ဝိနှင့်ဗျဿတို့မှာ ထိုခေတ်၊ထိုအခါ၊ ထိုတိုင်းသူ ပြည်သားတို့၏ အဝတ် အစားမျိုးနှင့် နေကြရမည်မှာ ယုံမှားသွယ်ဖွယ် မရှိပေ။ မြန်မာဘုရင် ဝင်းမြတ်တို့ လက်ထက်တော်၌၊ နေခဲ့ကြရ သော ပသီကုလား၊ သျှိဟဗှာတ်၊ ဇေရိဘာဒီ၊ ပွက်စသင်

အမြောက်အမြားတို့ပင်မြန်မာများကဲ့သို့ ဝတ်စားနေထိုင်ကြသူတို့အများရှိလေသည်။

ထိုစာအုပ်ငယ်ရေးသူ၊ မိုဟာမ္မဒ်ခီစာ-ကိုယ်တိုင်ပင်လျှင် မြန်မာ လူကြီးလူကောင်းများကဲ့သို့ ဝတ်စား ထားရာ၊ အကြောင်းမသိသူတို့က အဝတ် အစားကို မြင်ရုံနှင့်၊ ဗုဒ္ဓဘာသာမြန်မာလူကြီးလူကောင်း,တဲ့ယောက်ဖြစ်သည်ဟုထင်မှတ်ဘွယ်ရာသါရှိလေသည်။ထို့ကြောင့်ဗျတ္တ၏ပုံတွင်အဝတ်အစားများမှာ၊ ဟိန္ဒူအဝတ်အစားမျိုး ကိုမြင်ရုံမျှနှင့် မဟာမက် ဘာသာဝင် ကုလားအဆက်မဟုတ်ဟုသုံးဝည်းဆိုရန်ခဲယဉ်းလေသည်။

ဧင်းပြင်၊ ထိုစာအုပ် ငယ်၌ပင်၊ "အစ္စလန်ဘာသာသာသနာတော်က၊ ဇောဂျီဗိုဝင်သောသော အသားကို စား၍ရှိမ်းဆာယာပြီးသည်ဆိုသောစကား၊ နတ်စိမ်းဖြစ်သည်ဆိုသောစကား၊ နတ်စိမ်းခြင်း ဒိမ်ထောင်ပြုသည်ဆိုသောစကားများကို၊ အလျဉ်းအယုံအကြည်မရှိရာဟုတားမြစ်သည်၊မွတ်စလင်လူမျိုးမှန်သူတို့သည် ထိုစကားများကိုအယုံအကြည်မရှိ"ဟု ရေးသားထားသော်လည်း၊ တောင်ပြုန်း မင်းညီနောင်နတ်များကို၊ ကိုးကွယ်ပသကြသောဇေရိဘာဒီများ၊ ဇေရိဘာဒီအဆက်အနွယ် နတ်ကတော်များရှိနေကြသည့်ပြင်၊နှစ်စဉ်ကျင်းပသော တောင်ပြုန်းပွဲတော်သို့၊ဇေရိဘာဒီအဆက်အနွယ်ပေါင်းများစွာတို့သွားရောက်ပျော်ပါးကြသည်မှာလည်း မျက်မြင်ဖြစ်ကြလေသည်၊ဧင်းပြင်ထွက်ရပ်ပေါက်သိုသော စိတ်ဓာဖြင့်အဋ္ဌိရုတ်ထိုးနေကြသော ဇေရိဘာဒီ မွတ်စလင်များနှင့်၊

အင်းအိုင်၊ ခလဲ့၊လက်ဖွဲ့၊မန္တယား၊လိုက်စားနေကြသော ဇေရိဘာဒိပွတ်စလင်များလည်း၊ အခြောက်အခြားရှိနေကြလေသည်။

# အခန်း—၄။

## ကုလားပြည်သို့ တိုင်းခမ်းလှည့်တော်မူကြသော မင်းတရားကြီးများ

အနော်ရထာမင်းစော သည်၊ သထုံပြည်သို့ စစ်အကြီးအကျယ် ချီတက်တော်မူရာ၊ ကုလား ကပြားများဖြစ်ကြသော "ဂျနိစစ်သား" "ဗြွှဖျဉ်းညီနောင်" နှင့် "ငထွေးရူး" "ငလုံးလက်ဖယ်" တို့သည်၎င်း၊ အာရေဗ်ကုလားနွယ်လူစွမ်းကောင်း "ဗျတ္တ" သည်၎င်း၊ ရှေ့ဆောင် ဗိုလ်မှူးကြီးများအဖြစ်နှင့် လိုက်ပါကြလေသည်၊ သထုံပြည်ကို စစ်နိုင်သောအခါ၊ ပိဋကတ်သုံးပုံ အရံ ၃၀-နှင့်တကွ၊ ပန်းချီ ပန်းပု-စသော လက်မှုပညာသည်များ၊သိမ်းယူသင့်သော အရာမှန်သမျှ အမြောက်အမြား သိမ်းယူခဲ့လေသည်၊အနော်ရထာမင်းစောသည်၊ ဘုန်း-သမ္ဘာနှင့်၊ တေဇာကြီးမားတော်မူလျက်၊ဗိုလ်ထုအင်အားလည်း၊ လွန်စွာ များပြားကျော်စော ထင်ရှား၍၊ အခြား တိုင်းနိုင်ငံများကကြောက်ရွံ့ကြလေသည်၊မိမိ၏ဗိုလ်ထုအင်အားများပြားကြောင်း၊ ရာဇဂုဏ် ပြတော်မူလိုသဖြင့်၊ကြည်းတပ် ရေတပ် အရံ

နှင့် အိန္ဒိယနိုင်ငံကုလားပြည်များသို့၊နှံ့ပြားအောင် တိုင်းခမ်း လှည့်လည်တော်မူရာ၊ ဆိုက်ရောက်တော် မူသော တိုင်းပြည်များက၊ရှိသေ ကြိုးနွံကြကုန်သည်။အနော်ရထာမင်းစောထံတွင် ကျွန်တော်မျိုးခံ လာကြသော၊ ကုလားလူမျိုးတို့အများဖြစ်ကြောင်း ရာဇဝင်အဆိုရှိလေသည်။

သက္ကရာဇ် ၄၅၄-ခုနှစ်တွင်၊ အလောင်းစည်သူမင်းကြီး နန်းတက်တော်မူရ၊ ထိုမင်းတရားကြီးမှာ "သီရိဇေယျသူရ"ဟူ၍၎င်း၊"ချက်တော်ရှည်"ဟူ၍၎င်း၊ "ဇွဲဂြုဒ္ဒါယက"ဟူ၍၎င်း၊ "သိရိဘဝနာဒိတျာ ပဝရပဏ္ဍိတ သုဓမ္မရာဇာ မဟာဓိပတိ နရပတိစည်သူ"ဟူ၍၎င်း၊"အလောင်းစည်သူ"ဟူ၍၎င်း၊ အမည်တော်ငါးပါးဖြင့်၊ ထင်ရှား ကြော်ကြားတော် မူသည်။ ၊အလောင်း စည်သူမင်းကြီး တိုင်းခမ်း လှည့်လည်ရာ၌လည်း၊အိန္ဒိယနိုင်ငံနှင့် သမုဒ္ဒရာပင်လယ်အတွင်းရှိကျွန်းများသို့၊အတောင်နှံ့ စပ်အောင် ရောက်တော်မူသည်။ သီဟိုဠ်ကျွန်း၌ နိုင်ငံခြားသံအမတ်အဖြစ်၊ ကုလားကို ခန့်ထားတော် မူကြောင်းလည်း၊ရာဇဝင်အဆိုရှိသည်ကို ထောက်ဆသောအားဖြင့်၊ ထိုမင်းတရားကြီးလက်ထက်တော်၌လည်း၊ကုလားလူမျိုးများအား၊ဆိုင်ရာဆိုင်ရာ ရာထူးကြီးများဖြင့်၊ အမှုတော်ထမ်းရွက်စေသည်ဟု မှတ်ယူဘွယ်ရှိလေသည်။ ။

## ကုလားမင်းတို့က-သမီးကညာ ဆက်သခြင်းများ

အလောင်းစည်သူမင်းကြီးအား၊ ပဋိက္ခရား ကုလားပြည်မှ၊ ကုလားမင်းသမီးတပါးကို ဆက်သရာ၊ ကြင်နာ

မြတ်နိုးတော်မူသဖြင့်၊ ရုပ်ဆင်းအင်္ဂါ လှပယဉ်ကျေးသည်ကိုအကြောင်းပြုလျက် "ပဘာဝတီ" ဟူသောဘွဲ့နှင့်၊ ရွှေရံမောင်းမအများ ပေးတော်မူသည်။ ။အနော်ရထာ မင်းစောလက်ထက်တော်တွင် တကြိမ်၊ အလောင်းစည်သူမင်းကြီး လက်ထက်တော်တွင်တကြိမ်၊ ကုလားပြည်မှ၊ သွီးကညာများ ဆက်သကြောင်း ရာဇဝင် အဆိုရှိလေသည်။ ။သက္ကရာဇ် ၁၁၄၃-ခုနှစ်၊ ဗဒုံမင်းတရားကြီး နန်းတက်တော်မူရာ၌၊ ဗဒုံမင်းတရားကြီး၏ အိမ်တော်ပါ ကုလားကြီး သည်ကား "ရာမကာစွနာ" ဆိုသော၊ ဟိန္ဒူကုလားကြီးပင်တည်း။ ။

ထိုမင်းတရားကြီးလက်ထက်တော်အခါ၌၊ မြန်မာပြည်တွင် မြန်မာမင်းတရားတို့၊ ဘုန်းတန်ခိုးကြီးမား ကြောင်း ကုလားပြည်များ၌ ကျော်စောသတင်း ပြန့်နှံ့ကြီးမားခြင်းရှိသည် ဖြစ်သောကြောင့်၊ အင်္ဂလိပ်တို့၏ဘေးအန္တရာယ်ကို ကြောက်လန့်ကြသော၊ ကုလားမင်းများသည်၊ မြန်မာပြည်ကို အတော်ပင် အားထားကြဟန် တူလေသည်၊ ထိုမင်းတရားကြီးလက်ထက်တွင်၊ ကုလားပြည်များက သွီးကညာဆက်သခြင်း၊ မြန်မာပြည်ကလည်းလက်ဆောင်အမျိုးမျိုးဖြင့် ပြန်လှန်ပေးကမ်းခြင်း များပြုတော်လုပ်တော်မူကြပြီးလျှင်၊ အတော်ပင်ရင်းနှီးစွာ ဆက်ဆံကြလေသည်။ ဒေလီမြို့ ဂေါမင်းဆက်တို့ကလည်း၊ မြန်မာဘုရင်ကို အားထားကြောင်း ဘုန်းတော်ရိပ်ကို ခိုလှုံလိုကြောင်းလျှောက်လွှာများရောက်ရှိကြောင်း ရာဇဝင်အဆိုရှိလေသည်၊

သက္ကရာဇ် ၁၁၅၀-ခုနှစ်တွင်၊ ဝိဇ္ဇာတိုင်းဝေသာလီ

ကုလားပြည်က မင်းသွီး အဆက်အသ ရောက်ရှိရာ၊ ထိုမင်းသွီးတွင်၊ အထိမ်းအရံမိန်းမ ယောကျ်ားပေါင်း ၃၀၀ ကျော်ပါလာလေသည်။ ၎င်းကုလား မင်းသွီးကိုလည်း၊ မင်းတရားကြီးက "သိရိမဟာ ဝိမာလာဒေဝီ" ဘွဲ့ကိုပေးတော်မူသည်။ ဆောင်သီး ထားတော်မူ၍လည်း အပါးတော်တွင်စေပါး၍၊ မိုးကောင်းမြို့ကိုလည်း ပေးတော်မူသည်၊ သက္ကရာဇ် ၁၁၈၄-ခုနှစ် ထပ်မံ၍ ဝေသာလီမင်း၏ နှမတော် အသက် ၁၃-နှစ်အရွယ်ရှိ၊ မင်းသွီးကို အခြွေအရံ ၁၀၀ ကျော်မျှနှင့် အဆက်အသရောက်လေသည်၊ ၎င်းကုလားမင်းနှမတော်ကိုလည်း "သိရိအတုလဒေဝီ" ဘွဲ့ အမည်ပေး တော်မူပြီးလျှင်၊ ဆောင်သီးထားတော်မူ၍၊ အပါးတော်တွင်၊ စေပါးတော်မူသည်၊ ဗန်းမော်မြို့ကိုလည်းကံကြွေးပေးတော်မူသည်။

အာသန်ပြည်ရာဇဝင်၌ကား၊ နှမတော် "သိရိရဘာနစ်စရိမဟာဒေဝီ" သည်တျှတော်ဘုရင်စန္ဒြရကန္တသိဟမင်းလက်ထက် မြန်မာပြည်သို့ရောက်၍၊ ဗန်းမော်မြို့ကိုစားရသည်၊ သာယာဝတီမင်းတရားအထွတ်အမြတ်သို့ ရောက်တော်မူသောအခါ "သိရိအတုလမဟာရတနာဒေဝီ" ဘွဲ့နှင့် မိဖုရားအဖြစ်သို့ရောက်တော်မူသည်၊ ၁၂၂၆ ခုနှစ်တွင် ရတနာပုံနေပြည်တော်၌ ဘဝပြောင်းသည် ဟူ၍ပါရှိလေသည်။

မှန်နန်းရှင် မင်းတရားကြီးနန်းတက်တော်မူပြီးနောက် သက္ကရာဇ် ၁၁၈၁-ခုတွင် ဣန္ဒိယနိုင်ငံမင်းကြွင်များဖြစ်သောဇယန္တာမင်း၊ ယာနီမင်းနှင့် ဝေသာလီမင်းတို့က၊ သွီးကညာများအဆက်အသရောက်ကြောင်း အဆိုရှိလေ

သည်။ ဇယန္တာမင်း၏အသက် ၁၄-နှစ်အရွယ်ရှိမင်းသမီးကို"သီရိသုစန္ဒဝတီ"ဘွဲ့၊ ယာနိမင်း၏အသက် ၁၃-နှစ်အရွယ်ရှိမင်းသမီးကို "သီရိသုဘာဝတီ"ဘွဲ့၊ ဝေသာလီမင်း၏အသက် ၁၂-အရွယ်ရှိ မင်းသမီးကို'သီရိသုစန္ဒဒေဝီ'ဘွဲ့အမည်နှင့် ချီးမြှောက် တော်မူသည်။ ထိုမင်းသမီးများနောက်မှ၊ အခြွေအရံ အမြှောက်အမြား တို့သည်းပါရှိကြလေသည်။

သက္ကရာဇ် ၁၁၈၃-ခုနှစ်တွင် စစ်သူကြီးမဟာဗန္ဓုလ။ အာသံပြည်သို့ချီတက် အင်္ဂလိပ်တို့နှင့် တိုက်ခိုက်အောင်မြင် ပြီးနောက်၊ အက္ကပတ်မင်းအား သမီးရင်း ၂ယောက်ကို ရက်ဆောင် တော်အဖြစ် ဆက်သ လိုက်ကြောင်း၊ ရာဇဝင် အဆိုရှိလေသည်။ ။

အာသံပြည်ရာဇဝင်၌ကား။ စစ်သူကြီး မဟာဗန္ဓုလသည်။ဘင်္ဂလားပြည်နယ်စပ်တွင်၊ အင်္ဂလိပ်ဗိုလ်ချုပ်နှင့်စကားပြော ပြောဆို၊ မြန်မာနှင့်အာသံ လက်နက်ကိုင်ကင်းစောင့်များထားပြီးနောက်၊အာသံပြည်တွင်၊ တအိမ်လျှင် ၅၀ ကြေး အခွန်ဘော်ခွဲ၍၊ဒေါ်ရင်ဂျီယာနီ၊ ဇယန္တီကလေ၊ ကောသာလီမြောက်လက်။ စာရွဒွါရ။ မတောက်-ဤမင်းကြွပ်များတွင်၊ သမီးကညာ တောင်းယူခဲ့၍၊ မင်းမဟာသီလဝကို၊လက်နက်ကိုင်အများနှင့်အစောင့်ထားခဲ့ပြီးလျှင်၊ မြန်မာပြည်သို့ပြန်သွားသည့်နောက်၊မဟာ ရာဇယောဂေန္ဒြချသီဟမင်းက၊ နှမတော်အလုပ် "သီရိပါဟိဝတီဒေဝီ"ကို၊သမီးကညာပြု၍၊ မိဆွေးတော်ပါ၊ ညီးတော်ဘပန်းရာဇာကို၊လက်ဆောင် လက်နက်အများနှင့် မြန်မာဘုရင်မင်းမြတ်ထံ စေလွှတ်တော်မူသည်ဟုပါရှိသည်။ ။

သက္ကရာဇ် ၁၁၈၃-ခုနှစ်ဘစတင်ဖြစ်ပွားသော၊အင်္ဂလိပ်နှင့်မြန်မာတို့၏စစ်ပွဲသည်၊ ၁၁၈၇-ခုနှစ်မှ ငြိမ်းငြိမ်းလေသည်၊ ထိုနှစ်တွင် စစ်ပြေငြိမ်းခြင်း၊ ရန္တပိုစာချုပ်အချက်(၁၁)ချက်ကို ချုပ်ဆိုကြ လေသည်၊ ထိုစာချုပ်အရ၊ရခိုင်ပြည်နှင့်တ‌ာဝယ၊ရေး-မြိတ်-ထားဝယ်၊တနင်္သာရီမြို့ရွာနယ်နိမိတ် တောင်ကမ်း ကျွန်းများကို၊ မြန်မာတို့က အင်္ဂလိပ်တို့အားပေးအပ်လိုက်ရလေသည်။ အင်္ဂလိပ်တို့က မြန်မာတစိတ်တဒေသကို သိမ်းပိုက်ရှိသွားသောအခါ၌ ကုလားလူမျိုးတို့ မြန်မာပြည်ကို အရောက်အပေါက် အဆက်အဆံ ပိုရှိ များပြားလာကြသေသည်၊ ဣန္ဒိယနှင့် မြန်မာပြည် ရေလမ်းခရီးအားဖြင့် ကူးသန်း ရောင်းဝယ်ရေးတိုးတက်ကောင်းမွန်ရန်အ ထွေက်လည်း၊အင်္ဂလိပ်အစိုးရတို့က စီမံကြိုးစားသဖြင့် ကူးသန်းရောင်းဝယ်မှု တိုးတက်စီကားလာလေသည်၊ ထိုမင်းလက်ထက်ဣန္ဒိယ ကုလားပြည်များမှမြန်မာဘုရင်များထံသို့သွားကညာဆက်သခြင်းမှာ နောက်ဆုံးဖြစ်လေသည်။ ။

# အခန်း—၅။

## နာမည်ဆိုးဖြင့် ကျော်ကြားခဲ့သော ဇေရိဘာဒီ

## မြို့တော်ဝန် ဦးဘိုင်ဆပ်

မြန်မာ့ဘုရင် မင်းမြတ်တို့သည်၊ ဇေရိဘာဒီကုလား ကပြားတို့ကို ယုံကြည်စိတ်ချ၍ ရင်းရင်းသား ကျွန်တော်မျိုးဟု အမှတ်ပြုကာ၊ အရည်အချင်းအလျောက်ရာထူးစီးစိမ်ချီးမြှင့်မြှောက် စားလေ့ ရှိတော်မူကြလေသည်။ ဂုဏ်မင်း လက်ထက်၌ မြို့တော်ဝန်ရာထူးဖြင့် အချီးမြှောက်ခံရသော ဇေရိဘာဒီ ကုလားကပြား“ဦးဘိုင်ဆပ်”သည်ကား၊ မြန်မာရာဇဝင်၌ မကောင်းသော နာမည်ဆိုးဖြင့် ကျော်ကြားသူတဦးဖြစ် လေသည်။

မဟာရာဇဝင် တော်ကြီး၌၊ ၎င်းမြို့တော်ဝန်ကုလား သည်၊ မြို့သူမြို့သားတို့အပေါ်၌ မတရားသဖြင့် အနိုင့်အ ထက်ပြုကျင့် အားကြီးသောကြောင့်၊ သက္ကရာဇ် ၁၂၁၃ ခု-နှစ်တွင်၊ ဘုရင်မင်းမြတ်သိရှိတော်မူ၍မြို့ဝန် “ဘိုင် ဆပ်”နှင့်မြို့စာရေး“ပိန်”တို့ကိုစစ်မေးရာအမှုအခင်းများ ပေါ်ပေါက်ထင်ရှားသဖြင့်၊ ၎င်းဘိုင်ဆပ်နှင့်တကွသော

အလိုတူအလိုပါတို့ကို ကွပ်ကဲတော်မူသည်။ဟု-အဆို ရှိလေသည်။

မန္တလေးမြို့-ဇေရိဘာဒီ-မြန်မာ မွတ်စလင်ပညာရှင် တဦး ရေးသားသော "ရွှေမြို့တော်ဝန် ဦးတိုင်ဆပ် အကြောင်းမှတ်တမ်း"တွင် အောက်ပါအချက် များကိုဖော်ပြ ထားလေသည်။ ။

ဦးတိုင်ဆပ် သည်၊ အမရပူရ-မြို့တည်-နန်း တည်၊ ဘိုးတော်မင်း တရားကြီးဘုရားက၊ ခန့်ထားသူကောင်း ပြုတော်မူခြင်းခံခဲ့ရသော (ပုဏ္ဏားဝန်မင်း)ခေါ် (ကုလား ဝန်မင်း)ဦးတိုင်သုံး၏ အဆက်အနွယ်မှ၊ အမရပူရလမ်း ငါးခွအရပ်တွင်၊ဖွားမြင်သည်ဟူ၏။ဦးတိုင်ဆပ်၏အဘမှာ ဘုံးအိုး၊ယက်ကန်းတော်၊အချုပ်ရွာသား၊ပွန်နီဇေရဲဘာဒီ ခေါ်မြန်မာမိုစလင်အမျိုးသားဖြစ်၍၊ ၎င်း၏အမိမှာ၊ မဂို ဇေရဲဘာဒီခေါ် ရှာအာဂိုဏ်းဝင် အမျိုးသမီး ဖြစ်သော် လည်း၊ ဦးတိုင်ဆပ်သည်၊ အဘ၏အယူဝါဒကို လိုက်နာ သဖြင့်ပွန်နီဇေရဲဘာဒီပင်ဖြစ်လေသည်။

ဦးတိုင်ဆပ်မှာ၊ငယ်ရွယ်စဉ်ကပင်၊ ဘခင်ကွယ်လွန် သဖြင့်၊ဘုန်းတော်ကြီးတပါး၏ကျောင်းတွင်မြန်မာစာပေ များကိုလေ့လာသင်ကြားရင်း၊ ပုဂံမင်းသားနှင့်တွေ့ဆုံမိ သဖြင့် အိမ်နိမ့်စံတော်မူစဉ်ကပင်၊ ခိုဝင်စားလက်ပါးစေ အိမ်တော်ဒါကျွန်ယုံတော်ရင်းဖြစ်သောကြောင့်၊ ပုဂံမင်း သားသည်၊ ဘုရင်မင်းမြတ်အဖြစ် သို့ရောက်တော် မူသောအ ခါ၊ သဒ္ဒါတော်မူရင်းစွဲ ရှိသည့်အလျောက် တစတစနှင့် ရွှေမြို့တော်ဝန်မင်း ရာထူးသို့ ထိရောက်အောင်၊ ချီးမြှင့် မြှောက်စားခန့်ထားသူကောင်းပြုခြင်းကို ခံရလေသည်။

ဦးဘိုင်ဆပ်သည်၊မွေးဖွားသည်ကစ၍၊ ရာဇဝတ်ဖြစ်ဒါဏ်ခံရသည့်နေ့ဘိုင်ရေဘုံအောင်ပေါ်ဖြရာပါ၊ လမ်းငါးခွရပ်ဟုဆိုအပ်သော်ယာခုအခါအမရပူရမြို့နယ်ပိုင်ဝန်ထောက်မင်းရုံးတော် စိုက်ထူရာဌာန၏ မြောက်တည့်တည့်တပြကျော်ကွာ၊ထမ်းငါးခွဆုံဆည်းရာကျောက်လမ်းအနောက်ဘက်ကအရှေ့သို့မျက်နှာပြုသည့် ထောင့်အိမ်ပမာ၊ယာခုအခါမြန်မာမိစလင်အမျိုးသားပိုးကုန်သည်ကိုဇင်နှင့်ဇနီးမခတ္တိက၊ဝယ်ယူပိုင်ဆိုင်၍၊အောက်ခြေမှ၊အုတ်တံတိုင်းခတ်ပိုင်းကာရံထားသော အိမ်မြေရာတွင်၊ အစဉ်တစိုက်ပျော်ပိုက်နေထိုင်ခဲ့လေသည်၊

မြို့စာရေးဦးပိန်မှာ၊ ဘုံးအိုးရွာမွေး၊ ဗွန်နီဇာရဲဘာသီခေါ်မြန်မာမိစလင် အမျိုးသားပင်ဖြစ်၍၊ အမရပူရ မြို့ရှိ၊ ဘုန်းတော်ကြီးများ ကျောင်းတွင်၊ မြန်မာစာပေကိုလာရောက်သင်ကြားရင်း၊ ပုဂံမင်းသားနှင့်၊ ဦးဘိုင်ဆပ်တို့အနီးအနားသို့ မကြာမကြာလာရောက် တွေ့ဆုံခြင်းအားဖြင့်ဦးဘိုင်ဆပ်နှင့်ညီသားအစ်ကိုလောက် နှီးရင်းချစ်ခင်ကြသူဖြစ်လေသည်၊

မြန်မာသက္ကရာဇ် ၁၂၆၄-ခု၊ နှစ်ကမှ အသက် ၈၀ ကျော်ရှိယ်တွင်၊ ကွယ်လွန်ရှာသူ၊ အမရပူရ-ဘုံးအိုးရွာအထူးအာဘာရသူကြီးမင်းပေါင်း(ဦးဘိုးဥာဏ်) သည်ထိုမြို့စာရေးမင်း ဦးပိန်၏မြေးအရင်းဖြစ်၍၊ ဘုံးအိုးနှင့်ယက်ကန်းတော် အချုပ်ရွာများဆိုင်ရာ၊ တိုက်သူကြီးမင်း(ဦးဖွလ်ဘွာဃ်)မှာ၊ အဆိုပါမြို့စာရေးမင်း ဦးပိန်၏(တိ)ဆက်ဖြစ်လေသည်၊

ဘဂ်ယားသူဌေးမင်းနှင့် ဦးမောင်မောင်တို့အပြောမှာ၊

ဦးတိုင်ဆာပ်သည်၊ ဂုဏ်ဒြပ် ကြီး၍ ဘော့ဘ်ကြွားထင်ရှား ခဲ့ပါသော်လည်း၊ ပစ္စည်းအင်အားမှာ၊ ငွေ ၄-သောင်းတန် လောက်သာ၊ လက်ရောက်ကိုယ်ပိုင်ရှိခဲ့သည်။ ဦးပိန်မှာ ပစ္စည်းအင်အား ခြောက်မြားစွာ မရှိခဲ့သော်လည်း၊ အာဏာအားဖြင့် တံဘားကြီးကို တည်ဆောက်ခဲ့သည်။ ။ ထိုစဉ်အခါက မြန်မာမိုရလင် ကျွန်တော်မျိုး များတွင်၊ ဆင်ချိဘိုင် သူဌေးမင်းဦးချစ်နှင့်ရင်း၏ယောက်ဖ အသုံးတော်ခံကြီးမင်း ဦးရွှေဘန်းတို့သာ၊ ပစ္စည်းအင်အား ကြီးမားကြွယ်ဝသည်ဟု၊ ပြောဖြခဲ့ကြောင်းကိုသာ ကြားဘူးလေသည်။

သို့သော်လည်း၊ ဦးပိန်မှာ ဥာဏ်များခဲ့ သူဖြစ်သောကြောင့်၊ မိမိ၏အထင်လူကြီးဖြစ်သော မြို့တော်ဝန်မင်း ဦးတိုင်ဆင်၏ အရည်ထင်၍၊ မိမိရထားသမျှကို မိမိ၏ ရောဘန်အတွင်းမှာ ခြုပ်ခွင်း သိုမှာ၍ချုံး ထားခဲ့လေသလားမသိသောကို၊ သေချာမိုင်မိုင် ပြောပြနိုင်သောအရာ မဟုတ် ဖြစ်ချေသည်။

ဦးပိန်မှာ ဇနီးမယား ၃ ယောက် ရှိခဲ့ရာ၊ ပဌမ မယား၏သမီး ဒေါ်ထေးကြီးက(သူကြီးမင်းဦးဘိုးဥာဏ်) ကိုမွေး၍၊ထို ဦးဘိုးဥာဏ်၏သွီး(မေမိ)က၊ တိုက်သူကြီး (ဦးဗွလ်တွာမ်)ကို မွေးဖွား လေသည်။ ။ထို ဦးပိန်၏ ဒုတိယမယား (ဒေါ်ငယ်)က၊ ဦးဘောဆိုသော သားကို မွေးဖွား၍၊ ၎င်းဦးဘောကမွေးဖွားသောသား (ကိုမူစာ)နှင့် ညီ ကိုချစ်ဆိုသူတို့၂ဦးမှာ၊(ဦးပိန်)၏ မြေးရင်းများဖြစ်ကြ၍၊ဘုံးအိုးအချုပ်ရွာတွင် ကျန်းမာစွာ ရှိကြပေသည်သာမက၊၎င်းတို့၂ဦးသည်၊ဘွားမဖြစ်သောမြို့စာရေးကတော်

ကြီးကို မှီလိုက်ကြသူများဖြစ်၍၊ မြို့စာရေးမင်း ဦးပိန်နှင့် ပတ်သက်၍၊ မြို့စာရေးကတော်ကြီးက မိန့်မြွက်ခဲ့သော စကားထူးများကို၊ ကြားဘူးမှတ်သားမိသူတို့လည်း ဖြစ်ကြပေသည်။

ဦးပိန်၏ တတိယသမီး ဒေါ်သုံးမှာမူကား၊(ဓမိ)ခေါ်-ဘွဲ့တယောက်ကိုသာ ဖွားမြင်ပြီးနောက်၊ သားအမိ ၂ ယောက်စလုံးမှာ၊ ဦးပိန် ကွယ်လွန်သည့်နောက်၊ အနှစ် ၅၀ ကျော်လောက်တွင် ကွယ်လွန် ကြသည်ဟူ၏။ ဖေါ်ပြခဲ့သည့် ဦးပိန်၏ ရင်းချာသော၊မြေးဆက်-တီဆက် များမှတပါး၊ဦးပိန်၏ မြေးမြစ်တော်စပ်သူများသည်း၊ ဘုံအိုးအချုပ်ဟု သမုတ်သော ယက္ကန်းတော်ရွာများတွင်ရှိသေးသည်ဟု ပြောဆိုကြလေသည်။

မြို့စာရေးမင်း ဦးပိန်သည်၊ ရှည်လျားလှ စွာသော တောင်သမန် တံတားကြီးကို၊ ခေတ်ကာလအလျောက် တည်ဆောက်ခဲ့သဖြင့်၊ (ဦးပိန်တံတားကြီး)ဟု လူတိုင်းခေါ်တွင်လျက်ရှိလေသည်။

ဦးဘိုင်ဆပ်၏တူ သားမက်ရင်းဖြစ်သော၊ ဘာဂ်လား သူဌေးမင်း ဦးအိဆပ်မှာ၊ ကုလားဝန်မင်း ဦးဘိုင်လုံး၏ အဆက်အနွယ်ဖြစ်သော 'မဟာဘောဂ ပုညသေဋ္ဌာဘွဲ့ခံ' ဆင်ချိတ်ိုင် သူဌေးမင်း "ဦးရစ်" နှင့်မှန်နန်းအာပျိုတော်ကြီး "အမိကလေး"၊ သို့မဟုတ် "မိမိကလေး" ခေါ်- ခင်မကလေးတို့၏သားဖြစ်၍၊ဦးဘိုင်ဆပ်နှင့်ဦးရစ်တို့မှာ၊ ဝမ်းကွဲညီအစ်ကိုတော်သဖြင့်၊ဦးအိဆပ်သည် ဦးဘိုင်ဆပ်၏ တူတော်သူဖြစ်သည့်ပြင်၊ သို့နှင့်အကြောင်းပါကြ၍ သားမက်လည်း ဖြစ်လေသည်။

ဦးမောင်မောင်ဆိုသောပုဂ္ဂိုလ်မှာ၊ ဦးဘိုင်ဆပ်၏နှမအရင်းကမွေးဖွားခဲ့၍၊ ဦးဘိုင်ဆပ်နှင့် အတူမကွာ နေထိုင်လာခဲ့သော တူသားအရင်း ဖြစ်လျက်၊ မန္တလေးမြို့သို့ပြောင်းရွှေ့ လာသောအခါ ၈၃- လမ်း သေဋ္ဌာတန်းမြောက်ပြဲ တောင်ဘလူရပ်တွင် နေထိုင်ခဲ့၍၊ ၎င်းဦးမောင်မောင်ကွယ်လွန်သည့်နောက်၊ ကျန်ရစ်ခဲ့သော သားကြီးတယောက်မှာ၊ ဟာဂျီပု ဖြစ်လေသည်၊

ဘင်္ဂလားသူဌေးမင်း ဦးအဗ်ဆင်မှာမူကား၊ ငယ်စဉ်က၊ ဦးဘိုင်ဆပ်အိမ်သို့ရံဖန်ရံခါ သွားရောက်နေထိုင်ရင်း၊ ဦးဘိုင်ဆပ်၏တယောက်တည်းသောသမီးနှင့် လူငယ်တို့ဘာဝချစ်ကြိုက်ထွက်ပြေးကြရာ၊ ဦးဘိုင်ဆပ်က၊ ရန်မူမည်ကိုကြောက်သဖြင့်၊ တရုပ်နယ်သို့သွားရောက် နေထိုင်ကြ၍၊ ဦးဘိုင်ဆပ်-ရာဇဝတ်ဖြစ်ဒဏ်ခံရပြီးမှ၊ အမရပူရမြို့သို့ပြန်လည်လာရောက်ကြသည်ဟူ၏၊

ထိုဘင်္ဂလား သူဌေးမင်းနှင့်၊ ဦးဘိုင်ဆပ်၏သမီးရင်းတို့မှ တယောက်တည်းမျှ မွေးဖွားရရှိသောသားကို (ချစ်ကြိုက်ထွက်ပြေးရန် စီမံကြစဉ်က၊ အခန်းတံခါးပိတ်ထားသဖြင့်၊ အကာအရံကို ဖေါက်ပြီး တောက်လျှောက်လိုက်ပါရခြင်းအထိမ်းအမှတ်ဖြင့်) ကိုဘိုးဖေါက်ဟူသောအမည်နာမကို မှည့်ခေါ်ခဲ့သည့်နောက်၊ မန္တလေးမြို့သို့ပြောင်းရွှေ့နေထိုင် ကြသောအခါ၊ ၎င်းကိုဘိုး ဖေါက်ကိုဦးအဗ်ဆင်၏၊ တူမ(ဒေါ်မြ)ဆိုသူနှင့် ပေးစားထိမ်းမြားခဲ့၍(မောင်ဆိုင်)ဟူသော တယောက်တည်းသားကို ဖွားခဲ့ရာ၎င်း(မောင်ဆိုင်)မှလည်း မန္တလေးမြို့-ညောင်ပင် ဈေးအနီးနေ မိုးနဲ့စေဘွား အကြီးတော်၏သား၊ ဦးညွန့်-ဇနီး

ဒေါ်မေတို့၏သမီးနှင့်အကြောင်းပါ၍၊ သားသမီးများရခဲ့သည်မှာဦးဘိုင်ဆပ်၏(တိ)ဆက်ဖြစ်လေသည်။

ဦးဘိုင်ဆပ်သည်၊ မြို့စာရေးမင်း-ဦးပိန်၏ ကြိုးဆွဲရာကပြီး၊အမရပူရမြို့တော်ကိုတိုက်ခိုက်သိမ်းယူရန်၊စစ်သားရဆောင်းတို့ရာ၊စစ်စရိတ်အနှင့်လှည်း ဇပီးတိုက်ခန့်သော ရွှေငွေပစ္စည်းများကို၊ ငါးပိ ကျောင်းတိုက်အနီးရှိ ဦးပိန်၏ ရေကန်ထဲ၌၊ အုတ်တိုက်နှင့် သိုလှောင်ထားခဲ့ သည်ဆိုသောစကားကိုမကြားခဲ့ဘူးချေ။ ဦးဘိုင်ဆပ်၏တူအရင်း အတူနေထိုင်ခဲ့သူအဆိုပါ (ဦးမောင်မောင်)က အကြိမ်ကြိမ်ပြောပြခဲ့ဘူးသည်မှာ၊ ဦးဘိုင်ဆပ် အမှုရောက်လာသည့်တပြိုင်နက်၊ အိမ်ရှိရွှေထည်၊ ငွေထည်၊ စိန်ထည်၊ ကျောက်ထည်၊အတိုးငွေသုံးသောင်းကျော်၊ လေးသောင်း ခန့်တန် ပစ္စည်းအားလုံးကို၊ ပုတ်တခုတွင် သွင်းပိတ်ပြီး၊ (တောင်မင်းကြီးခေါ်-နေပူခံ ဘုရား၏မြောက် (လင်းစင်း ကုန်း)ခေါ်ကုလားသင်းချိုင်းကုန်းအရှေ့(ဗုဏ္ဏားဝန်မင်း) သို့မဟုတ် ကုလားဝန်မင်း ဦးဘိုင်လုံးက တည်ဆောက် ထားခဲ့သော၊ ပန်းရုံပလီကြီးအရှေ့ရှုးရှုး၌ရှိ၊ ရေတွင်းကြီး ထည်းသို့ညအချိန်မှဲ့၌သွားရောက်ချထားခဲ့ရာ၊မည်သူမည် ဝါမှရသည်လို့မကြားရ၊ ကျွန်ုပ်ကိုယ်တိုင် လည်းခဏ ခဏဆိုသလို သွားရောက်ရှာဖွေရာ၊ ရေတွင်းနေရာကိုမ မှတ်မိသည့်အတွက်၊မြေသြဇာဖြစ်လျက်ရှိသည်ဟု ပြော ပြခဲ့သည်ကိုသာကြားနာဘူးရလေသည်။

ထိုမှတပါး အမရပူရ-လမ်းငါးခွရပ်ရှိ၊ ဦးဘိုင်ဆပ်၏ ဝင်းခြံနေအိမ်ဟောင်းကို၊ ပိုးကုန်သည် ကိုဇင်-မခတ္တိ ဝယ်ယူရရှိသည့် ၁၀ နှစ်ကျော်လောက်ကစ၍၊ရင်းဝင်း

မြေအတွင်းမှာ၊ ဦးဘိုင်ဆပ်က မြှုပ်ထားခဲ့သော၊ သိုက်ပစ္စည်းများ ရှိသည်ဟု ပြောကြဘန် များသော ကြောင့် ကိုဇင်-မခတ္တိသည်၊အင်္ဂလိပ်လောကဓါတ်ဆရာ၊အင်ဂျင်နီယာကြီးများနှင့် နှီးနှောပြသ၊ဓါတ်ကြိယာများနှင့်ကြည့်ရှုကြပြီးသိုက်ကျသည်ဟု သဘောရသော၊ ဝင်းဝင်းခြံ၏ မြောက်ဘက်အကာအရံ၊ ခုတ်တံတိုင်းအတွင်းဘက်အရှေ့မြောက် ခတ်ကျကျတွင်၊ တူးဆွကြရာ၊ စရိတ်စက များစွာကုန်ကျသော်လည်း၊တစုံတရာဘာမျှမပေါ်ရသဖြင့်တူးလက်စနှင့်ဖြစ်ထားရလေသည်။

# အခန်း—၆။

## မင်းတုန်းမင်းတရားကြီးက ဇေရဗာဒီတို့အား ထောက်ပံ့တော်မူခြင်း

ပဉ္စမ သင်္ဂါယနာတင်၊ ဘဝရှင် မင်းတုန်းမင်းတရားကြီးသည် ဗုဒ္ဓမြတ်စွာ၏သာသနာတော်ကို အလေးပြုတော်မူသော မင်းတရားကြီးဖြစ်သော်လည်း၊ ဗမာနိုင်ငံတွင်ရှိ အခြားဘာသာဝင်တို့အား ဆန့်ကျင်ခြင်းမပြုဘဲ၊ ထိုက်သည့်အားလျော်စွာ၊ ချီးမြှောက်တော်မူလေသည်။ ထိုသို့ ချီးမြှောက်တော်မူခြင်းအားဖြင့်လည်း၊ ဘာသာတပါး လူမျိုးများက မင်းတရားကြီးအား ကြည်ညိုလေးမြတ်ကြလေသည်။ ။

ဗုဒ္ဓဘာသာဝင် ရဟန်း ရှင်လူ အပေါင်းတို့သည်။ မိမိတို့ ဘာသာ အလျောက်၊ အိန္ဒိယနိုင်ငံ မဟာဗောဓိ စသည်များသို့ သွားရောက်ဖူးကြသကဲ့သို့၊ ဗမာပြည်ရှိ၊ မူစလင်ဘာသာဝင်၊ ဇေရဗာဒီလူမျိုးတို့သည်လည်း၊ အာရပ်ပြည်မဟာမက် သင်္ချိုင်းတော်ရှိရာ၊ မက္ကာမြို့သို့ သွားရောက်ဖူးကြလေသည်။ မင်းတရားကြီး

သည့် မူစလင်ဘာသာဝင် ဇေရိဘာဒီတို့ လျှောက်ထား အသနားတော်မြွက် ခံကြသည်ကို ညှင်းပယ်တော်မမူဘဲ၊ မိမိ၏တိုင်းသူပြည်သား မူစလင်ဘာသာဝင် များသည်၊ မဟာမက် သင်္ချိုင်းတော်ရှိရာ၊ မကာမြို့သို့ သွားရောက်၊ ကြရာ၌၊ ညှိုးနွမ်းပင်ပန်းခြင်း မရှိကြစေလိုသော စေတနာ ဖြင့်စရိတ်လုံလောက်စွာချီးမြှင့်မစတော်မူပြီးလျှင်၊ မကာမြို့ မဟာမက် သင်းချိုင်းတော် ရှိရာဌာနတွင်၊ ဒေါင်းတံဆိပ် ခပ်နှိပ်သော ဇရပ်ကြီးတဆောင် ဆောက်လုပ်တော်မူစေ သည်ဟူ၏။

မြေဒူးမြို့-ဦးဇွဲတောင်-ခေါ်- မိ ဟာရစ်ဒင်-ရေးသော စာအုပ်ငယ်၌၊ "မြန်မာဘုရင် မင်းတုန်းမင်းတရားကြီးက၊ စရိတ်အလုံအလောက်နှင့်၊ ခလီဖွာသခင်ကို မကာမြို့သို့ လစ်သာတိုက် တည်လုပ်ရန် စေလွှတ်တော် မူလိုက်၍၊ မကာမြို့မှာ မင်းတုန်းမင်း တရားကြီး အမိန့်တော်နှင့်၊ ဒေါင်းတံဆိပ် ခတ်မှတ်တည်လုပ်ရန် သွားသည်" ဟူ၍ ရေးသားပါရှိသည့်ပြင်၊ "မွေ့သိမ်ဂုဏ်ခေ" အစချီသော မကာသွား လင်္ကာ၌လည်း၊ ။ "လစ်သာ တိုက်ဆိမ်၊ မွေ့သိမ်နေရာ၊ ပြည်မကာတွင်၊ ကုသိုလ်ပင်ကို၊ ဆွဲငင် စိုက်မည်၊ ခလီဖွာ သခင်၊ ဘျော်ဘင် ဂုန္နရတ်၊ နေရာ မြတ်ကို-တွေ့မည်ဆိုလျှင်" ဟူ၍ စပ်ဆိုထားလေသည်။ ။

ရင်းပြင်၊ မိုဟာမွှဒ်အီစာ-ခေါ်၊ ဦးမြ(၁)ရေးသားသော စာအုပ်ငယ်၌လည်း၊ "ပဉ္စမ သင်္ဂါယနာတင်၊ မင်းတုန်း မင်းတရားကြီး လက်ထက်တော်၌၊ မြန်မာ မွတ်စလင် လူမျိုး၊ ခလီဖွာကြီး ဦးရွှေလုံးနှင့်၊ ရင်းမြန်မာ မွတ်စလင် လူမျိုးတဦးတို့ကို၊ အာရေဗျယာနိုင်ငံရှိ မက္ကာမြို့တော်သို့

(ဟာဂျ)ဘုရားဖူးဝတ်ဖြည့်ရန်သွားသည့်မြန်မာပွတ်စလင်တို့ မက္ကာမြို့ရောက်ရှိက၊ တည်းခိုနေထိုင်ရန်၊ ကိုယ်ပိုင်တိုက်အိမ်မရှိလျှင်၊ ငါ၏ပသီကျွန်တော်မျိုးများ၊ ဂုဏ်အသရေ ယုတ်လျော့ဘွယ်ရှိသည်။ တည်းခိုရန် တိုက်အိမ်ဆောက်လုပ်ရမည် အမိန့်တော်နှင့်၊ မင်းတရားကြီးက ငွေတော် အမြောက်အမြား ထုတ်ပေး သနားတော်မူ၍၊ မက္ကာမြို့တော်သို့သွားနေက်(ရိုဘတ်)ဟုခေါ်သည့် တိုက်ကြီးကိုတည်ဆောက်၊ ဒေါင်းတံဆိပ်နှင့်အလံတော်ထူ၍၊ မက္ကာဓိဂျူဝှတြာဓိရုံးရှိမှတ်ပုံတင်ထားမြန်မာပြည်က သွားရောက်သော ပွတ်စလင်များ၊ အခမဲ့ တည်းခိုခြင်းဖြင့်၊ ယခုတိုင် တည်ရှိပေ၏”ဟူ၍ ရေးသား ဖော်ပြထားလေသည်။ ။

## သူကောင်းပြုခံရသူများ

ဗမာ ဘုရင်မင်းမြတ်တို့ လက်ထက်တော် အခါက၊ သူကောင်းပြုခံရသော ပွတ်စလင်ဘာသာဝင်ဇေရဲဘာဒီ လူမျိုးများ အကြောင်းကို၊ “မြန်မာ ပွတ်စလင် တို့၏ အတ္ထုပ္ပတ္တိအကျဉ်းချုပ်” စာစုပ်ငယ်၌၊ အောက်ပါအတိုင်း ဖော်ပြထားလေသည်။ ။

(၁) မင်းကြီး မဟာမင်းလှကျော်ထင်၊ ကုလားဝန်မင်း ဦးခွန်းမှာ၊ မြန်မာပွတ်စလင် လူမျိုးဖြစ်၍၊ နေပြည်တော်ရှိ အိန္ဒိယသား လူအမျိုးမျိုးနှင့်၊ မြန်မာပွတ်စလင်လူမျိုးတို့အပေါ်က၊ကုလားဝန်အဖြစ် ဘုရင်မင်းမြတ်က ခန့်ထားတော်မူသည်။ဝန်၏အဆောင်အရွက်အစီးအနင်းများကို သနားတော်မူခြင်း ခံရသည့်ပြင်၊ဆင်စီး၍ရွှေထီး ၂-ချက်ဆောင်းရသည်။

(၂) အကောက်ဝန်၊ ကျောက်ရဲမြို့စား၊ မွလ္လာအစ်စ်မာဒ်အိလ်ဆာပ်၊ အင်္ဂလိပ်မင်းလက်ထက်၌ "ခံ-ဘဟာဒူ" ဘွဲ့ရသူမှာ၊ အကောက်ဌာနအရပ်ရပ်၏ဝန်ဖြစ်သည်။ ဥစ္စာဓနမျိုးစွာကြွယ်ဝ၍၊ ဘုရင်မင်းမြတ်နှင့် မိဖုရားခေါင်ကြီးတို့ များစွာသဒ္ဓါတော်မူသည်။ ရေနံချောင်းမြို့၌ ရေနံတွင်းများစွာ ပိုင်ဆိုင်ရှိခဲ့သည်။ မဂ္ဂတာ ပိုင်-အိုင်မွလ္လာ၏ သခင်ဖြစ်၍၊ မဂ္ဂတာ ရှုရတီ၏ယောက္ခမ။ ၎င်းကားစင် ရှုရတီ၏ဘိုးအဖြစ်သည်။ ဝန်၏အစီးအနင်း အဆောင်အရွက်ကို၊ အစားသနားတော် မြတ်ခံရသည့်ပြင်၊ ဆင်စီး၍ရွှေထီး ချက်ဆောင်းရသူဖြစ်၏။ အလှူအတန်းကောင်းမှုကုသိုလ်ပြုသူဖြစ်သည့်ပြင်၊ မန္တလေးမြို့ ဈေးချိုတော် မြောက်ဘက် သြဘာဂျုံနရာကို၊ ဘုရင်မင်းမြတ် ထံမှ သနားတော်မူခြင်း ခံရ၍၊ ရှုရတီမစကျစ် (ပလီကြီး)ကို၊ ခမ်းနားတင့်တယ်စွာ တည်ဆောက်ခဲ့သူ ပလီတကာဖြစ်သည်။ ။ဗြိတိသျှအစိုးရမင်းတို့ မြန်မာပြည် အထက်ပိုင်းကို သိမ်းယူပြီးနောက်လည်း၊ မန္တလေးမြို့ဈေးချိုတော်ကြီးကို ၁၀-နှစ်တိုင်တိုင်၊ အခွန်လွှတ် အခကောက်ခံသုံးစားခဲ့ရသည်။ ဈေးချိုတော်၏ မြောက်ဘက်၊ ဂိုဒေါင်ဆိုင်ခန်းတလျှောက်နှင့် ဈေးချိုတော်၏တောင်ဘက်၊ ရုံတော်ကြီးတိုက်တန်းတလျှောက်သည် မူလက ၎င်းပိုင် ပစ္စည်းများဖြစ်ခဲ့သည်။ အင်္ဂလိပ်အစိုးရမင်းတို့ကလည်း ၎င်းကို အလေးအမြတ် အရေးတယူပြု၍၊ "ခံ-ဘဟာဒူ" ဘွဲ့ကို ချီးမြှင့်ပေးအပ်သည်။ ၎င်းကွယ်လွန်သည့်အခါ၊ ၎င်း၏ ရုပ်အလောင်းကို၊ ၎င်းဆောက်လုပ်လှူဒါန်းသည့်၊ ရှုရတီ ပလီဝန်း၌ မြှုပ်နှံ (ဒဖနာ) ပြုရန်ခွင့်ပြု၍၊ ဒဖ္ဖနာပြုရသည်။

(၃) ကက်ပတိန်ဦးဘိုးမြမှာ၊ မြန်မာပွတ်စလင်ဖြစ်၍ ဘုရင် မင်းမြတ် စီးတော် မူသည့်၊ သင်္ဘော တော်၏ ကက်ပတိန် ဖြစ်သည်။

(၄) ဗိုလ်မင်း ဦးနှစ်၊ စကြာ အမြောက်တပ်၊ ဗိုလ် ဦးဟာရှင်၊ မင်္ဂလာအမြောက်ဘုန်းအိုးဗိုလ် ဦးလောက်၊ အမြောက်တပ် သွေးသောက်ကြီး ဦးခိုး တို့မှာ၊ မြန်မာ ပွတ်စလင်များဖြစ်ကြသည်။ အမြောက်တပ်-တပ်ဗိုလ်မှူး ကြီး သွေးသောက်ကြီးများ ဖြစ်ကြ၍၊ ဘုရင် မင်းမြတ် သဒ္ဓါယုံပုံခြင်းကို ခံရပြီးလျှင်၊ ဗိုလ်မှူးများ၏အစီးအနင်း အဆောင်အရွက်များကိုရရှိသည့် ရွှေထီး ဆောင်းရသူ များဖြစ်သည်။ မြန်မာဘုရင် မင်းမြတ်၏ အမြောက်တပ် တတင်လုံးမှာ၊ အမြောက်ဝန်မင်းမှတပါး၊ မြန်မာ ပွတ် စလင်များလိုလိုပင် ဖြစ်သဖြင့်၊ ဘုရင်မင်းမြတ်၏ အမှု တော်ကိုဦးလည်မသုံ ထမ်းရွက်ခဲ့ဘူးသူများ ဖြစ်ကြ၍၊ ယုံကြည်သဒ္ဓါ ချီးမြှင့်တော်မူခြင်းကို ခံခဲ့ကြရသည်။

(၅) အာဂါဟူစိန်ရှည်ရာဇိမှာ၊ အိရန်အမျိုးအနွယ် ပွတ်စလင်ဖြစ်၍၊ မြန်မာမင်းလက်ထက်တော်က၊ အခွန် ဝန်ရာထူးနှင့် ထမ်းရွက်သည်။ ဗြိတိသျှ အစိုးရမင်းတို့ ဝင်ရောက်ပြီးနောက်၊ နယ်ပိုင်ဝန်ထောက်ရာထူးနှင့် အမှု ထမ်းပြီးလျှင်၊ အလုပ်မှထွက်၍၊ မန္တလေးမြို့ မီးထွန်းခြင်း ကံထရိုက်ကို စတင်လုပ်ခဲ့၍၊ မီးတိုင်အုပ်ကြီးဟူ၍လည်း ခေါ်တွင်ခဲ့ကြသည်။

(၆) လက်သုံးတော် မောင်မောင်ရှင်မှာ၊ မြန်မာ ပွတ် စလင်ဖြစ်၍ သီဘောမင်း၏လက်သုံးတော်ဖြစ်သည်။

(၇) ကျို့ပင်တက်မြို့စား-ခင်မြကြီးမှာ၊မြန်မာ မှတ်စလင် သူဌေးမင်း-ဦးရန်အောင်နှင့်၊သူဌေးကတော် မမကြီးတို့၏ ထွီးအကြီး ဖြစ်သည်။ ။မကြာမီက နတ်ရွာစံသည့်၊ မိဖုရားခေါင်ကြီး၏ အလွန် သဒ္ဓါတော်မူသော မြို့စား အပျိုတော်ကြီးဖြစ်၏။ သနားတော်မူ၍-ရွှေထီး ဆောင်းရသည်။ ရွှေဖလား- ရွှေထွေးခံများ သုံးစွဲခွင့်ရသည်။

(၈) ဒဝါးရွာစား-ခင်စိန်မှာ၊ဒဝါးရွာကိုစားရသည်။ အသက် ငယ်ရွယ်သူဖြစ်၍၊ အရှင်နှစ်ပါးနှင့် နီးကပ်စွာခစားရသည်။ရွှေထီး-ရွှေဖလားရသည်။

(၉) ဆင်တဲရွာစား-ခင်လေးကြီးမှာ၊ မြန်မာ မှတ်စလင်လူမျိုး၊ ဆင်ချိတ်ပိုင် သူဌေးမင်း၏မြေး၊ ဘင်္ဂလားသူဌေးမင်း-ဦးအိဆင်၏ တူမလေးလီအမ-ဒေါ်ဘဲရုတ်၏ သွီးဖြစ်သည်။မင်းတုန်းမင်း မိဖုရားခေါင်ကြီး၏ အပျိုတော်ဖြစ်၍၊ ရွှေထီး ရွှေဖလား-အစရှိသည့်၊ အစီးအနင်းအဆောင်အရွက်များကိုရသည်။ မင်းတုန်းမင်း၏ တောင်နန်းမဒေဝီ-မဟေသီ မိဖုရားခေါင်ကြီး နတ်ရွာ စံလွန်တော်မူသည့်နောက်၊ နန်းတော်မှ အိမ်သို့ပြန်၍ နေထိုင်သည်။

(၁၀) စာတော်ဘတ်-ဦးဘိုးဇွမှာ၊ မြန်မာ မှတ်စလင်သူကြွယ်မင်း ဦးစံပျော်၏သားဖြစ်၍၊ကုလားဝန်မင်း၏သင်္ကေတဖြစ်သည်၊အမိန့်တော်ရမင်းဦးဘကြည်၏ဘခင်ဖြစ်သည်၊မြန်မာမင်း ထက်ထက်တော်က၊စာတော်ဘတ်ရာတူးနှင့် အမှုတော်ကိုထမ်းရွက်ရသည်၊ဗြိတိသျှအစိုးရ

မင်းတို့လက်ထက်တော်၌၊ အမြတ်တော်သူကြီး ရာထူးနှင့် လုပ်ကိုင်ပြီး။ ရှေ့နေစာမေးပွဲအောင်မြင်၍၊ အမိန့်တော်ရ ဖြစ်သည်၊ မြန်မာစာ အရေးအသား၊ အပြော အဆို၌၊ နည်းယူ မှတ်သားလောက်အောင် ကောင်းသောပုဂ္ဂိုလ် ဖြစ်ပေ၏။

(၁၁) ရာပြတ်ခင်း-ဦးဖှော်မှာ၊ မြန်မာ ပွတ်စလင် ဖြစ်၍၊ ဘုရင် မင်းမြတ်၏၊ ထင်ရှား ကျော်စောသော ရာပြတ်တော် ဖြစ်၏၊ ၎င်း ပုဂ္ဂိုလ်မှာ၊ ရာပြတ်တော် ဦးမောင်ကလေး၏အဘ၊ မင်းတိုင်ပင် အမတ်ဟောင်း ဦးဝိုး၏ ဘိုးဖြစ်သည်၊ မင်းတုန်းမင်းတရားကြီးလက်ထက် တော်၌၊ ထင်ရှားသည့်ပုဂ္ဂိုလ်ကြီးတဦးဖြစ်သည်၊

(၁၂) ပွဲစားတော်-ဦးရွှေသီးမှာ၊ မြန်မာ ပွတ်စလင် ဖြစ်၍၊ မြန်မာဘုရင်မင်းမြတ်၏၊ အကောက်ရုံ၊ပွဲရုံတော် များမှာ၊ ဘုရင်မင်းမြတ်ဘက်က၊ ပွဲစားတော် ပြုလုပ် ဆောင်ရွက်ရသည်၊ ဥစ္စာဓနပေါကြွယ်ဝ၍၊ ကောင်းမှု ကုသိုလ်များကိုပြုခဲ့သော ပုဂ္ဂိုလ်ကြီးတဦးဖြစ်ပေ၏။

(၁၃) ရာပြတ်- ဦးမောင်ကလေးမှာ၊ ကျောက်သံ ပညာမြားမှု၍၊ အဘည်အလိပ်၊ ထွက်ကုန် ဝင်ဝန်များကို အတိုးဖြတ်သိရန်အတွက်၊ ဘုရင်မင်းမြတ်က ခန့်ထား သည့်၊ ရာပြတ်တော်ဖြစ်ပေ၏၊ မြန်မာပွတ်စလင် လူမျိုး ဖြစ်၍၊ ဥစ္စာဓနကြွယ်ဝလျက်၊ အလှူအတန်း ကောင်းမှု ကုသိုလ်များကိုပြုသူ ဖြစ်ပေ၏။

(၁၄) မဟာဒေဝဂုဏ-ဆင်ချိဘိုင် သူဌေးမင်းဦး ရစ်မှာ၊ မြန်မာပွတ်စလင်ဖြစ်၍၊ ဥစ္စာဓန လွန်စွာကြွယ်ဝ လျက်၊ မြန်မာပွတ်စလင်လူမျိုးတို့အနက်က၊ ပုဂံခင်း၊ မင်း

တုန်းမင်း ၂-သက်ထက်တွင်၊ ထင်ရှားကျော်စောသည့် သူဌေးကြီးဖြစ်၍၊ ပလီ၊ ကျောင်းကန်၊ ဇရပ်၊ တန်ဆောင်း-များစွာ ဆောက်လုပ် လှူဒါန်းခဲ့၍၊ ဘုရင်မင်းမြတ်ကို ယုံပုံတိုင်ပင်ခြင်းကိုခံရ၍၊ ဩဇာတိက္ကမကြီးသူဖြစ်၍၊ နံနက်ညီလာခံတွင် အမြဲခစားရ၍၊ ရုံဘန် ညညီလာခံ၌ တိုင်ပင်ဆွေးနွေးတော်မူခြင်းကိုခံရ၍၊ ပုဂံမင်းနှင့် မင်းတုန်းမင်း ၂-ပါးစလုံးကိုမင်းသားဘဝကပင် ထွက်ဝင်ရင်းနှီးခြင်းရှိခဲ့သူ၊ အိမ်တော်ပါ'ကျွန်ရင်းဖြစ်၍၊ မင်းကြီးစိုးကြီးများနှင့် မခြားခနား။ တိုင်းရေးပြည်မှု အရေးကြီးသည့်-အရေးကိစ္စများကိုပင် ယုံပုံ လွှဲအပ်၊ နှီးနှော တိုင်ပင်တော်မူခြင်းကို ခံရ၍။

(၁၅) မဟာဘောဂ-သေဋ္ဌိ၊ မောင်မောင်ကြီးခေါ်-ဘင်္ဂလားသူဌေးမင်း-ဦးအိဆပ်မှာ၊ ဆင်ချိုတိုင်သူဌေးမင်း ဦးရှစ်၏သားကြီးဖြစ်၍၊ ပုဂံမင်း ရွှေမြို့တော်ဝန်၊ ဦးတိုင်ဆပ်၏သမက်ဖြစ်သည်၊ သူဌေးမျိုးရာဖြစ်၍၊ ဥစ္စာ ဓန ပေါများကြွယ်ဝသူဖြစ်သည်။ မင်းတုန်းမင်းနှင့် သီပေါမင်းတရားသက်ထက်တော်များ၌၊ တော်ကာ-အလိုတော် ရှိရာ၊ ရွှေငွေအမြောက်အမြားကိုဆက်သွင်းခဲ့သည်၊ ရေနံချောင်းမြို့၌ ရေနံတွင်းအများရှိ၍၊ မြင်းခြံဒိစတြိတ်ပြင်စိနယ်တွင်၊ လယ်ယာ အမြောက်အမြား ပိုင်ဆိုင်ရှိသည်၊ ဘုရင်မင်းမြတ်များ ယုံကြည်သဒ္ဓါတော်မူ၍၊ အရေးကြီးသည့် ကိစ္စရပ်များ တိုင်ပင်ဆွေးနွေးတော်မူခြင်းခံရသည်။ ဘာသာရေး ကောင်းမှုကုသိုလ် များစွာပြုလုပ် လှူဒါန်းသည့်ပြင်၊ သူဌေးတန်းရှင်ရှိ ပလီကြီးကို၊ တည်ဆောက် လှူဒါန်းခဲ့သည့် သူဌေးတန်း ပလီတကာဖြစ်သည်။ မြန်မာပွတ်စ

လင်တို့အနက်၊ အမျိုးသားတို့၏ ဂုဏ်ကြက်သရေဆောင် ထင်ရှားကျော်စောသည့် ပုဂ္ဂိုလ်ကြီးတဦးဖြစ်၍၊ မြန်မာ မွတ်စလင်တို့၏ အကျိုးကျေးဇူးကို၊ အမြဲ စောင့်ထိန်းခဲ့သူဖြစ်ပေ၏။ အင်္ဂလိပ်မင်းတို့ဝင်ရောက်ပြီးနောက်လည်း ၎င်းကွယ်လွန်သည့်တိုင်၊ မန္တလေးမြို့၌၊ ပဌမတန်း သူကောင်းဖြစ်၊ ရာဇဝတ် တရားသူကြီးအဖြစ်နှင့်၊ ခန့်ထားချီးမြှင့်ခြင်းကိုခံရပေ၏။

(၁၆) မဟာဘောဂ-နေသေဋ္ဌ-သီရိရာဇာဘွဲ့ရ၊ သူဌေးမင်းဦးရန်အောင်မှာ၊ မြန်မာမွတ်စလင်ဖြစ်၍၊ ဥဿာ ခန်ကြွယ်ဝသူ ဖြစ်ပေ၏။ ဘုရင်မင်းမြတ် အလိုတော်ရှိရာ ငွေကြေးများကိုဆက်သွင်းရ၍၊ မြစ်စဉ်အကောက်နှင့် ရှမ်းပွဲ သဘက် အကောက်တော်များကို ကြီးကြပ်ရသည်။ ကောင်းမှု ကုသိုလ်၊ ပလီ၊ ဇရပ်များကို တည်လုပ်၍၊ ကျော်ကြားခဲ့သော ပုဂ္ဂိုလ်ကြီးတဦးဖြစ်၏။ အမျိုးသားတို့၏ကြီးပွားရေးများ၌၊ အစဉ် အားပေး ကူညီခဲ့ပေ၏။ သူဌေးအစီးအနင်း အဆောင်အရွက်များကို ဝတ်ဆင်၍၊ သူဌေးကတော် မမကြီးနှင့် အတူဟာဂျ၊ အရှင် ၂-ပါး ရှေ့တော်၌၊ မပြတ်ခစား၊ သဒ္ဓါယုံကြည်တော် မူခြင်းများကို ခံကြရပေ၏။

(၁၇) မဟာ သီရိသုခ-သေဋ္ဌ-အနန္တပိုဏ် ဘွဲ့ရ၊ သူဌေးမင်း ဦးပိန်မှာ၊ မြန်မာမွတ်စလင်ဖြစ်၍၊ ဥဿုံခန် ကြွယ်ဝချမ်းသာ၍၊ ဘုရင်မင်းမြတ် အလိုတော်ရှိရာကို ဆက်သွင်းရသူဖြစ်ပေ၏။ ဘာသာသာတုံးစံရှိရာ၊ အလှူ ဒါန ကောင်းမှုကုသိုလ်အများပြုလုပ်ခဲ့၍၊ အမျိုးသားတို့ ဂုဏ်

ကြက်သရေကိုဆောင်သော ဗုဒ္ဓိုလ်ကြီးတဦး ဖြစ်ပေ၏၊ ဘုရင်မင်းမြတ်၏ ယုံကြည် သဒ္ဓါတော်မူခြင်း ကိုလည်း ခံရပေ၏။သူမွေးတို့ဝတ်ဆင်သည့် ဘောင်းဘီတို့ဖြင့် ဘုရင့်ရှေ့တော်၌ မပြတ် ခစားရပေ၏။

(၁၈) မဏိဇောတ၊ မဟာသာလ၊သူကြွယ်မင်း၊ဦး စံပျော်မှာ၊မြန်မာပွတ်စလင်လူမျိုး၊ဥစ္စာဓနကြွယ်ဝ ပေါ များသူဖြစ်၍၊ဘုရင်မင်းမြတ် အလိုတော်ရှိရာဆက်သွင်း၊ သူကြွယ်တို့ဝတ်ဆင်ရသည့် ဝတ်စား တန်ဆာတို့ဖြင့်၊ ဘုရင်မင်းမြတ်ရှေ့တော်၌၊ မပြတ်ခစား၊ သဒ္ဓါ ယုံပုံခြင်း များကိုခံရသည်။အမျိုးအသသရှိရာ၊ ကောင်းမှုကုသိုလ် များကို ငွေကြေးများစွာကုန်ကျ သုံးစွဲပြုလုပ် ဖျော်ခဲ့၍၊ အမျိုးသားတို့အား ကျည်းထောက်ပန့်ပေ ရှိ၏။

(၁၉) အသုံးတော်ခံ-ဦးရွှေဘန်းမှာ၊ အရေပူရ-ဗုဒ် မင်းတရားကြီးလက်ထက်တော်မှ၊သီပေါ်မင်းတုန်းမင်း တရားကြီး လက်ထက်တော်တိုင်၊ ဘုရင်မင်းမြတ်များ၏ ထင်ရှားသော အသုံးတော်ခံကြီး ဖြစ်ခဲ့ပေ၏။ ဥစ္စာဓန ပေါများ၊လယ်ယာ၊ဥယျာဉ်၊မြေ-များစွာရှိ၍၊ ကောင်း မှုကုသိုလ်များစွာကိုလည်းပြုခဲ့ပေ၏။

(၂၀) အသုံးခံ-ဟာဂျီ-ပလီဆရာကြီး ဦးပြုံးမှာ၊ မြန်မာပွတ်စလင်ဖြစ်၍၊ နန်းတော် အိမ်တော်သား အလို တော်ရှိသ၍၊ အကြွင်းအချို၊ အထည်အလိပ်များကို ဆက် သရသည်။မင်းမိဖုရားတို့၊ သဒ္ဓါယုံပုံခြင်း များကို ခံရ သည်။ဥစ္စာပစ္စည်းများစွာမှ ချမ်းသာကြွယ်ဝ၍ ကောင်း မှုကုသိုလ်များစွာ ပြုလုပ် ခဲ့သည့်ပြင်၊ မန္တလေးမြို့တွင် ထင်ရှားကျော်စောသော ဇွန်းပလီကြီးကို တည်ဆောက်

ဖျော်ဒါန်းခဲ့၍၊ရှင်းပလိ၏ ဝေယျာဝစ္စသုံးစွဲရန် ကုန်ကျရန်အတွက်၊လစ်လာဝန်းကြီးနှင့်၊ ဂျွန်းပလီ ဝန်းကြီးများ။ ရှင်းဝန်းကြီး ၂ ဝန်းအတွင်းရှိ အဆောက်အဦးများစွာကို၊အမွှေဒါန်ဝတ်ကပြုလုပ်ဖျော်ဒါန်းခဲ့သည်။ ဘာသာစီးတရားများကို၊ကြွင်တည်းစွာ လိုက်နာ ကျင့်ကြံခဲ့သည့် ပရော်ဖက်ဂါရီ-သူတော်ကောင်းကြီးတဦးဖြစ်ပေ၏။

(၂၁) ဟာဂျ်ကြီ, ဦးဗွလ္လာဆင်မှာ။ မြန်မာ မွတ်စလင်တို့အနက်၊မြန်မာမင်းနှင့် အင်္ဂလိပ် မင်းတို့ ၂-လက်ထက်တွင်၊ထင်ရှားကျော်စောသည့်၊ကုန်သည်ကြီးတဦးဖြစ်ပေ၏၊ဥစ္စာပစ္စည်း ကုန်လုံ ကြွယ်ဝ၍၊ ကောင်းမှုကုသိုလ်များစွာပြုခဲ့ပေ၏၊ဂျွန်းပလိ၏ ပဥ္စမ-မွတ်တဝလ္လီ-ဂေါပကလူကြီးဖြစ်ခဲ့ပေ၏၊ရှရေတရားတော်မြတ်နှင့်, ညီညွှတ်စွာဆောက်တည်ကျင့်ကြံနေထိုင်သော ပုဂ္ဂိုလ်ကြီးတဦးဖြစ်၍၊မြန်မာမွတ်စလင်တို့ အနက်၊ ဝိနမ့်ရှာ ယူ၍အားလုံးကြည်ညိုလေးမြတ်ယုံပုံခြင်းကိုခံရပေ၏။

(၂၂) ပလိတကာပဌာမြင်း,ဦးတိုးမြမှာ၊ မြန်မာမွတ်စလင် ဂုဏ်သရေရှိ ဆွေကြီးမျိုးကြီးတို့အနက်မှ၊ပဌာမြင်းကျောက်အရောင်းအဝယ်ကို၊အကြီးအကျယ်ရောင်းဝယ်ဆောက်ကားခဲ့သူဖြစ်၍၊မင်းတုံးမင်းနှင့် သီပေါမင်း ၂ လက်ထက်နှိုက်၊ပဌာမြင်းဦးတိုးမြ, ဟု၊မန္တလေး ရန်ကုန် ဘင်္ဂလားမြို့များနှိုက်၊ကျော်စောကိတ္တိရှိသူဖြစ်၏။ အမျိုးဘာသာအလျှောက်၊ ပလိ-ဇရပ်-ရေတွင်းနှင့် သင်္ချိုင်းမြေများကိုဆောက်လုပ်လှူဒါန်းသည့်ပြင်၊ မန္တလေး ဒိစတြိတ်နှင့်အနီးအနားရှိ မြို့ရွာများမှ မွတ်စလင်လူမျိုးအားလုံး ၂၀၀၀၀ ကျော်ခန့်ကိုပင့်ဖိတ်ကျွေးမွေး ချက်ပြုတ်

ကျေးမွေးသည့်ဒိုးအင်-ပန်းကန်၊ဖွန်း၊လင်ပန်းနှင့် တကွ အလှူကြီးပေးခဲ့ဘူးပေ၏။ မြန်မာ ပွတ်စလင်တို့ အနက်၊ ဂုဏ်တင်ဘော်ပြလောက်သည့် ပဏ္ဍိတ်ကြီး ကျော်ကြား ကုန်သည်ကြီးဖြစ်ပေ၏။

(၂၃) ကုန်သည်တော်,ဦးခြင်းအိုမှာ၊ မြန်မာ ပွတ်စလင် ရှေးဟောင်းအဆက်အနွယ်ထဲမှ၊ ထင်လျှားကျော်ကြားခဲ့သည့်ကုန်သည်ကြီးဖြစ်၍၊ မင်းဗုရားတို့ နှင့် နန်းတော်အိမ်တော်နှက်၊ဘုံတိုင် ဘင်္ဂလား၊လူးဆန်းသည့် ထည်မျိုး၊ အုပ်မျိုး၊အဘိုးထိုက်တန်သော ပစ္စည်းအမျိုးမျိုး တို့ကို ဆက်သွင်းခဲ့ရသည်။ ဆွေကြီး မျိုးကြီး ဩဇာ တိက္ခမကြီးသူတပေါက်ဖြစ်၍၊ စာပေ ပရိယတ္တိ တတ်ကျွမ်းဗဟုသုတနှင့်ပြည့်စုံသည့်လူကြီး လူးကောင်းတဦး ဖြစ်ပေ၏။

(၂၄) မလာမန်ဆရာကြီးခေါ် ဆရာကြီး ဦးပွင့်မှာ၊ မြန်မာပွတ်စလင်ဖြစ်၍၊မင်းတုံမင်း တရားကြီးက၊ ဘုံတိုင်,ဘင်္ဂလား မြို့များသို့ ယမ်းချက်လုပ်ခြင်း အတတ် ပညာကို သွားရောက် သင်ကြားရသည့် ပညာတော်သင် ဖြစ်သည်။ဝင်းဆရာကြီးဦးပွင့်မှာ၊အနောက်နိုင်ငံက ယမ်း ချက်လုပ်နည်းအမျိုးမျိုးကို သင်ကြား တတ်မြောက်ခဲ့၍၊ မင်းတုံးမင်းနှင့်သီပေါမင်းတရားတို့ ၂ လက်ထက်စလုံး နှက် အစိုးရ ယမ်းချက်ဝန်ကြီးဖြစ်သဖြင့်၊ ယမ်းအမျိုး မျိုးကို ဘော်စင် ချက်လုပ်ခြင်း၊ နန်းတော်-အိမ်တော်- ဘုရားပွဲတော်များနှက်။မီးပန်းမီးရှူး ဒုံးမီးအမျိုးမျိုးတို့ကို ပြုလုပ်ပြသရသည့်ဗုဏ္ဍိုလ်ကြီးဖြစ်သည်။

(၂၅) ဝလိခံ မြင်းတပ် ဗိုလ်ကြီး, ဦးတူမှာ၊ မူလ ဝလိခံ မြင်းတပ် ဗိုလ်ကြီး၏သား ဖြစ်၍၊ သီဘောမင်း လက်ထက်တော်နှိုက်၊ ဝလိခံမြင်းတပ်၏ ဗိုလ်မှူး ဖြစ်ခဲ့ သည့်၊မြန်မာပွတ်စလင်လူမျိုးဖြစ်၏။

(၂၆) အသုံးတော်ခံ,အုန်းတဖင်ရွာစား၊ ပလိ အမ မမ ဂွဲမှာ၊မြန်မာ ပွတ်စလင်မင်းမိန်းမ တဦးဖြစ်၍၊ လက် ထက်တော်နှစ်ရပ်နှိုက် ထင်ရှားကျော်စောသည့် အသုံးခံ ကြီးဖြစ်၍၊တုရင်မင်းမြတ်နှင့်မိဖုရားခေါင်ကြီးများ ယုံမှီ သဒ္ဓါတော်မူ၍ အုန်းတဖင်ရွာကို အစားသနားတော်မြတ် ခံရသည်။ဥဿနေကြွယ်ဝ ချမ်းသာခဲ့၍၊ ကောင်း မှု ကု သိုလ်များစွာပြုလုပ်ခဲ့သည့်မြင်ဥသျှစ်ကုန်းရပ်ရှိ ပလီကြီး ကိုတည်ဆောက်လှူဒါန်းခဲ့သည့်ပွတ်စလင် မင်းမိန်းမတို့ အနက်၊ ဂုဏ်ကြွက်သရေဆောင် စံနမူနာ ထားလောက် သည့် အသုံးခံ ပလီအမကြီးဖြစ်ပေ၏။

(၂၇) အသုံးခံပလီအမ,ဒေါ်ဘယက်မှာ၊မြန်မာပွတ် စလင်၊ ဆင်ချိုင်းဂိုင် သူဌေးမင်း၏သမီး၊ ဘဂ်လားသူဌေး မင်း၏အစ်မဖြစ်၏။သက်ထက်တော်ကြီး နှင့် လက်ထက် တော်ကလေးနှစ်ရပ်နှိုက်၊အသုံးတော်ခံ ဖြစ်၍၊ သဒ္ဓါယုံ ကြည်တော်မူခြင်းကိုခံရသည်။ ပလီမှစ၍ ကောင်းမှု ကု သိုလ် များ၊တည်လုပ်လှူဒါန်း၍၊ထင်ရှားသောမြန်မာ ပွတ် စလင်မင်းမိန်းမတဦးဖြစ်ပေ၏။

(၂၈) အသုံးခံပလီအမ,မမချို-စိန်ချိုချိုမှာ၊ မြန်မာ ပွတ်စလင်ဖြစ်၍၊အရှင်၂ပါးတော်နှိုက် စိန်တျောက် အ တွင်းအချီအထည်အလိပ်များကိုအသုံးတော်ခံဆက်သွင်း ရ၍၊အရှင်နှစ်ပါးတို့သဒ္ဓါယုံကြည်ခြင်းများကိုခံရသည်။

ဥက္ကာပစ္စည်းချမ်းသာကြွယ်ဝ၍၊ကောင်းမှုကုသိုလ်ပြုလုပ်ခဲ့သည့်အပြင်၊မန္တလေးမြို့ ၂၃ ထမ်းနှိုက် ကျောက် ဖြင့် ပြီးသော ပလီကြီးနှင့်၊ ၎င်းကျောက်ဖြင့် မဒရ စာသင်ကျောင်းများကို၊တည်ဆောက် လှူဒါန်းခဲ့သည်။ မြန်မာမွတ်စလင်ခင်းမိန်းမတို့အနက်၊ထူးခြားထင်ရှားသူ တဦးဖြစ်ပေ၏၊

(၂၉) ပလီအမ မမနှစ်ခေါ်-အသုံးခံ မနှစ်မှာ၊ မြန်မာမွတ်စလင်ဖြစ်၍၊ဘမိကဆင်းသက်၍၊ ဘုရင်မိဖုရားထံ၊တော်နှိုက်၊ စိန်ကျောက်အကွင်းအချိ၊ အထည်အလိပ်များကိုအသုံးတော်ခံ ဆက်သွင်း၍၊ အရှင်နှစ်ပါးတို့ ယုံကြည် သဒ္ဓါတော်မူခြင်းများကိုခံရပေ၏၊ဥက္ကာ ပစ္စည်း ပေါများချမ်းသာ၍ကောင်းမှုကုသိုလ် အလှူဒါန များကိုပြုခဲ့သည်၊တဘက်ဆွဲရွာဒရဂါတော်နှိုက်၊ အုတ်ပလီ တခုကိုလည်း၊ တည်ဆောက်ခဲ့သည်၊ ၎င်းနေထိုင်သော၊ သူဌေးတန်းရပ်ရှိ ဟိုက်နှင့် ဆက်သွယ်လျက် ပန်းထိမ်မိုဖြင့်၊ ပန်းထိမ်တော် ၂၀ ကျော်နှင့်စိန်သွေးဆရာများကိုလည်း၊ စိန်သွေးစက်နှင့်ထား၍၊နန်းတော်အိမ်က လိုသော ပုံစံအတိုင်း ၎င်းမမနှစ်၏မောင်အသုံးခံဦးဘိုးညိုနှင့် ဦးဘအိုတို့က ကြီးကြပ် လုပ်ကိုင်စေ၍၊နန်းတော်သို့ဆက်သ ရသည်၊ မြန်မာမွတ်စလင် မင်းမိန်းမတို့အနက်၊ ထင်ပေါ်ကျော်ကြားခဲ့သူတဦးဖြစ်ပေ၏၊

(၃၀) အသုံးခံ မမသင်မှာ၊ မြန်မာမွတ်စလင်အမျိုး၊ ဟာဂျီလီတကာကြီး၊ဦးဘိုး၏တူမဖြစ်သည်၊ နန်းတော်အိမ်တော်နှိုက်၊စိန်ကျောက်အကွင်းအချိ၊အထည်အလိပ်နှင့်၊ဘင်္ဂလားရန်ကုန်မှ၊ အထူး အဆန်း ကုန်စိများကို၊

ဆက်သွင်းအသုံးခံ၍၊ အရှင် နှစ်ပါးနှင့်တကွ၊ မင်းသွီး မင်းသားတို့အထိမှတ် ပြုလုပ် ယုံကြည် သဒ္ဓါကြသည်၊ ဥစ္စာပစ္စည်းကုန်တန်ကြွယ်ဝလျက်၊ ဘာသာရေး ကောင်းမှု ကောင်းရာတို့ကို၊ ပြုလုပ်လှူဒါန်းခဲ့သဖြင့် မှတ်စလင် အမျိုးသွီးတို့နည်းယူလိုက်နာဘွယ်ကောင်းသည့် မှတ်စလင်မင်းမိန်မတဦးဖြစ်ပေ၏။

(၃) အသုံးခံ့မမသစ်မှာ၊ မြန်မာ မှတ်စလင် အမျိုး၊ ကုန်သည်ရိုးရာဖြစ်၍၊ ကုန်တန်ကြွယ်ဝလျက်၊ နန်းတော်အိမ်တော်နှိုက်၊ အရှင်နှစ်ပါးနှင့်မင်းမိဖုရားတို့ထံ အသုံးထိုက်ရတနာများနှင့်၊ ဖဲ-ပိုး-အထည် အလိပ် အထူး အဆန်းများကို၊ဆက်သွင်းအသုံးခံခဲ့သည်၊မင်းမိဖုရားမှစ၍၊ တနန်းတော်လုံး ယုံပိုသဒ္ဓါခြင်းကို ခံခဲ့ရသည်၊ ဘာသာရေးကောင်းမှု ကုသိုလ်များကိုလည်း၊ ပြုလုပ်၍၊ မှတ်စလင် အမျိုးသွီးတို့၊စံနမူနာယူဘွယ် ကောင်းသည့် မှတ်စလင် မင်းမိန်းမတဦးဖြစ်ပေ၏။

# အခန်း — ၇။

## ကုလားတို့၏ အခြေအနေ

သက္ကရာဇ် ၁၂၄၇ ခုနှစ်တွင်၊ အင်္ဂလိပ်အစိုးရတို့က မြန်မာပြည်အားလုံးကို၊ သိမ်းကြုံး ယူငင်လိုက် ပြီးသည့်နောက်။ မြန်မာပြည်ကို၊ တသီးတခြားအုပ်ချုပ်ခြင်းမပြုဘဲ၊ အိန္ဒိယနိုင်ငံ ကုလားပြည်ကြီး အတွင်းသို့၊ သွတ်သွင်းအုပ်ချုပ်လာခဲ့ရာ။ လူဦးရေ သန်းပေါင်း ၃၀၀–ကျော်ရှိသော အိန္ဒိယ ကုလားပြည်ကြီးမှ ကုလားအမျိုးမျိုး တို့သည်။ မြန်မာပြည် အတွင်းသို့–ဒလဟော သက်ဆင်း ဝင်ရောက်လာကြသည့်အတွက်။ မြန်မာပြည်၌ ကုလားဦးရေအထူးတိုးတက် များပြား လာလေသည်။ မြန်မာပြည်ကို အိန္ဒိယကုလားပြည်ကြီးမှခွဲထုတ်။ တသီးပုဂ္ဂလ အုပ်ချုပ်နေရသော ယခုအချိန်ထိအောင်ပင်၊ အိန္ဒိယ ကုလားလူမျိုးစသော၊ နိုင်ငံခြားသားတို့။ ဝင်ချင်တိုင်းဝင်၊ ထွက်ချင်တိုင်းထွက် အခွင့်အရေးရှိနေကြသဖြင့်။ မြန်မာပြည်မှာ။ နိုင်ငံခြားသားတို့၏ သလားယံ ဇရပ်ကြီးသဘွယ်ဖြစ်နေရလေသည်။ ။

မြန်မာပြည်သို့ ဝင်ရောက်လာကြသော အိန္ဒိယ ကုလားလူမျိုးတို့ ဦးရေမှာ အထူးသဖြင့် တိုးတက်များပြားနေကြလည့်အကျောက်လည်း၊ ရန်ကုန်မြို့ကြီးမှာ အိန္ဒိယကုလားဦးရေအများဆုံးမြို့ကြီးယ်မြို့ အခြေသို့ ရောက်ရှိနေရသေသည်။ ၊အိန္ဒိယ ကုလား လူမျိုး တို့သည်၊ ကြေးငွေခနဲ့ အင်အား၊ ဗလအားဖြင့်ရင်း၊ လူဦးရေ တိုးတက်များလှသော အင်အား ဗလအားဖြင့်ဋင်း ဂျူသန်းရောင်းဝယ်မှု အင်အားဗလအားဖြင့်ရင်း၊ တစထက်တစ တိုးထက်လွှမ်းမိုး လာကြသည် ဖြစ်သောကြောင့်၊ တိုင်းရင်းသားမြန်မာလူမျိုးတို့သည်၊ ထိုကုလားလူမျိုး တို့နှင့် ယှဉ်ပြိုင်ခြင်းငှါမတတ်နိုင်ကြသည်အတွက် အခက်အခဲအမျိုးမျိုးတို့နှင့်၊ တွေ့ကြုံလာရ ကြလေသည်။ မြန်မာလူမျိုးတို့သည် လူမျိုးခြားတို့၏ဒဏ်ကိုမခံနိုင်ကြသဖြင့်၊ ရန်ကုန်မြို့ကြီးအလယ်တွင် အခြေတည်၍ ပြိုင်ဆိုင်နေထိုင်နိုင်ခြင်းငှါ မစွမ်းနိုင်ကြတော့ဘဲ၊ မြို့ဆင်ခြေဖုံးရပ်ကွက်များသို့ရင်း၊ ဒိစတြိတ် နယ်ပယ်များသို့ရင်း ပြောင်းရွှေ့နေထိုင်ကြရလေသည်။ ရန်ကုန်မြို့ကြီး အလား၊ ပုသိမ်၊ မော်လမြိုင်၊ ပြည်၊ တောင်ငူ၊ မန္တလေးစသော မြို့ကြီးများ၌လည်း၊ အိန္ဒိယကုလားလူမျိုးတို့အင်အားတစထက်တစ တိုးတက် များပြားလျက်ရှိနေကြပုံ များမှာလည်း အထင်အရှားပင်ဖြစ်လေသည်။

ရင်းပြင် မြန်မာပြည် အစိုးတို့၏ ၊အလုပ်ရုံးဌာန အသီးသီးတို့၌ရင်း၊ ကုမ္ပဏီအလုပ်ကြီးအကိုင်ကြီး–ဌာနအသီးသီးတို့၌ရင်း၊ ကုလားလူမျိုးတို့ လျော့ပေါ့သော လခကြေးငွေများဖြင့်၊ ဝင်ရောက် လုပ်ကိုင်သူ များပြားခြင်း

စသည်တို့ကြောင့်၊ မြန်မာလူမျိုးတို့မှာ အခက်အခဲများနှင့် တွေ့ကြုံလာခဲ့ကြရလေသည်။

ရင်းပြင်မြန်မာလူမျိုးတို့၏ ဘိုး-ဘ-ပိုင်လယ်ယာကိုင်းကျွန်း၊ မြေသားပေါင်းများစွာတို့မှာလည်း၊ ကုလားလူမျိုးတို့၏ လက်တွင်းသို့ တစစ ရောက်ရှိလာကြသည်ဖြစ်သောကြောင့်၊ မြန်မာတဝှမ်းလုံးရှိ လယ်မြေဧကပေါင်း သုံးပုံနှစ်ပုံခန့်သည်၊ ကုလားလူမျိုးတို့ ဂျူးသယ်မြေ အဖြစ် သို့ရောက်နေကြရလေသည်၊ ကုလားလူမျိုးတို့ အင်အားကြီးမားလာသည် အလျောက်လည်း၊ ဟိန္ဒူ ဘုရားရှိခိုးကျောင်းပေါင်းများစွာနှင့်၊ မုစလမ် ပလီပေါင်းများစွာတို့မှာလည်း မြန်မာပြည် မြို့ရွာအနှံ့ အပြား၌ပင် တည်ရှိအခြေစိုက်လျက်ရှိကြလေသည်၊

## မြန်မာပြည်နှင့်လူဦးရေ

ခရစ်သက္ကရာဇ်- ၁၈၅၂-ခုနှစ်၊ အောက်မြန်မာပြည်ကိုအင်္ဂလိပ်အစိုးရတို့၊ သိမ်းယူပြီးသည့်နောက်၊-၁၈၅၅ ခုနှစ်တွင်၊ အောက်မြန်မာပြည် လူဦးရေ သန်းခေါင်စာရင်းကောက်ယူရာ၊ ၁၂၇၀၀၀၀-မျှရှိလေသည်၊-၁၈၈၁ ခုနှစ်တွင်၊ သန်းခေါင်စာရင်း ထပ်မံကောက်ယူပြန်ရာ၊ ၃၇၅၀၀၀၀-မျှရှိလေသည်။ အောက်မြန်မာပြည်ကို အင်္ဂလိပ်အစိုးရတို့ သိမ်းယူပြီးနောက်၊ ၁၀ နှစ်တကြိမ် သန်းခေါင်စာရင်း ကောက်ယူသောအခါ မြန်မာပြည် လူဦးရေ မည်မျှလောက်တိုးတက်များပြားကြောင်းကို တဖက်တွင် ဖော်ပြသည့်စာရင်းအရေအတွက်ဖြင့် သိနိုင်လေသည်။

၁၉၀၁-ခု၊ ...... ၉၂၃၀၇၄၁
၁၉၁၁-ခု၊ ...... ၁၂၀၆၁၉၂၈
၁၉၂၁-ခု၊ ...... ၁၃၁၄၉၀၇၉
၁၉၃၁-ခု၊ ...... ၁၄၆၄၇၄၉၇

မြန်မာပြည် လူဦးရေ၊ -၁၄,၆၄၇,၄၉၇-ရှိသည့်အနက်၊ လူမျိုးခွဲခြား ပြဆိုထားသောစရင်းအရမှာ၊ အောက်ပါအတိုင်းဖြစ်လေသည်၊

| | |
|---|---|
| မြန်မာ ...... ...... | ၈၅၉၆၀၃၁ |
| မဟာမေဒင်ကုလား ...... | ၃၉၆၅၉၄ |
| ဟိန္ဒူကုလား ...... | ၅၆၅၆၀၉ |
| အခြားကုလား ...... | ၅၅၆၂၂ |
| ကုလားကပြား ...... | ၁၈၂၁၆၆ |
| တရုပ် ...... | ၁၉၃၅၉၄ |
| အခြားတိုင်းရင်းသား | ၄၆၂၃၉၉၁ |
| အခြားလူမျိုး ...... | ၃၃၈၉၀ |
| ပေါင်း ...... ...... | ၁၄၆၄၇၄၉၇ |

## မြန်မာပြည်ရှိအိန္ဒိယကုလားဦးရေ

ဆယ်နှစ်တကြိမ် စာရင်းကောက်ယူသော အစိုးရတို့၏သန်းခေါင်စာရင်းအရ၊ အိန္ဒိယကုလားလူမျိုးတို့မည်မျှလောက် တိုးတက်များပြားကြောင်းကို အောက်ပါစာရင်းအရအားဖြင့်သိနိုင်လေသည်၊

၁၉၀၁-ခု ...... ၅၉၀၀၀၀
၁၉၁၁-ခု ...... ၇၄၅၀၀၀
၁၉၂၁-ခု ...... ၈၈၇၀၀၀
၁၉၃၁-ခု ...... ၁၀၁၇၈၂၅

၁၉၃၁ ခုနှစ် သန်းခေါင် စရင်းအရ၊ မြန်မာပြည်ရှိ ကုလားဦးရေ တသိန်းကျော်အနက်၊ ဟိန္ဒူ မဟာမေဒင် နှင့် အခြားကုလား အမျိုးအစား ခွဲခြားထားသောစာရင်း အဆိုမှာ။

| | | |
|---|---|---|
| ဟိန္ဒူကုလား | ...... | ၅၆၅၆၀၉ |
| ပသီကုလား | ...... | ၃၉၆၅၉၄ |
| အခြားကုလား | ...... | ၅၅၆၂၂ |
| ပေါင်း | ...... | ၁၀၁၇၈၂၅ |

## ရန်ကုန်မြို့လူဦးရေ

ရန်ကုန်မြို့ကြီး တွင်လည်း၊ အိန္ဒိယ ကုလားလူမျိုး၊ ဦးရေအများဆုံးဖြစ်ကြောင်းကိုလည်း၊ -၁၉၃၁- နှစ်အစိုးရ သန်းခေါင်စာရင်း၌ အောက်ပါအတိုင်း ဖော်ပြထား လေသည်၊

| | | | |
|---|---|---|---|
| မြန်မာ | ...... | ...... | ၁၂၁၉၉၈ |
| ကရင် | ...... | ...... | ၃၂၂၆ |
| အခြားတိုင်းရင်းသား | | ...... | ၂၃၅၈ |
| ကုလားကပြား | | ...... | ၁၂၅၆၀ |
| ကုလား | ...... | ...... | ၂၁၂၉၂၉ |
| တရုပ် | ...... | ...... | ၃၀၆၂၆ |
| အင်္ဂလိအင်ဒီးယန်း | | ...... | ၉၉၇၇ |
| ဥရောပတိုက်သား | | ...... | ၄၄၂၆ |
| အခြားလူမျိုး | | ...... | ၂၃၁၅ |
| ပေါင်း | | ...... | ၄၀၀၄၁၅ |

## ကုလားကပြားဦးရေ

မြန်မာပြည်သို့ အများဆုံး ဝင်ရောက် လာကြသော အိန္ဒိယ ကုလား လူမျိုးတို့မှာ များသော အားဖြင့် ယောကျ်ားများဖြစ်ကြလေသည်။ ထိုကဲ့သို့ ကုလား ယောကျ်ားဦးရေ-တိုးတက်များပြားလာခြင်းကြောင့်၎င်း။ မြန်မာအမျိုးသမီးတို့၊ လူမျိုးခြားနှင့်-ထိမ်းမြား လက်ထပ်ကြရာ၌၊ စီးကမ်းမဲ့ ဖြစ်နေကြခြင်းကြောင့်၎င်း၊ ကုလားကပြား၊ဇေရဘာဒီခေါ် မြန်မာမှုစလင် လူဦးရေလည်း တိုးတက်များပြားလာရခြင်းဖြစ်လေသည်။ ၁၉၂၁-ခုနှစ် အစိုးရ သန်းခေါင်စာရင်းတွင်ကုလားကပြား ဦးရေမှာ၊ ၁၁၆၀၅၃ မျှရှိရာ၊ ၁၉၃၁-ခုနှစ်အစိုးရ သန်းခေါင်စာရင်းတွင် ၁၈၂၁၆၆-ရှိလာလေသည်၊

# အခန်း—၈။

## အဝတ်အစား။

ကုလားကပြား ဇေရဲဘာဒီ တို့သည်၊ မိမိတို့ ဇေရဲဘာဒီဖြစ်ကြောင်းကို၊ သာသနာအယူ ဝါဒ အားဖြင့်ရင်း၊ ပေါင်းသင်း ဆက်ဆံရေးအားဖြင့်ရင်း၊ ထင်ရှားစေနိုင်ကြသော်လည်း၊ အဝတ်အစား အသွင်အပြင် အားဖြင့်ထင်ထင်ရှားရှားစေနိုင်ကြသည်မဟုတ်ချေ။ ။ဇေရဲဘာဒီ မိန်းမများသည်၊ မြန်မာမိန်းမများဝတ်စားခြင်းများနှင့် တစုံတရာထူးခြားခြင်းမရှိကြချေ၊ ယောကျ်ား များမှာ မူကား၊ အချို့မှာ၊ မြန်မာယောကျ်ားများကဲ့သို့ပင် ဝတ်စားဆင်ယင်ကြ၍၊ အချို့မှာ၊ အိန္ဒိယကုလားများကဲ့သို့ဘောင်းဘီဝတ် ဦးထုပ် ဆောင်းကြလေသည်၊ အချို့မှာလည်း ဦးထုပ်ဆောင်းပြီးလျှင်၊ ကွတ်အင်္ကျီနှင့် လုံချည်ဝတ်ဆင်ကြလေသည်၊ အထက်မြန်မာပြည်ရှိ၊ ဇေရဲဘာဒီယောကျ်ား မိန်းမတို့သည်ကား၊ အားလုံးလိုလိုပင် မြန်မာ အဝတ်အစားကို မြန်မာများကဲ့သို့ ဝတ်ဆင်လေ့ရှိကြလေလည်း၊ သို့ဖြစ်၍ အထက်သားဇေရဲဘာဒီများ ဝတ်စားဆင်ယင်

ပုံနှင့် မြန်မာစကားပြောဆိုပုံတို့မှာ၊ သာမန် ကြည့်ရှုနား ထောင်ရုံမျှဖြင့်၊ ဗုဒ္ဓဘာသာမြန်မာလူမျိုးတို့နှင့် ခွဲခြားသိရှိနိုင်ရန် ခဲယဉ်းလေသည်။ အထူးအားဖြင့်၊ မန္တလေးမြို့တော်၌မွေးဖွား နေထိုင်ကြသော ဇေရဘာဒီ တို့သည်။ မြန်မာစကားကို ယဉ်ကျေး သိမ်မွေ့သာယာ နားပျော်ဘွယ် ပြောဆိုနိုင်ကြလေသည်။ ။

## အမည်နာမမှည့်ခေါ်ခြင်းများ။

အမည်နာမမှည့်သောအခါ၌၊ အချို့မှာ မြန်မာအမည်ကိုမှည့်၍ အချို့မှာ ကုလားအမည်ကိုမှည့်ကြလေသည်၊ အချို့မှာလည်း၊ နှစ်မျိုးစလုံးမှည့်ခေါ်ကြလေသည်။ ဥပမာ မြန်မာကဲ့ ဦးအောင်သင်း၊ ဦးလှ၊ ဦးမြ စသည်ဖြင့် မှည့်ခေါ်၍ ကုလားလိုမဂ္ဂတာယူစွတ်၊ မဂ္ဂတာရေဗီ၊ မဟာမွှဒ်အီစာ၊ စသည်ဖြင့်မှည့်ခေါ်ကြလေသည်။ အချို့မှာကား၊ လူတယောက်တည်း၌ပင် မဂ္ဂတာ အီဘရေဟင် ဟူ၍၎င်း၊ ဆရာပုဟူ၍၎င်း၊ခေါ်ဆိုကြလေသည်၊အထူးအားဖြင့်အာရပ်ပြည် မဟာမက်သင်းချိုင်းတော်ရှိရာ မက္ကာမြို့သို့သွားရောက်ပြန်လာသူများကို"ဟာဂျီ"ဟူသော ဂုဏ်ထူးကို အသုံးပြုကြလေသည်၊ဥပမာ ဟာဂျီဦးရှေ့ကံ ဟာဂျီပု စသော အမည်များ ဖြစ်လေသည်။ မိန်းမ များမှာလည်း၊ကုလားသို-မဖာတီမာ-မအာလိမာ-စသောအမည်များကိုမှည့်၍ မြန်မာလိုမမြ-မတင့် စသော အမည်များကို မှည့်ကြလေသည်၊၎င်းပြင် ဦးလေး အဒေါ်စသော အသုံးအနှုန်းမျိုး၌"မာမူ""ခါလာ"စသဖြင့်၊ သုံးနှုန်းခေါ်ဝေါ်လေ့ရှိကြလေသည်။ ။

## ကပြားစကားနှင့်ကပြားစာ။

ဇေရ်ဘာဒီ တို့သည်၊ ၎င်းတို့ လူမျိုး အချင်းချင်း စကားပြောဆိုကြသောအခါ၊ မြန်မာသံနှင့် ကုလားသံရောနှောသော စကားများကို ပြောကြားလေ့ရှိကြလေသည်၊ ဥပမာ(မာမူကြီး–မနေ့ကအိဘာရဲ့ဟောင်ကို ခါတနာလုပ်ပြီး ပါပြီ၊ သောကြာနေ့က ပလီသွားပြီး နမက်စ် ဘတ်နေလို့ မာမူကြီးနဲ့မတွေ့လိုက်ရပါ)ဟူသောရောနှောသည့်စကားသံမျိုးဖြင့် ပြောလေ့ရှိလေသည်၊ ၊စာများကို ရေးသားရာ၌လည်း၊ ထိုအတူပင်၊ ဥပမာ(ယခုနှစ် တပေါင်းလ မဆန်းမိဘ၊ အေ–အမ်–အက်စ်–အော–အစည်းအဝေးကြီး ကျင်းပပြီးလျှင်၊ ယခုနှစ် ဥပုသ်လ ဖြစ်သော ဝါရှောင်လတွင်၊ ညနေ့"မဂရစ်"နှင့်"အေရှာ–နမတ်"တို့ကို အထူးသဖြင့်၊ ပလီသို့သွားရောက်ပြီးလျှင်၊ ဇေရ်ဘာဒီ ပါတီက ရွတ်ဘတ်သော"ဂျမာအတ်" ကိုမှီလျှင်၊ "ဂျမာအတ်" နှင့်ရောနှော၍ဘတ်ရန်၊၎င်းတို့"ဂျမာအတ်" ကိုမမှီပါက ၎င်းပလီတွင်"နဖွစီ"ဘတ်ရန်ဆုံးဖြတ်ချက်ချခဲ့လေသည်) စသဖြင့်ရေးသားလေ့ရှိကြလေသည်၊ ၊

၎င်းပြင်၊ကဗျာလင်္ကာ ရေးသားစပ်ဆိုကြရာ၌လည်း၊ ထိုအတူပင်၊ ဥပမာ "ဟာဂျီဦးရောက်သည်" မြန်မာစာဖြင့်ဤသို့သော ကပြားလင်္ကာကိုရေးသား၍၊ (တရော့သုံး ဆယ်၊ချယ်လယ်ပွရတ်၊ ရေးမှတ်လွယ်ကူ၊သိလိုသူကိုဖွဲ့ ယူအမ်ခွန်နှစ်ဘန်နှင့်၊အဂ္ဂလံငါးပါး၊လေးပါးကွတ်ရစီ၊ လေးလ်မသဟတ် လေးရပ်ဝသူ၊သုံးမူဂုဲဗွဲ့ယ်၊တိုက်ရေ့ မှန်သုံး၊ဘျင့်ထုံ့မတိမ်၊ငါးကြိမ်နမတ်၊နိယပ်လည်းငါး၊

ဖြစ်ပွါးတဆယ်၊ စွန်းဝယ်ခွန် နှစ်ရပ်၊ ရကာဇင်ဖြစ်ချေ၊ တထွေအဟာကံ၊ ခွန်နှစ်တန်နှင့်၊ အရကဂ်ချောက်၊ တိုင်ရောက်ရမသွမ်၊ စောင့်ရန်ရိုဇာ၊ မကွာနိရပ်၊ ခြောက်ဆယ်မှတ်လေ၊ အောချစ်ဆွေတို့၊ တွက်ရေဖွရတ်၊စွဲမှတ်မရှိ၊မသိချေကာ၊ပြုကြကုသိုလ်၊အလိုမကျ၊ မရစဝပ်၊တရပ်သေရေ၊ဂုိနှာချေမှ၊ချမ်းသာရရန်၊အစွလံတို့၊ထုံးစံညီစွာ၊ပြုကုန်ရာသည်၊ ၊ကျမ်းလာ၏သို့အမှာတည်း၊)

ဇင်းပြင်အသုံးတော်ခံ မမွန်ဆပ်–ဦးဘိုးအို၊ ရေးသားသော ကပြားလင်္ကာ– ၃–ပုဒ်မှာလည်း၏သို့တည်း၊

(၁) ဘက်မဲ့ကင်းစွာ၊အောလ္လာမြတ်ဆုံး၊ဘုန်းထက်ဘုန်းထွန်ရို၊ တုလွှတ်–ပမာ၊နိူင်းရာမရှိ၊ ကြီးဘိ–ကျေးဇူးထူးသောရဟာမတ်၊ မပြတ်နေ့စဉ်၊ ပေးသော ရှင်အား၊ ကြည်လင်မြတ်နိုး၊ တာအရစ်ဖိမှူးကို၊ ဆုထူးနိုအာ၊ပို့ဆက်ခါဖြင့်၊ လက်ပါနဖူး၊ မြှက်ခါကျူးသည်၊ လက်ဦးလက်မွန်အစတည်း၊ ၊

(၂) အစလက်မွန်၊ မြှက်ခဲ့ညွှန်ပြီး၊ တမလွှန်အာခေရပ်၊ရှဖွာအပ်မှာ၊ မှတ်လေ့ဇကန်၊ ထိုက်သူမှန်လျှင်၊ မကျန်မကြွင်း၊ အပ်နှင်းမည့်ရှင်၊ သခင်မိုဟာမွန်၊ ရစွလ်မြတ်အား၊ စလဝပ်ဂုဏ်ပေါင်း၊ ညွှတ်ညောင်းပန်ထွာ၊ လျှောက်ခဲ့ပါသည်၊ ခါခါမလင့်၊မဆိုင်းတည်း၊

(၃) မဆိုင်းမလင့်၊ စလဝပ်ဖြင့်လည်း၊ ကျူးရင့်ပြီးခါ၊ နွယ်တော်လာနှင့်၊ သဟာ်ဘတော်မြတ်၊ အစွဟာပ်ဘ်၊ အာ့လ်မာ၊ဘောင်းဖရစ် ရှတာနှင့်၊ များစွာ သူကောင်း၊ ထိန်းကျောင်းမဲ့ပြင်၊ သင်ပြပေတတ်၊ဆရာမြတ်မှ၊ ဘမိ

စ၍၊ ဂုဏဝုဒ္ဓိ၊ ကြီးဘိသိက်ဝ ၊ကျယ် ထက်သာကို၊ ခါခါ
တစလင်၊စလံတင်သည်၊နှစ်ဥ္ဓညာ ကိုင်းမလပ်တည်း၊

## ဘာသာ ဂိုဏ်းဂဏ

ဇေရဲဘာဒီတို့သည်၊အစ္စလန်တရားတော်ကို၊သက်ဝင်ယုံကြည်ကြသော၊မဟာမက် ဘာသာဝင်များ ဖြစ်သော်လည်း၊ဂိုဏ်းဂဏ အားဖြင့်လည်း ကွဲပြားကြလေသည်၊ မဟာမက်ဘာသာဝင်တို့တွင်“ဆွန္နီ” နှင့် “ရှီအာ” ဟူ၍ ဂိုဏ်းကြီးနှစ်ဂိုဏ်း ကွဲပြားကြ လေသည်၊ တဖန် ဆွန္နီ ဂိုဏ်းတွင်လည်း၊(၁) ဟာနဖွီဂိုဏ်း၊(၂) ရှာဖွီဂိုဏ်း၊ (၃) ဟံဘလီဂိုဏ်း၊(၄) မာလီကီ ဂိုဏ်း-၍ဟူ လေးမျိုးကွဲပြန်သည်၊ ၊တဖန် ရှီအာ ဂိုဏ်း တွင်လည်း၊ (၁) အာစနာ အာရှရီယာဂိုဏ်း၊ (၂) အီဆမာအီလီယာဂိုဏ်း၊(၃) ဇိုင်ဒီယာဂိုဏ်-ဟူ၍ သုံးမျိုးကွဲပြန်သည်၊ ၊တဖန် အာစနာအာရှရီယာဂိုဏ်းတွင်လည်း၊ (၁) အာခဘာရီဂိုဏ်း၊ (၂)အုရှုလီဂိုဏ်း၊ (၃)ရှိကာဇလာဂိုဏ်း-ဟူ၍ သုံးမျိုးကွဲပြန်သည်၊ထိုသို့ဂိုဏ်းအမျိုးမျိုးပင် ကွဲပြားသော်လည်း၊ အိန္ဒိယနိုင်ငံတွင်၊ ဆွန္နီ၊ ဂိုဏ်းသားတို့က များပြား ကြလေသည်၊ ၊ထိုကဲ့သို့ ဂိုဏ်းဂဏအမျိုးမျိုးတို့၊ ကွဲပြားရှိသော်လည်း၊ မြန်မာပြည်တွင်၊ ဆွန္နီနှင့်ရှီအာ၊ ဟူသော ဂိုဏ်းကြီး-၂-ဂိုဏ်းကိုအစွဲပြု၍၊ ဇေရဲဘာဒီ-တို့မှာလည်း၊ ဆွန္နီဇေရဲဘာဒီ၊ရှီအာဇေရဲဘာဒီ ဟူ၍ကွဲပြားကြလေသည်၊ ဇေရဲဘာဒီတို့သည်၊မဟာမက်ဘာသာကို သက်ဝင် ယုံကြည်ကြသော်လည်း၊ ထိုဘာသာကိုကောင်းစွာ တတ်ကြွမ်း

နားလည်နိုင်လောက်အောင်၊ ဒုရာဒူ၊ အာရဗတ်၊ ဖွာရစီ၊ ဘာသာ စာများကို ကောင်းစွာ တတ်ကျွမ်းနားလည်သူတို့ ရှားပါးကြသောကြောင့်၊ မိမိတို့ ဘာသာရေး ကိစ္စများ၌ အိန္ဒိယနိုင်ငံသား "မော်လဗီ" ပဏ္ဍိတ်ဆရာများကို အားကိုးအားထားပြုနေကြရလေသည်၊ပဏ္ဍိတ်ဆရာကြီးတို့မှာလည်း၊ ဂိုဏ်းဂဏ အမျိုးမျိုးအယူဝါဒအမျိုးမျိုးတို့ကွဲပြားလျက် ရှိနေကြပြန်သည် ဖြစ်သောကြောင့်၊ ပဏ္ဍိတ်ဆရာများသို့လိုက်၍၊ ဇေရဗာဒီတို့မှာလည်း၊အယူဝါဒဘူမှညီညွတ်ကြသည်မဟုတ်ချေ။

## မဟာမက်ဘာသာတရားဥပဒေ

ဇေရဗာဒီတို့သည်၊ မဟာမက် ဘာသာတရား၊ ဥပဒေကိုလိုက်နာ ကြရလေသည်၊ ထိုဘာသာ ထုံးစံအရ ယောက်ျားတိုင်းသည်၊ ဘာသာသွင်း "ခါတနာ"ပြုလုပ်ကြရလေသည်၊(ယောက်ျားတို့၏ အင်္ဂါဇာတ်အရေဖျားကို ဖြတ်ခြင်းကိုဆိုလိုသည်၊) ထိုသို့ မပြုမလုပ်ပါလျှင်၊မဟာမက်ဘာသာဝင်အနေသို့မရောက်နိုင်၊ရုံးတော်၌လည်း၊ မဟာမက်ဘာသာဝင်အနေမျိုးဖြင့်၊ တရားစွဲဆိုနိုင်ခွင့်မရှိချေ၊ မိန်းမများမှာကား တစုံတရာ ထူးထွေစွာ ပြုလုပ်ရခြင်းမရှိချေ၊ မဟာမက်ဘာသာဝင်ယောက်ျားများသည်၊ဘာသာမတူမတော်သော မိန်းမများနှင့်၊ လက်ထပ်ခြင်းမပြုနိုင်၊သို့ရာတွင်ခရစ်ယာန်ဘာသာဝင် မိန်းမများနှင့်၊ ယဟူဒီဘာသာဝင် မိန်းမများကိုကား၊ဘာသာမတူသော်လည်းလက်ထပ်နိုင်ခွင့်ရှိလေသည်၊ အကြောင်းမူကား၊ ခရစ်ယာန်နှင့် ယဟူဒီတို့သည်၊ မဟာမေဒင်လူ

မျိုးတို့နှင့် ဘုရားတပါးတည်း၏ နှုတ်ခပတ်တော်ကိုလိုက်နာယုံကြည် ကြသောကြောင့် ဖြစ်သေသည်။(ထာဝရဘုရားယုံကြည်ခြင်း တူသော လူမျိုးများ ဖြစ်သောကြောင့် ချွင်းချက်ထားဟန်ရှိသည်) ထိုကြောင့်မဟာမက်ဘာသာဝင်ယောက်ျားသည်၊ မဟာမက်ဘာသာဝင် မဟုတ်သော ခရစ်ယာန်ဘာသာဝင်မိန်းမကိုဖြစ်စေ၊ ယဟူဒီဘာသာဝင်မိန်းမကိုဖြစ်စေ၊ လက်ထပ်နိုင်ခွင့် ရှိသေသည်။ ၎င်းမိန်းမမျိုးကို၊ မဟာမက်ဘာသာ တရားဥပဒေအရ၊ "ကိတာဘီယာ"မိန်းမများဟုခေါ်ဆိုလေသည်။ ဗုဒ္ဓဘာသာဝင်မိန်းမများသည်ကား၊ထို "ကိတာဘီယာ"မိန်းမမျိုးမဟုတ်ချေ၊ထိုကြောင့် ဗုဒ္ဓဘာသာဝင်မိန်းမသည်၊ မဟာမက်ဘာသာဝင်ယောက်ျားနှင့် လက်ထပ်လိုလျှင်၊ မိမိဗုဒ္ဓဘာသာကို ပယ်စွန့်၍ မဟာမက်ဘာသာသို့ကူးပြောင်းမှသာ လက်ထပ်ခြင်း အထမြောက်နိုင်လေသည်။ မဟာမက်ဘာသာဝင်ယောက်ျားက၊ ဗုဒ္ဓဘာသာဝင် မိန်းမကိုယူထားရာ၌၊ မိန်းမက ဗုဒ္ဓဘာသာကို မစွန့်ဘဲနေလျှင်၊ လက်ထပ်ခြင်း အထမမြောက်၊ အပျော်မယား အဖြစ်သို့သာ ရောက်ရလေသည်။ ထိုမဟာမက် ဘာသာ တရားဥပဒေသည်၊ မြန်မာပြည်၌လည်း အတည် ဖြစ်နေသောကြောင့်၊ မဟာမက်ဘာသာဝင် ယောက်ျားများနှင့်လက်ထပ်ကြသော ဗုဒ္ဓဘာသာဝင် မိန်းမတိုင်းသည်၊ မိမိတို့၏ ဗုဒ္ဓဘာသာအယူကို ပယ်စွန့်ကြရလေသည်။

ဗုဒ္ဓဘာသာအယူဝါဒပယ်စွန့်ကြောင်းကို၊လူကြီးရုံးရှေ့တွင်၊ ၎င်းတို့ညွှန်ကြားသည့်အတိုင်းယုံကြည်အောင်၊ လိုက်နာပြုကျင့်ကြရလေသည်။

မဟာမက်ဘာသာဝင် ယောကျ်ားတယောက်သည်၊ တကြိမ်တည်းဖြစ်စေ၊ ဆက်ကာဆက်ကာဖြစ်စေ၊ မိန်းမ (၄)ယောက်အထိယူပိုင်ခွင့်ရှိသည်၊ မဟာမက် ဘာသာဝင်မိန်းမတယောက်သည်ယောကျ်ားတယောက်အသက်ရှိစဉ်၊ အခြားလင်ယောကျ်ားတယောက်ကို ယူပိုင်ခွင့် မရှိချေ၊ မဟာမက်ဘာသာဝင်တို့၏ လင်မယား ကွာရှင်းရေးကိစ္စ၌လည်း၊ လင်ယောကျ်ားသည်၊ မယားကို အကြောင်းတစုံတရာမရှိဘဲ၊ မိမိသဘောအလျောက်၊ ကွာရှင်းပိုင်ခွင့် ရှိလေသည်၊ မယားက သဘော အလျောက် မည်သည့်အခါမျှမကွာရှင်းနိုင်၊သို့သော်လည်းလုံလောက်သောအကြောင်းရှိလျှင်၊ တရားရုံးတော်က ကွာရှင်းရန် အမိန့်ကိုရနိုင်လေသည်၊ လုံလောက်သောအကြောင်းဆိုရာ၌၊ (၁) လင်၏မြုံခြင်း (၂)မယားသည့်မြောက်မထားသည်မှာ လင်ကစွန့်ပစ်ခြင်း၊ (၃)နှိပ်စက်ခြင်း၊ ညှဉ်းပန်းခြင်း၊ (၄)လက်မထပ်မီ ပြုလုပ်သော ဂတိများကို မရွက်ဆောင်နေခြင်း၊(၅)ရူးသွပ်ခြင်းများဖြစ်လေသည်၊ (ထိုအကြောင်းနှင့်ပတ်သက်၍ အကျယ်ကို သေချာဂနစွာသိလိုလျှင်၊ ဗြိတိသျှ အိန္ဒိယနိုင်ငံတွင် အတည် ပြုလုပ်ထားသောမဟာမက်ဘာသာတရား ဥပဒေစာအုပ်တွင်ကြည့်ရှုနိုင်သည်၊) ရှင်းပြင် သတိချင်ရန် စကားတရပ်မှာ၊ လင်ယောကျ်ားက နှိပ်စက် ညှဉ်းပန်းခြင်းကြောင့် ဖြစ်စေ၊ မယားအပေါ်တွင် သစ္စာ သွေဖေါက် မယားမြှောင် တယောက်ထားခြင်းကြောင့်ဖြစ်စေ၊ မယားကို လုံလောက်သော စရိတ် မပေးနိုင်၍ဖြစ်စေ၊ မယားသည် လင်ကို ကွာရှင်းရန် တရားရုံးတော်တွင် တရားစွဲဆို ထမြောက်

နိုင်သည်မဟုတ်သေးချေ။ သို့ရာတွင်၊မိမိတို့ကိုယ်တရုတ်ရာ တေးအနှာရယ် ဖြစ်လိမ့်မည်ဟု၊ ရိုးရိုး ရခဲလောက်အောင်၊ ကြီးလွန်းနှိပ်စက်ညှင်းပန်းခြင်းကြောင့်၊ လင်နှင့်အတူ မနေလိုကြောင်း၊ ခုံနိုင်ခွင့် ရှိသည်၊ ဤနည်းဖြင့်မယားသည်လင်နှင့်ပေါင်းသင်းနေထိုင်ခြင်းမှ လွတ်ကင်းပျက်ရှိသော်လည်း၊ မယား၏အဖြစ်မှ လွတ်ကင်းသေးသည် မဟုတ်သောကြောင့်၊ လင်ကမကွာသမျှ ကာလပတ်လုံး၊ နောက်ထပ် လင်ယောကျ်ားမယူနိုင်၊ ဟောမက်ဘာသာဝင်ယောကျ်ားကို ယူသော မိန်းမသည်။ သူတပါးတို့နှင့် အလွန်အကြီး၊ ပြွန်းတီးခြင်း၊ အများပြည်သူတို့သွားလာကြသော အရပ်သို့အလိုမဲ့ သွားလာရောက်ပေါက်ခြ းမပြုရချေ။ (အိမ်တွင်းပုံးအဖြစ်နှင့် နေရသည်ကိုဆိုလိုသည်။) မဟာမက်ဘာသာ တရား ဥပဒေအရတောင်းပန်ဖြင့်ဆန်သော မိန်းမကိုးရိုက်နှက်ဆုံးမနိုင်ကြောင်းသည်းပါရှိလေသည်။

## ပညာသင်ကြားရေး။

မြန်မာပြည်၊ မူလတန်း ပညာသင် ကျောင်းများတို့၊ ရှေးဘောင် သင်ကြားလျက်ရှိကြရ၏။ ၎င်းကျောင်းများ၌ အင်္ဂလိပ်ဘာသာရပ်ကိုသည်း သင်ကြားကြရလေသည်။ ။ အိန္ဒိယမူလတန်းတို့က ၎င်းကျောင်းများ၌၊ အင်္ဂလိပ်ဘာသာကို မသင်မနေရ၊ မူလဘာသာစကား၌ သင်ကြားစေလိုကြသည်။ ဇေရိဘာဒီ-မြန်မာ မူလတန်းတို့ကမူ၊ အင်္ဂလိပ်ဘာသာကိုမူလဘာသာစကား၌သင်ကြားခြင်းကိုသဘောတူ၊မြန်မာစကားကိုသာ မသင်မနေရ မူလဘာသာစကား၌

သင်ကြားလိုကြသည်။ ထိုအရေးကိစ္စနှင့်ပတ်သက်၍ ၁၉၃၁-ခုနှစ်က၊ မြန်မာပြည်ရှိ အိန္ဒိယမူစလင်နှင့်၊ ဇေရ်ဘာဒီ မြန်မာမူစလင်တို့၊ တဖက်နှင့်တဖက် ထင်းမာစွာ သဘောကွဲလွဲကြသဖြင့်၊ ဇေရ်ဘာဒီ မြန်မာမွတ်စလင် တို့က၊ အစည်းအဝေးကြီးများ ကျင်းပ၍က်၊ မြန်မာ ဘာသာစာကိုသာ၊ မူလဘာသာထား၍ သင်ကြားသင့် ကြောင်း ပြဋ္ဌာန်းကြသည်။ ၎င်းပြင်၊ အိန္ဒိယမူစလင် တို့က၊ ဇေရ်ဘာဒီ မြန်မာမူစလင်တို့အပေါ် ၌၊ သဘော ထား ညံ့ဖျင်းပုံ အကြောင်းများကိုရင်း၊ အိန္ဒိယမှ လာ ရောက်ကြသော၊ မော်လဝီ-ခေါ် ပထိဆရာကြီး တို့ကို လည်း၊ အလိုမရှိအပ်ပုံ အကြောင်းများကိုရင်း-ဟောပြော ကြသည်။ မြန်မာသတင်းစာများကလည်း၊ ဇေရ်ဘာဒီ မြန်မာမူစလင်တို့၏ယူဆချက်များကို ထောက်ခံရေးသား ကြသည်။

## သူရိယသတင်းစာ၏ထောက်ခံချက်။

၁၉၃၁-ခု၊ ဒီဇင်ဘာလ ၂၆-ရက်နေ့ထုတ်၊ သူရိယ သတင်းစာ ခေါင်းကြီးပိုင်းတွင်၊ အောက်ပါ အတိုင်း ထောက်ခံရေးသားထားလေသည်။

## မြန်မာမူစလင်ပညာရေးကွန်ဖရင့်။

ယခု၊ ဒီဇင်ဘာလ ၂၀-ရက် ၂၉-ရက်နေ့များတွင်၊ ရမည်းသင်းမြို့၌၊ မြန်မာနိုင်ငံလုံးဆိုင်ရာ၊ မြန်မာမူစလင် ပညာရေးကွန်ဖရင့် အစည်းအဝေးကြီးကျင်းပရန် ဘိတ် ခေါ်ထားသည့်အတိုင်း၊ မြန်မာမူစလင်တို့ ထထကြွကြွ အရေးဘကြီး နိုးကြားဆောင်ရွက်လျက်ရှိနေကြပေ၏။

မြန်မာမူစလင်တို့သည်၊ အိန္ဒိယမူစလင်တို့နှင့် တဖွဲ့တည်းစီး၊ တခရီးတည်းသွားသဘောထားနှင့်၊ ယခင်က နေထိုင်ဆောင်ရွက်လာခဲ့ကြသော်လည်း၊ မြန်မာမူစလင်တို့မှာ၊ အကျိုးအမြတ်မထွက်၊ နစ်နာချက် အမျိုးမျိုးတို့နှင့် တွေ့ကြုံ လာကြရသည်ဟူ၍ တွေးထင် သိရှိလာကြပြီးလျှင်၊ အိန္ဒိယမူစလင်တို့နှင့် ပူးပေါင်းဆောင်ရွက်ရန် အလိုမရှိ၊ မိမိတို့မြန်မာမူစလင် အချင်းချင်း၊ တသီးတခြားဆောင်ရွက်သွားကြတော့မည်ဟု လွန်ခဲ့သောနှစ်ကစတင်ကြိုးစားလာခဲ့ကြပေ၏။

နောက်ဆုံး အကြီးအကျယ် သဘောကွဲလွဲကြသော အဓိကအချက်သည်ကား၊ မြန်မာမူစလင် ကလေးသူငယ်တို့အား ပညာသင်ကြားရာ၌၊ မြန်မာစာကို မူလဘာသာထား၍ သင်ကြားသင့်-မသင်ကြားသင့်-ဟူသောအချက်ပင်ဖြစ်၏၊ မြန်မာမူစလင်တို့က၊ မြန်မာစာကို၊ မူလဘာသာထား၍သင်ကြားရန်အလိုရှိကြ၏၊ အိန္ဒိယမူစလင်တို့ကမူ၊ အူရဒူစာကို မူလဘာသာထား၍ သင်ကြားရန် အလိုရှိကြ၏၊ ဤကိစ္စ၌၊ တဘက်နှင့်တဘက် လျှော့ပေါ့ခြင်းမရှိကြသဖြင့်၊ အိန္ဒိယမူစလင်နှင့် မြန်မာမူစလင်တို့၊ ယခုကဲ့သို့ ကွဲပြားလာခဲ့ကြ၏။

အမှန်အားဖြင့်၊ မြန်မာပြည်၌ မြန်မာမူစလင် ကလေးသူငယ်တို့အား၊ အူရဒူစာကို အဓိကထား၍ သင်ကြားစေခြင်းအားဖြင့်၊ ကြီးပွားထွန်းကားရေးလမ်း နည်းပါးသည်ဟု သဘောရ၏။ မြန်မာပြည်ပေါက်၊ မြန်မာအမိမှ ဆင်းသက်သူများ ဖြစ်သည့် အလျောက်၊ မြန်မာစာကို အဓိက ထား၍ သင်ကြားစေခြင်း အားဖြင့်၊ ကြီးပွား

ထွန်းကား အကျိုး များစေနိုင်သည်ဟု သဘောရသည့်အတိုင်း၊ မြန်မာမူစလင်တို့၏ ယူဆချက်များသည်၊ မှန်ကန်သည်ဟု ကျွန်ုပ်တို့သဘောရပေ၏။

ထို့ပြင် ကျွန်ုပ်တို့ အထူးရေးသား ဖော်ပြလိုသော အချက်မှာ၊ မြန်မာ မူစလင် တို့သည် မြန်မာပြည်ဖွား တိုင်းရင်းသားများ ဖြစ်ကြသည့်အားလျော်စွာ၊ တိုင်းရင်းသားအချင်းချင်း စည်းလုံးညီညွတ်စွာ ဆောင်ရွက်နိုင်ကြမှသာ၊ အကျိုးတရား တိုးပွား ခံစားနိုင်ခွင့် ရှိသည့်အကြောင်း သတိပြုသင့်ကြပေ၏၊ တိုင်းပြည် ကြီးပွားမှုများ၊ အမျိုးသားကြီးပွားမှုများကို ဆောင်ရွက်ကြရာ၌၊ ဘာသာရေးကိုနောက်ထား၍ စဉ်းစားကြသည့်ပါလျှင်၊ မိမိတို့သည် မည်သို့မည့်ပုံဆောင်ရွက်မှ သင့်လျော် မည်ဆိုသည့်အကြောင်း ကောင်းစွာထင်ရှားပေလိမ့်မည်။

မြန်မာမူစလင်တို့သည်၊ အမိမြန်မာလူမျိုးမှပေါက်ဖွားလာရသူများ ဖြစ်သည့်ပြင်၊ မြန်မာပြည်၌ အမြဲနေထိုင်သော တိုင်းရင်းသားများလည်း ဖြစ်ကြ၏၊ တိုင်းရင်းသားမြန်မာဘုရင်မင်းမြတ်များ စိုးစံတော်မူစဉ် အခါကစ၍၊ မြန်မာလူမျိုးတို့နှင့်၊ ဆိုးတူ ကောင်းဘက်၊ မည်ကဲ့သို့ ပေါင်းသင်းဆက်ဆံလျက် လာခဲ့ကြပုံများကိုအထူးဖော်ပြဖွယ် မလိုချေ။

မိမိတို့မှာ၊ မူစလင်ဘာသာကို အယူရှိကြရုံ မျှနှင့် တိုင်းရင်းသား မြန်မာအမျိုးသားတို့နှင့်၊ ဆက်ဆံ ပေါင်းသင်း ဆောင်ရွက်ခြင်းမရှိဘဲနေကြမည်ဆိုလျှင်၊ "ဘကြီးလည်းမရှိ-ထီးတင်ပွဲလည်းမတွေ့" ဆိုသကဲ့သို့၊ တွေ့ကြုံနေကြရမည်ကိုလည်း သတိပြုသင့်ကြ၏၊ လာလတံ့သော

မြန်မာပြည်၏ တသီးပုဂ္ဂလ ပြုပြင် ပြောင်းလဲရေးကြီးနှင့် မြန်မာပြည် တိုင်းရင်းသားတို့၏ အကျိုးခံစားခွင့်၊ ကြီးပွား တိုးတက်ခွင့်များကို ဆောင်ရွက်ကြရမည်ဖြစ်ရာ၊ မြန်မာ အမျိုးသားတို့နှင့်သာ ဆိုးတူ ကောင်းဘက်-သဘောတူ ဆောင်ရွက်သွားနိုင်ကြဘို့အရေးကြီးပေ၏။

သို့ဖြစ်၍၊ ယခုကျင်းပလတံ့သော၊ ရမည်းသင်းမြို့ မြန်မာမူစလင် ကွန်ဖရင့် အစည်းအဝေးကြီး၌၊ မြန်မာ အမျိုးသားတို့နှင့် ညီညွတ်ပေါင်းရုံး၊ တလုံးတစည်းတည်း ဆောင်ရွက်နိုင်ကြရန် နည်းလမ်းကောင်းများကို၊ ဆွေးနွေး စဉ်းစားသင့်ကြပေကြောင်း၊ စိတ်ကောင်း စိတ်မြတ်ဖြင့် တိုက်တွန်းစကား ရေးသားဖော်ပြလိုက်ရပေသတည်း။

## ကွန်ဖရင့်၌ဟောပြောချက်

ဇေရ်ဘာဒီ မြန်မာမူစလင် ခေါင်းဆောင် တဦးက၊ ၁၉၃၁-ခု၊ ဒီဇင်ဘာလအတွင်းက၊ ရမည်းသင်းမြို့တွင် ကျင်းပသော မြန်မာမူစလင်၊ ပညာရေး ကွန်ဖရင့်တွင်၊ အောက်ပါအတိုင်းဟောပြောလေသည်။

မြန်မာပြည်၌၊ တိုင်းရင်းသား မြန်မာ မူစလင် လူဦး ရေပေါင်းသည် နည်းလှမည်မဟုတ်၊ မြန်မာခရစ်ယာန်လူ မျိုးထက်ပင် များကောင်း များပေလိမ့်မည်။ သို့ရာတွင်အုရ ဒူဘာသာ၊ အာရဗီဘာသာများ ကိုသင်ကြားနေရသည့် အတွက်ကြောင့် တကြောင်း၊ အင်္ဂလိပ်စာနှင့် မြန်မာစာ များကို သင်ကြားလျှင် မိမိတို့ အစ္စလံဘာသာ တိမ်ကော ပပျောက်မည်ဆိုသဖြင့်၊ မသင်ဘဲမနေရသည့်အကြောင်း ကြောင့်တကြောင်း၊ မြန်မာမူစလင်လူမျိုးတို့သည်၊ များ

စွာအောက်ကျနောက်ကျဖြစ်၍၊ ကာရင်လူမျိုးများလောက်မျှ၊ အရာမဝင်နေရာမရောက် ဖြစ်လျက်ရှိချေသည်။

မြန်မာပြည်ဘွားတိုင်းရင်းသား မူစလင်တို့မှာ၊ အစ္စလံဘာသာတရားကို နားလည်၍ တရား၏အနှစ်သာရကို သိပါမူ၊ အာရဗီနှင့် ဒုရဒူဘာသာခြားကို မတတ်စေကာမူ မည်သည့်နည်းနှင့်မျှ အစ္စလံဘာသာကို မနှစ်သက်ဘဲရှိနိုင်မည်မဟုတ်ပေ။ သို့ရာတွင်လူချင်းပေါင်းသင်းဆက်ဆံရန်အတွက်မှာမူကား၊ မြန်မာပြည် တိုင်းရင်းသား ချင်းမှသာလျှင်၊ ဆက်ဆံနှီးနှော ရန်သဘော ရှိကြ ပေလိမ့်မည်။

အိန္ဒိယပြည်သားများကလည်း၊ ၎င်းနည်းအတိုင်းမိမိတို့ပြည်သားချင်းသာ၊ ဆက်ဆံလို၍ မြန်မာ မူစလင်တို့ကို အထင်အမြင်သေးရုံမက၊ အဘက်မတန် ဟုပင် ထင်မြင်တတ်ကြောင်း တွေ့ရှိရလေသည်၊ မြန်မာ မူစလင်တို့ကလည်း၊ ၎င်းအိန္ဒိယပြည်သားများကိုပင်၊ ကြောက်ရွံ့မည်ကဲ့သို့၊ ၎င်းသူတို့ကိုပေကာမ်းလွှဒါန်းနိုင်မှ မူစလင်အဖြစ်ရနိုင်မည်ဟု တချို့ကသဘောရရှိတတ်ကြလေသည်။

မြန်မာမူစလင်တို့မှာ များသောအားဖြင့်မြန်မာစာအင်္ဂလိပ်စာများကိုလိုလားခြင်းမရှိ၊ လေ့လာသင်ကြားခြင်းမပြုကြဘဲ၊ ဒုရဒူနှင့် အာရဗီကိုသာ ကြက်တူရွေး များကဲ့သို့ ဘတ်တတ်ရုံ သင်ကြရသဖြင့်၊ အချိန်သာကုန်၍ စာတတ်ခြင်း၏အကျိုးကို များစွာ မခံစားရကြသည်နှင့် အကြားအမြင် ဗဟုသုတ နည်းပါး ကြပြီးလျှင်၊ ပျက်စီးပင်ပန်းကြသူများ၍ အမှားအမှန်ကို ခွဲခြားဝေဘန်ခြင်း မပြုနိုင်ဘဲ၊ အရေးမကြီးသင့်သည့်အရာများကို အယူသည်း

အရေးတကြီးပြုလုပ်၍အရေးကြီးသောအရာများကို လစ်လျူပြုထားကြလေသည်။

ပါဠိဘာသာသည်၊ ဗုဒ္ဓဘာသာ-သာသနာရေး အတွက်၊ အနည်းငယ်တတ်အပ်ကြသည့်အတိုင်း။အာရဗီဘာသာကိုလည်း၊ အစ္စလံ ဘာသာရေးအတွက်၊ ဘုရားဝတ်ပြုခြင်း၌၊ အသုံးပြုရန်အနည်းငယ်သင်အင်ပေသည့်သို့ရောက်၍ငင်းအတွက် အချိန်များစွာ ဖြုန်းရန် လိုမည်မထင်။ အစ္စလံဘာသာရေး အကြောင်းကို မြန်မာစာ အင်္ဂလိပ်စာများနှင့်၊ အနက်အဓိပ္ပါယ် ရှင်းလင်းစွာ ရေးထားသည့်၊ စာအုပ်ပေါင်း များစွာ ရှိသည်နှင့်၊မြန်မာစာအင်္ဂလိပ်စာတတ်သူများမှာ၊ အစ္စလံ တရားကို နားလည်ရန် များစွာပင်လွယ်ကူကြသည်၊

အစ္စလံဘာသာမှာ၊ အာရပ်ပြည်မှ မူလပေါ်ထွန်းသောသည်ဖြစ်၍၊ အိန္ဒိယ ပြည်နှင့်ဆောဒ်ရင်း၊ အာရပ်ပြည်သားများနှင့်ဆောဒ်ရင်း။ များစွာခြင်း၊ အာရပ်၊ မူစလင်၊ဟိန္ဒူစတန်နီ မူစလင်၊ပန်ဂျာဗီမူစလင်၊ကြိုလီယာ မူစလင်နှင့် ကာဘူလီမူစလင်ဟု၊ အသီးသီး ရှိကြသကဲ့သို့၊ မြန်မာပြည်၌လည်း၊ မြန်မာမူစလင်ဟုရှိ၍၊ မြန်မာစကား ပြောပြောပြီးလျှင်၊မြန်မာပြည် အလေ့အလာတို့ ကိုယူလျက်ရှိကြသည့်အတိုင်း၊ မိမိတို့ ဘာသာရေး အကြောင်းကိုလည်း မြန်မာဘာသာဖြင့်၊ သင်ကြားနိုင်လျှင် သာ၍ပင်လွယ်ကူ၍အကျိုးထူးရန်လမ်းရှိပါသည်၊

မြန်မာမူစလင် အချို့မှား ဘာသာရေးအတွက် ပေါ့လျော့ရုံမက၊ အခြားလူမျိုးများထက် အောက်ကျနောက်

ကျဖြစ်၍ အခြေအနေ ဆုတ်ယုတ်ရခြင်းမှာ၊ အောက်ပါ အချက်များကြောင့်ဆိုလျှင်၊ များစွာမှားနိုင်ခြင်းမထင်၊

(၁) မြန်မာ ဘာသာကို ကောင်းစွာ ထတ်မြောက်သည့် တရားဟော မော်ထဝိဆရာမရှိခြင်း၊

(၂) အိန္ဒိယပြည်သား မော်လဝီများ၏၊ ဟောပြောခြင်းကိုသည်း၊ ကုန်စင်အောင်နားမလည်၊ နားလည်သည့် နေရာအချို့တို့၌လည်း၊ မိမိတို့သဘောနှင့်မကိုက်၊ နားမလည်မဝင်ဆန့်၊

(၃) ၎င်းမော်လဝီများ ဟောပြော ခြင်း၌ လည်း၊ အစွလ တရားကို လိုက်နာရန် ခဲခက် ကြပ်တည်းသည့် နည်းလမ်း များကိုသာ ဟောပြ၍၊အစ္စလာမ် ဘာသာအတွက် တိုး၍ပိဘ်ပါရန် အကြောင်းကို မဖြစ်စေတဲ၊ ရှိရင်းစွဲစိတ်ကောင်း အနည်းငယ်ကိုပင်၊ ပပျောက် စေပြီးလျှင်၊ အခြားလွယ်ကူသည့် ဘာသာအပြစ်တင် အဆိုအဆဲမခံရသည့်ဘာသာများသို့ ရွှေ့ပြောင်း ကူးပြေးရန် စိတ်ပေါ်ပေါက်အောင်ပြောဟောလေ့ရှိခြင်း၊

(၄) ငယ်ရွယ်စဉ်က၊ အာရဗီ-အူရဒူ စာများကို အဓိပ္ပါယ်နားမလည်တဲ၊ အချိန်များစွာသင်ကြား၍ ကြီးလာသည့်အခါ၊ ၎င်းစာများကို တရ တရာအသုံးမချနိုင်တဲ၊ မေ့လျော့၍ အချည်းနှီး ဖြစ်ရခြင်းနှင့်၊ မြန်မာစာ အင်္ဂလိပ်စာ များသည်၊ လိမ္မာ ရေးခြားရှိရန် မှတ်သားဘွယ်ကောင်းသည့်၊ အချက်များကိုလည်း မလောင်ကြားခဲ့ရသည့်အတွက်များကြောင့်၊ သာဖြစ်ရလေသည်၊

ထိုကြောင့် မြန်မာမူစလင်များအတွက်မှာ၊ မြန်မာစာကို ကောင်းစွာထတ်မြောက်အောင်၊ သင့်ကြားသင့်ရုံမ

ကား တရားဟောပြောရန် အတွက်၌လည်း၊ မြန်မာဘာသာဖြင့် ကောင်းမွန်စွာ ဟောပြော နိုင်သည့် မော်လဝီ ဆရာများတမြို့လျှင်၊ အနည်းဆုံးတယောက်ကြ ရှိနိုင်ရန် အားပေးကူညီခြင်းကိုပြုအပ်ပေသည်၊

မြန်မာမူစလင်ထဲမှ ပညာလိုလားသည်၊ သူငယ်များကိုရွေးချယ်၍ မော်လဝီ သုပ်ရန်အတွက်၊ အာရေဗီဘာသာနှင့်၊ အူရဒူ ဘာသာကိုသာ မဟုတ်ဘဲ၊ မြန်မာစာနှင့် အင်္ဂလိပ်စာ များကိုလည်း၊ ကောင်းစွာ တတ်မြောက်အောင်သင်ကြားစေရန်၊ မြန်မာမူစလင် အပေါင်းတို့က၊ ကူညီထောက်ပံ့ အားပေးခြင်းပြုကြပါလျှင် သာ၍ပင် ကောင်းပေလိမ့်မည်ဟုအထင်ရရှိကြောင်း၊

# အခန်း—၉။

## ဇေရိဘာဒီနှင့်နိုင်ငံရေး

မြန်မာပြည်တွင်၊ ၁၉၂၁-ခုနှစ်လောက်က၊ ဤနိုင်ငံရေး အခြေ အနေမှာ၊ ဘိသိသာသာကြီး စတင်လှုပ်ရှားဆောင်ရွက်လာကြရာ၊ ဇေရိဘာဒီ တို့သည်၊ မြန်မာလူမျိုးတို့နှင့်၊ ရောနှော ပါဝင် ဆောင်ရွက်ခြင်း မရှိကြချေ။ အချို့အနည်းငယ်မျှ ပါဝင်ဆောင်ရွက် ကြသည်ကိုပင်၊ ဘာသာရေးကို အကြောင်းပြုပြီး၊ ကွဲရဲပြစ်တင် ကြလေသည်။ ။သို့ရာတွင်၊ ၁၉၂၉-ခု ဇန်နဝါရီလ အတွင်းက မြန်မာပြည် ပြုပြင်ပြောင်းလဲအုပ်ချုပ်ရေးနှင့် ပတ်သက်၍၊ ''ဆိုင်မွန်ကော်မရှင်။'' မြန်မာပြည်သို့ လာရောက်စစ်ဆေးရာတွင်၊ ရန်ကုန်မြို့ သူဌေးဦးဘအို၊ ကြီးမှူးသောရန်ကုန်မြို့မူစလင်အသင်းချုပ်က၊ ဆိုင်မွန် ကော်မရှင်ထံသို့၊ မိမိတို့ လိုလားချက်များကို၊ ရေးသား တင်သွင်းကြလေသည်၊ ထိုသို့ တင်သွင်းကြရာ၌၊ ထူးခြားသော အချက်သည်ကား၊မိမိတို့မှာ လူနဲရ လူမျိုးတမျိုးဖြစ်ကြောင်း ရှင်းလင်းဖေါ်ပြပြီးလျှင်၊ မြန်မာပြည်အုပ်ချုပ်ရေး၌၊ဇေရိ

ဘာသာ လူမျိုးသီးခြားသောအကျိုးခံစားခွင့်ရရန် တောင်းဆိုသော အချက်ပင်ဖြစ်လေသည်။ ဒိုင်ယာကီ အုပ်ချုပ်ရေး နည်းစံနစ်အရ၊ မြန်မာပြည် ဥပဒေပြု လွှတ်တော်တွင်။ ကရင်လူမျိုးများအား လူမျိုးသီးခြား၍ နေရာပေးထားသည့် သဘောမျိုးကဲ့သို့၊ ၎င်းတို့လည်း အလိုရှိကြလေသည်၊ ၁၉၂၈-ခု ဒီဇင်ဘာလ ၁၃ ရက်နေ့တွင် မြန်မာပြည်(ဒိုင်ယာကီ)ဥပဒေပြု လွှတ်တော် အစည်းအဝေးတွင်၊ ဆိုင်မွန်ကော်မရှင် နှင့်တွဲဘက်ရုံးစမ်းရန်၊ အရာရှိမဟုတ်သူ အမတ်(၇)ဦးအား တွဲဘက်ကော်မတီအဖြစ် ရွေးကောက်ခန့်ထားရာ၊ ဇေရ်ဘာဒီ မြန်မာမူစလင်များဖြစ်ကြသော ဦးအောင်သင်း၊မစ္စတာ အမ်-ယူစွတ်၊ မစ္စတာရာဗီ တို့ပါလေသည်၊ ၁၉၃၀-ခုနှစ် ဘီးလပ်ပထမမျက်နှာစုံညီအစည်းအဝေးသို့တက်ရောက်ရသော ကိုယ်စားလှယ်ကြီး(၄)ဦးအနက်လည်း၊ဇေရ်ဘာဒီ ဦးအောင်သင်း ပါသည့်ပြင်၊ ၁၉၃၁-ခုနှစ် ဒုတိယအကြိမ်ကျင်းပသည့်၊ ဘီးလပ် မျက်နှာစုံညီ အစည်းအဝေးသို့တက်ရောက်ကြရသော မြန်မာပြည် ကိုယ်စားလှယ်(၂၄)ဦးတွင်သည်း၊ ဇေရ်ဘာဒီဦးအောင်သင်းပါသသည်၊

### ဇေရ်ဘာဒီအချို့၏ယူဆချက်

မြန်မာဘုရင် မင်းမြတ်များ အဆက်ဆက်၌၊ မြန်မာပွတ်စထင်တို့ကို၊ဗုဒ္ဓဘာသာ မြန်မာလူမျိုးတို့နှင့်၊ မခြားမနား၊ အတူအညီ ထားပြီး၊ ယုံပုံ သဒ္ဓါတော်မူ၍ (အင်္ဂလန်နိုင်ငံ၌၊ အင်္ဂလိပ် လူမျိုးသာဟူဒီများကဲ့သို့၊) ရာကြီးလူကြီးများ၌၊ခန့်ထားချီးမြှင့်၊ တိုင်းရေးပြည်မှု၊ အတွင်း

ဘိုးလ၊ အပြင်အပကာ ကိစ္စကြီး ငယ်တို့၌၊ ညှိနှိုင်းတိုင်ပင် အသုံးပြုတော် မူခဲ့ကြခြင်းကို၊ ရာဇဝင်များကသက်သေခံတော်မူပြလျက်ရှိပေ၏။ ။အထူးသဖြင့် ဘုရင်မင်းမြတ်နှင့်၊ မိဖုရားခေါင်ကြီးတို့၏၊ သက်တော်စောင့် ကိုယ်ရံတော်များနှင့်၊ စက်တော်ခေါ်ရာ-အဆောင်တော် ၌ပင်၊ မြန်မာမှုတ်စလင် ကိုယ်ရံတော်အမှုထမ်း၊ လက်သုံးတော်နှင့်၊ အမျိုးတော်များကိုအသုံးပြုတော်မူခဲ့သည်၊ ဗြိတိသျှအစိုးရမင်းတို့၊ မြန်မာပြည်အထက်ပိုင်းကိုလက်နက် နိုင်ငံအဖြစ် သိမ်းယူတော် မူပြီး နောက်မှလည်း၊ မြန်မာမွတ်စလင်တို့ကို၊ ရှေးမြန်မာမင်းတို့ အသိအမှတ်ပြုသကဲ့သို့ပြုသလောက် ပြုခြင်းများကို ခံရပေ၏။

သို့ရာတွင် မြန်မာမွတ်စလင်လူမျိုးတို့သည်၊ အစည်းအရုံးကောင်းစွာမရှိ၊ မညီညွတ်ဘဲ၊ မိမိတို့ အမျိုးသားကြီးပွားရေး၌၊ ဝိရိယလုလ္လ-လွန်စွာမှ နည်းပါးကြသဖြင့် မြန်မာပြည်၌ တိုင်းရင်းသား ဗုဒ္ဓဘာသာ မြန်မာလူမျိုးတို့မှတပါး၊ အရေးသူ ပြုထိုက်သော လူမျိုးလူစားကြီးတရပ်အဖြစ်မှ၊ ရွေ့လျောကျသော၍ ဝိရိယလုလ္လရှိသော အင်္ဂလိပ်နှင့်၊ အင်္ဂလိပ်ကပြားများ တရုပ်လူမျိုး ကုလားလူမျိုးများ၏၊ နောက်ကကျ၍ နေပေ၏၊ မိမိတို့ကိုယ်၏ကျန်းမာရေးကို၊ဂရုမစိုက်နိုင်ပြ၍ဆေးဝါးကုပန့်၊ ကျန်းမာအောင်ဝိရိယထုတ်သော၊ အဆိုပါလူမျိုးတို့မှာ၊ကျန်းမာသန်စွမ်း၍၊ရှေ့သို့ပြေးတက်ကြစဉ် ကျွန်တော်များမြန်မာမူစလင်တို့မှာ၊ မိမိ၌မည်သည့်ရောဂါ ကပ်တွယ် ညှိစွမ်းရှိနေသည်ကို၊ ဂရုမပြုမစုံးစမ်းဘဲ၊ အရမ်း စားလိုရာစားသောက်၍၊ ခြေထောက်ဒူးဆစ်၊ အမြဲ နာသူကဲ့သို့

တောင်ဒေဝါးကို ထောက်ကိုင်လျက်၊ မိမိနောက်က လူများ မိမိရှေ့သို့ တက်ပြေးခြင်းကို မော့၍ကြည့်ပြီး ကျန်ရစ်နေသူနှင့်တူပေ၏။

တိုင်းပြည်ကိုအုပ်ချုပ်သည့် အစိုးရတို့က၊ ထိုတိုင်းပြည်အတွင်းရှိ လူမျိုးလူစုခုရင်း အရပ်ရပ်တို့၏၊ ကိုယ်စား ကိုယ်စားလှယ်များကို၊ အုပ်ချုပ်သည့်အဖွဲ့၌၊ထည့်သွင်းထားရှိသင့်ပေသည်၊လူမျိုးလူစား အသီးသီး တို့ကလည်း၊ မိမိတို့အမျိုးသားအနက်မှ၊ ကိုယ်စားလှယ် များကို၊ အုပ်ချုပ်သည့်အဖွဲ့တွင်၊ပါရှိစေ၍၊ မိမိတို့အမျိုးသားနှင့်သက်ဆိုင်ရာ အကျိုးကျေးဇူးများကို၊တိုးပွါးစေရန်နှင့် ဆုတ်ယုတ် နစ်နာဘွယ်များကိုကာကွယ် ချခံရန်အတွက် ထားရှိသင့်သည်၊ မိမိပြောလိုသော စကားကို၊ သူတထူး နှုတ်လျှာကပြောစေ၍၊ အလိုမတုန်နိုင်၊

တိုင်းရေးပြည်မှုကို ကျွမ်းကျင်နားလည်သော ပုဂ္ဂိုလ်ကြီးများက လူမျိုးလူစားခွဲခြား၍ တသီးပုဂ္ဂလ ကိုယ်စားလည်ရွေးကောက် တင်မြှောက်ခြင်းမှာ၊မှားယွင်းသောအယူဝါဒဟု၊မိန့်ဆိုကြသည်၊ ပညာရှိကြီးများ၏၊ ဩဝါဒကို၊ မလွန်ဆန်သင့်ပေ၊ သို့ရာတွင်၊ မိုးယင်းကုတ်မြို့၊ သားရှုမြို့များကဲ့သို့၊ ဖြေသည့်နေရာမှာသန်၍၊ အလွန်အသုံးဝင်သော သားမွေးအင်္ကျီမှာ၊မန္တလေးရွှေဘိုတို့ကဲ့သို့၊ပူအိုက်သောနေရာမှာသန်၍၊ ကဆုံလနွေရာသီတွင် ဝတ်ရန်မသင့်ပေ၊

နိုင်ငံခြားနည်းဖြင့်၊ အုပ်ချုပ်သည့် ကောင်စီတွင်၊ မြန်မာပွတ်စထင်လူမျိုးတို့၏ အကျိုးကျေးဇူးနှင့်၊ စင်လျဉ်း၍

မြန်မာမွတ်စလင်လူမျိုးတို့သည်၊ မြန်မာနိုင်ငံ အတွင်းရှိ၊ အခြားလူမျိုးလူစားကဲ့သို့၊ အခွင့်အရေး၊ အညီအမျှခံစားကြခဲ့သည်၊ မခံစားကြရသည် ဆိုသော ပြဿနာများကို အရေးတယူ ပြုလုပ် မေးမြန်း ချက်ကို၊ မကြား သိရပေ၊ မြန်မာပြည်ရှိ အခြားလူမျိုးလူစားများသည်၊ မြန်မာမွတ်စလင်တို့အပေါ်၌၊ တိုင်းရေးပြည်မှုနှင့်ပတ်သက်၍၊ ဘယ်ကဲ့သို့ စေတနာထားရှိကြသည်ကို၊ အမျိုးသား ပညာရှင်တို့၊ သိနားလည် ကြပြီးဖြစ်၍ ဘောဝထုတ်၍ ရေးရန်မလိုတော့ပေ၊

"နတ်ကရော-ကျီးမော" သကဲ့သို့၊ သူတပါး ဆောင်ရွက်ထားကိုကြည့်ပြီး၊ "အကျွန်၊ တောင်မှန်း-မြောက်မှန်းမသိ"သကဲ့သို့မနေသင့်ကြ၊ဥစ္စာရှင်လိုကဥစ္စာရှင်ခဲ့ရမည်ဆိုသော စကားပုံနှင့်၊ ငိုဘတ်တဲ့ကလေးမှ-နို့ရသည်ဆိုသော စကားပုံများကိုထောက်ထားပြီး၊တိုင်းပြည်အုပ်ချုပ်သည့်အဖွဲ့၌၊ မိမိတို့အမျိုးသား၊ ကိုယ်စားလှယ်များပါဝင်ရှိရန်၊ပိရိယလုလ္လ ထုတ်သင့်ကြပေ၏၊

ဤအချက်၌၊ လုံးလုံးရှားရှား ဝိရိယလုလ္လ မထုတ်ကြဟုမဆိုလိုပါ၊ မြန်မာပြည်ကို ပြုပြင်ပြောင်းလဲ အုပ်ချုပ်ခြင်းမပြုမီအလျှင်၊ နှစ်များစွာကပင်၊ ရန်ကုန်မြို့ မြန်မာမွတ်စလင် အသင်းကြီး-ဥက္ကဋ္ဌသူဌေးမင်း-ဦးဘအိုဘာ၊ အုပ်ချုပ်ရေးကို စုံစမ်းသာသည့် တော်မိရှင် အဖွဲ့နှင့်၊ ဘုရင်ခံထံ မြန်မာမွတ်စလင်တို့အား၊ အရေးအခွင့် ပြည့်ရအောင်ပေးရန်၊ စာတင်သွင်းခြင်းနှင့်၊ ပြုပြင်အုပ်ချုပ်ရေး စကင်း ပြုလုပ်ရန်အတွက်၊ ဆာကရက်ဒေါက်ထ-

ထင်မြင်ချက် တောင်းသော အခါကသည်း၊ မန္တလေး ရန်ကုန်မြို့ရှိ မြန်မာပွတ်စလင်တို့က၊ အကြံပေးချက် အသီးသီးတင်သွင်းခဲ့ကြပေ၏။ သို့သော် အစိုးရက ဂရုဓမ္မ မပြုဘဲနေခဲ့၏။

မိုလိမင် တိုစကင်း၊ မောင်တောဂျူ-ခြန်ငဖိုစကင်းနှင့် “ပွတ်စလင်လိ”က၊ မူလ တင်သွင်းသော၊ အဆို များ၌လည်း၊ လူမျိုးဘာသာ အလျောက်၊ တသီးပုဂ္ဂလ၊ အုပ်ချုပ်သည့် အဖွဲ့၌၊ ကိုယ်စားလှယ် ရွေးကောက် တင်မြှောက်ခွင့်ကိုပေးရန်ပါရှိသည်။ မြန်မာပြည်ရှိလူများထက် ဉာဏ်ပညာ စိတ်သဘော ကြီးသည့်၊ အိန္ဒိယတိုင်းသားတို့ပင်၊ ဟိန္ဒူ ပွတ်စလင် ရောလိုက်ကြသော လောလပ်ဝင် ဖင်မခံခင်-ကဲ့ကြရပြီ၊ တိုက်ကြတ်ကုတ် ခေါ်ကြရပါလျှင် အားလုံးအဖွဲ့၏ ကောင်းဆိုသည်။ နေသော် မိုး ပနိုင်ပါမည် လယ်-နေပြာကျူး၊ ရေးသည့်စကားများကို၊ ပွတ်စလင်လူဦးရေ နည်းပါးသော ပြည်နယ်များ၌၊ ပွတ်စလင် ကိုယ်စားလှယ်များအတွက်၊ သီးသန့်-မဲဆန္ဒနယ်ပြင်ဦးရေ ခွဲမှုဟု၊ ခွဲခြားထားရန်ဟု ထင်ရှားပါရှိသည်။

* မြန်မာပြည်-ခင်းတိုင်ပင် ကောင်စီအဖွဲ့ ၏သဘောထားစီမံချက်နှင့်၊ ပတ်သက်၍၊ ၁၉၂၇-ခု၊ စက်တင်ဘာလ-၂၆ ရက်နေ့စွဲနှင့် ထုတ်ပြန်သည့်၊ မြန်မာပြည် အစိုးရ၏ ဂေဇက်အထိန့်တော်ပြန်တမ်း၊ ကြော်ငြာချက်နံပါတ်-၁၆၉ ၌၊ လူမျိုးလူစား အလျောက်၊ တသီးပုဂ္ဂလ ရွေးကောက် တင်မြှောက်ခွင့် ပေးသော ခင်းတိုင်ပင် ခန့်မှု အရေအတွက်မှာ၊

ပုသိမ်မြို့-အိန္ဒိယတိုင်းသားတို့အတွက်၊ ၁
မန္တလေးမြို့၊ ၎င်း ၁
မော်လမြိုင်မြို့၊ ၎င်း ၁
ရန်ကုန်မြို့၊ ၎င်း ၄
ဒေးဒရဲမြို့ရှိ-ကရင်လူမျိုးတို့အတွက်၊ ၁
ပုသိမ်မြို့နှင့်ဖါပယ် ပါပင်မြို့၊ ပုသိမ်မြို့ရှိ
ကရင်လူမျိုးတို့အတွက်၊ ၁
ဓနုဖြူ-ကရင်လူမျိုးတို့အတွက်၊ ၁
မြောင်းမြ ကရင်လူမျိုးတို့အတွက်၊ ၁
သထုံနယ်-ကရင်လူမျိုးတို့အတွက်၊ ၁
ဥရောပတိုက်သားတို့အတွက်၊ ၁
အင်္ဂလိပ်ကပြားများအတွက်၊ ၁
တရုတ်ကုန်သည်အသင်းအတွက်၊ ၁

ဖြစ်သည်၊ ဟိန္ဒူနှင့် မွတ်စလင်ပါဝင်သည့်၍၊ အိန္ဒိယသား လူမျိုးအချင်းချင်းမှာ ၈၈၇,၀၇၇ ရှိ၍၊ မင်းတိုင်ပင်အမတ် သီးသန့်-၇-ယောက်၊ ရွေးကောက် တင်မြှောက်ခွင့်ပေး သည်၊

ခရစ်ယာန်ဘာသာဝင်ကရင်လူမျိုးပေါင်း-၁၇၈,၂၂၅-ယောက်ကို၊ ခရစ်ယာန် မဟုတ်သည့်၊ အခြားကရင် ၁၅-မျိုးခန့်ပေါင်း၊ ၁,၀၄၂,၁၃၁-တို့နှင့် ပေါင်းစပ်၍၊ ကရင်လူမျိုးပေါင်း- ၁,၂၂၀,၅၅၆ ယောက် အတွက် ဆို၍၊ မင်းတိုင်ပင် အမတ်-၅-ယောက်ခန့် ရွေးကောက် တင်မြှောက်ခွင့်ပေးသည်၊

၈,၃၁၇-ယောက်ခန့်မျှရှိသော၊ ဥရောပတိုက်သားတို့ အနက်မှ၊ မင်းတိုင်ပင်အဖွဲ့၌၊ အစိုးရအာရုံရှိ အဖြစ်ဖြင့်

သော်၎င်း၊ အစိုးရက အမည်နာမပေး၍ ရွေးကောက်သူ အဖြစ်နှင့်သော်၎င်း၊ ချိန်ဘာအောဖ်- ကော်မတ်ခေါ်-ဥရောပတိုက်သား ကုန်သည်ကြီး အသင်း၏ ကိုယ်စား အဖြစ်နှင့်သော်၎င်း၊ မင်းတိုင်ပင် အမတ်များစွာ ပါရှိခဲ့သည့်အပြင်၊ တဦးကိုလည်း ရွေးကောက်တင်မြှောက်ခွင့် ပေးသည်။ ။အင်္ဂလိပ်ကပြားနှင့် အရမနီ နှစ်မျိုးပေါင်း ၁၇,၀၅၆-ယောက်ဘို့ကို၊ မင်းတိုင်ပင်အမတ် တဦးရွေးကောက်တင်မြှောက်ခွင့် ပေးသည်။ ။၅ ပုံတွင် ၃ ပုံမျှလောက် တရုပ်ပြည်ကြီးသား နိုင်ငံခြား လူမျိုး ဖြစ်သည့် တရုပ်လူမျိုး ၁၄၀,၀၀၀ ကျော်ခန့်တို့၏အနက်က၊ ကုန်သည်အသင်းကို မင်းတိုင်ပင် တယောက် ရွေးကောက် တင်မြှောက်ခွင့်ပေးသည်။

မွတ်စလင်လူမျိုးတို့ကိုမူကား၊ ၅၀၀,၅၈၂-ယောက်အနက်၊ ၃၀၄,၅၃၈-ယောက်တို့ကို၊ အိန္ဒိယသားအဖြစ် စာရင်းသွင်းစေ၍၊ ဟိန္ဒူနှင့်ဟိန္ဒူအနွယ်ပါ ကျန်အိန္ဒိယသား လူပေါင်း ၅၀၂,၆၃၀ တို့နှင့်ပြိုင်ဆိုင်ရွေးကောက်၍ မဲများရခန့်ထားမည်။ ကျန် မြန်မာမွတ်စလင်-၁၁၆,၀၅၃ ယောက်ဘို့ကို၊ ဗုဒ္ဓဘာသာမြန်မာနှင့်အခြားတိုင်းရင်းသားလူမျိုးပါ၊ ပေါင်း- ၈၀၀၀,၀၀၀ ခန့်နှင့်၊ ပြိုင်ရွေးပြီး မဲအနည်းများလျှင်၊ မင်းတိုင်ပင် တင်မြှောက်မည်ဆို၍၊ စီမံထားသည်၊

မွတ်စလင်ချင်းချင်း၊ညီရင်းအစ်ကို မှတ်ယူရမည်ဟူ၍ တရားထင်လျှားရှိသော၊ မွတ်စလင် လူမျိုးတို့အား၊ အိန္ဒိယသားနှင့်၊ မြန်မာမွတ်စလင်ဟူ၍ မင်းတိုင်ပင် အဖွဲ့အတွက်၊ ရွေးကောက်ရာတွင်၊ ခွဲခြားလိုက်ပုံ အစိုးရမင်း

တို့၏၊ ပိုလစ်ဆီကို အောင့်သက်သက်နှင့်၊ မချိမဆန့်ခံရတော့သည်၊

အိန္ဒိယနိုင်ငံ ပြည်နယ်အရင်ရပ်၌ပင်၊ မွတ်စလင်တို့အတွက်၊ ကောင်စီ၌ သီးသန့် မင်းတိုင်ပင် နေရာအရေအတွက်၊ ထားရှိပါလျှက်၊ မြန်မာပြည်၌၊ အိန္ဒိယမွတ်စလင်နှင့်၊ မြန်မာမွတ်စလင်တို့ကို ပေါင်းစပ်သည့်၊ လူဦးရေအတွက်၊ မင်းတိုင်ပင်, ၄-၅ ယောက် ကိုဖြစ်စေ၊ သို့မဟုတ် အိန္ဒိယ မွတ်စလင်အတွက်မည်မျှ မြန်မာ မွတ်စလင်အတွက်မည်မျှဟု သီးသန့်ခွဲခြား၍ဖြစ်စေ၊ ဥရောပတိုက်သား အင်္ဂလိပ်ကပြားနှင့် ကရင်လူမျိုး များကဲ့သို့ တသီးပုဂ္ဂလ ရွေးကောက် တင်မြှောက်ခွင့် ပေးသည့်အတွက်၊ မပေးသည်ကို၊ အစိုးရမင်းတို့က၊ အကြောင်းဘော်ပြချက်များ မတွေ့မမြင်ရသဖြင့်၊ များစွာဝမ်းနည်းဘွယ်ရာရှိပေ၏၊

အထက်ဘော်ပြခဲ့သည့်၊ ဂေဇက်အမိန့်တော်ပြန်တန်းအမိန့်နံပါတ်၏ အပိုဒ်-၄-၌၊ မင်းတိုင်ပင်ရွေးကောက်ခွင့်ပြုထားသည့်၊ လူမျိုးလူစား တရင်ထည်း၌၊ တသီးပုဂ္ဂလတင်မြှောက်ခွင့်ပြုရန် ၂မျိုး၂စားဖြစ်စေ၊ ၎င်းထက် များအောင်ဖြစ်စေ၊ ခွဲခြားနိုင်ခွင့်နှင့် မူလပေါင်းစပ်ထားသည့်လူမျိုးလူစားတို့အနက်သီးသန့်ပိုင်းခြားထားရှိသည့်၊ မင်းတိုင်ပင်အမတ် အရေအတွက်ကိုလည်း လုံနည်းမခြားခွဲဝေမှုတပေးနိုင်ခွင့်၊ ပြည်ပိုင်အစိုးရမင်းတို့၌၊ ရှိကြောင်းနှင့်၊ အတိအလင်း ဘော်ပြထားရှိသည်၊

ဤကဲ့သို့ အခွင့်အရေးပေးပါလျက်နှင့်၊ မြန်မာမွတ်စလင်တို့ကို၊ ဗုဒ္ဓဘာသာ မြန်မာလူမျိုးတို့အထဲမှ ခွဲထုတ်

ပြီး၊ တသီးပုဂ္ဂလ ရွေးကောက်တင်မြှောက်ခွင့် မပေးခြင်းမှာ၊ အလုပ်ရှင်၍၊ ကလေးအငယ်ကိုး၊ သတိမမေ့ ရှော်သည့်၊ မိဘနှင့်တူသည့်၊ မြန်မာပြည်အစိုးရတို့နှင့်၊ မိဘနှင့်ဝင်ရေလည်းအောင် မနေပြောပြ တတ်သည့်၊ စကားမပြီသေးသော၊ ကလေးသူငယ်နှင့် တူသည့်၊ မြန်မာမွတ်စလင်ကပြားမျိုးတို့၏ ၂ ဦးစလုံး၏ အဖြစ်ဟုပင် ဆိုတွယ်ရှိပေ၏၊

## ကုလားလိုလို-ဗမာလိုလို။

မြန်မာပြည်-အုပ်ချုပ်ရေး အသစ်တွင်၊ ဇေရဲဘာဒီ မြန်မာမူစလင်တို့အတွက်၊ သီးခြားအကျိုး ခံစားခွင့် မြော်လင့်ချက်ထားကြသော်လည်း၊ ၁၉၃၇-ခု-နှစ်၊ ဧပြီလ (၁)-ရက်နေ့က၊ စတင်ပြောင်းလဲအုပ်ချုပ်သော၊ မြန်မာပြည်အုပ်ချုပ်ရေးသစ်တွင်၊ဇေရဲဘာဒီတို့၏အကျိုးအတွက်၊ တစုံတရာထူးခြားချက်မပါသဖြင့်၊ လူမျိုးသီးခြားအကျိုးခံစားခွင့်မှာ မြော်လင့်ချက်မရှိတော့ချေ။

အုပ်ချုပ်ရေး၌၊ သီးခြား အကျိုးခံစားခွင့် အတွက်၊ မြော်လင့်ချက်မရှိသော ဇေရဲဘာဒီမြန်မာမူစလင်တို့သည်၊ မြန်မာတို့နှင့် ဆိုးတူကောင်းဘက် သဘောထားလျက်၊ မြန်မာအဖြစ်ကိုပင် ခံယူကြမည်လော၊ သို့တည့်မဟုတ်၊ "ကြွက်ခွန်တောင်း လင်းနို့၊ လင်းနို့ခွန်တောင်း ကြွက်" ဆိုသကဲ့သို့၊ "ကုလားလိုလို-ဗမာလိုလို" ယောင်ဝါး ယောင်တောင်အခြေမျိုးကဲ့သို့ပင်နေမည်လောဟူသော ပြဿနာကိုရှင်းသင်းရန် အချိန်ရောက်ပြီဟု-သဘောရပေသည်။

အချို့သော ဇေရဲဘာဒီမူစလင်တို့သည်၊မိမိကိုယ်ကို၊ အိန္ဒိယနိုင်ငံသားကဲ့သို့ပင်၊ ထင်မှတ်ကြလျက်၊ ထိုနိုင်ငံ

ခြားသား ကုလားများနှင့် ပေါင်းသင်း ဆက်ဆံလိုကြ ပြီးလျှင်၊တိုင်းရင်းသားမြန်မာများနှင့် ပေါင်းသင်းဆက်ဆံ လိုသောစိတ်ထားမရှိကြချေ။ ထိုကဲ့သို့စိတ်ထားမျိုးရှိကြ ခြင်းကြောင့်လည်း၊မြန်မာပြည်နိုင်ငံရေးကို အရေးမထား ဘဲ၊ အိန္ဒိယနိုင်ငံနှင့် တရုတ်နိုင်ငံ စသော၊ မဟာမိတ် ဘာသာဝင်နိုင်ငံများ၏အရေးအရာများကိုသာ အလေးပြု ဂရုထားလေ့ရှိကြလေသည်။ ။အချို့သောဇေရိဗာဒီ မူစလင်တို့ကလည်း၊မိမိတို့၏ မော်လဝီ ပလီဆရာကြီး တို့၏ပြောကြားသောမှုကို အကြောင်းပြုလျက်၊ ဘာသာ ရေးဘက်၌ အယူသည်းကြပြီးလျှင်၊ မြန်မာလူမျိုးတို့၏ သာသနာ-နာယက ကိစ္စ များ၌၎င်း၊ မြို့ရေး-ရွာရေး၊ နိုင်ငံရေး များ၌၎င်း၊ခပ်ရှင်းရှင်း၊ ခပ်တင်းတင်းနေလေ့ရှိကြလေ သည်။ ။ထိုကဲ့သို့ သဘောထား နေထိုင်လေ့ရှိခဲ့ကြ ခြင်းကြောင့်၊ မြန်မာလူမျိုးနှင့် ဇေရိဗာဒီ မူစလင်တို့၏ ပေါင်းသင်းဆက်ဆံမှုအခြေအနေခပ်ဝေးဝေးပင်ဖြစ်ခဲ့ကြလေ သည်။ ။

ဇေရိဗာဒီမူစလင်တို့သည်၊အိန္ဒိယမူစလင်တို့အပေါ်၌၊ အားကိုးအားထား ပြုကြလျက်၊ ဆက်ဆံ ပေါင်းသင်းမှု ပြုကြသော်လည်း၊အိန္ဒိယမူစလင်တို့ကမူ၊ ဇေရိဗာဒီ မူစလင်တို့အပေါ်၌၊ ပြန်လည်လေးစားမှုများ၊ အလွန် နည်းပါးကြ လေသည်။ ။မြန်မာပြည်ကို နိုင်အာဏာ နည်းစနစ်အရ ပြောင်းလဲ အုပ်ချုပ်လာသောအခါ၊ တိုင်း ရင်းသား ကရင်လူမျိုးများနှင့်အတူ၊ ဥရောပတိုက်သား လူမျိုး၊ တရုတ်လူမျိုး၊ အိန္ဒိယလူမျိုးများ၊ လူမျိုးသီးခြား ရွေးကောက်နိုင်ခွင့် ရကြသည်ကို အကြောင်း ပြုလျက်၊

ဇေရိဘာဒီမူစလင်တို့ အနည်းငယ် နိုးကြားမှုများ ဖြစ်ပေါ်လာကြလေသည်။

ထိုနောက်မြန်မာပြည်နှင့်အိန္ဒိယခွဲခွာရေးကိစ္စကြီးတွေ့ကြုံလာကြသောအခါ၊ ပိုမို၍နိုးကြားသတိရခြင်းများဖြစ်လာကြလေသည်။ ဇေရိဘာဒီမူစလင်တို့သည်၊ အိန္ဒိယမူစလင်တို့အပေါ်၌ အားထားယုံကြည် နေခြင်းအားဖြင့်၎င်း၊ အိန္ဒိယမှလာရောက်ကြသောမော်လဝီ ပလီဆရာကြီးတို့ကို အားကိုးအားထား ပြုနေကြခြင်းအားဖြင့်၎င်း၊ ကြီးပွား တိုးတက်ခြင်း မရှိကြောင်း၊ ကောင်းစွာသိရှိလာကြပြီးလျှင်၊ ၎င်းတို့နှင့် သက်ဆိုင်ရာ အစည်းအဝေးများ၌၊ အိန္ဒိယ မူစလင်များကို၎င်း၊ အိန္ဒိယ မော်လဝီများကို၎င်း၊ အားမထား သင့်ကြောင်း များကို၊ အတိအလင်း ဟောပြောကြလေသည်။

၁၉၃၀-၃၁-ခုနှစ်က၊ အိန္ဒိယ မူစလင်နှင့်ဇေရိဘာဒီမူစလင်တို့၊ကျောင်းများ၌ပညာသင်ကြားရေးနှင့် ပတ်သက်၍၊သဘောကွဲလွဲကြပြီးလျှင်၊ "မြန်မာမူစလင် ပညာရေးကွန်ဖရင့်" အမည်ဖြင့်၊ ရမည်းမြို့တွင် ကျင်းပသော အစည်းအဝေးတွင်၊ အိန္ဒိယ မူစလင်များနှင့် အိန္ဒိယ မော်လဝီ ပလီဆရာကြီးတို့၏အဖြစ်များကိုအတိအလင်း ထုတ်ဖော်လျက်၊ ပြင်းပြင်းထန်ထန် ပုတ်ခတ်ဟောပြောကြသည်။ ။ယခုအခါ အချို့ဇေရိဘာဒီမူစလင်တို့က၊ ငါတို့ကား၊မြန်မာပြည်၌ မွေးဖွားကြပြီးလျှင်၊ မြန်မာပြည်၌ပင် သေကြရမည့်သူများဖြစ်ကြသည်။ မြန်မာလူမျိုးတို့ ကြီးပွားမှ-ငါတို့ကြီးပွားမည်၊ မြန်မာပြည် လွတ်လပ်မှ-ငါတို့လွတ်လပ်မည်၊ ထို့ကြောင့် ငါတို့သည်၊ မြန်မာလူ

မျိုးများနှင့်၊ ဘာသွားတသားတည်း၊ ရင်းရင်းနှီးနှီးရှိကြ ဘို့ အရေးကြီးသည်-ဟူသော စိတ်ဓါတ်မျိုး ပေါ်ပေါက် လာကြပြီးလျှင်၊ "ကုလားလိုလို-ဗမာလိုလို" အခြေအနေ မျိုးကို စွန့်လွှတ်ရန်၊ စိမ့် ကြိုးစားနေကြလေသည်။ ။ ထို့ကြောင့်၊ "ဗမာမွတ်စလင်၊လွတ်လပ်ရေးအဖွဲ့ချုပ်" က၊ ဗမာလူမျိုး-ဒို့လူမျိုး၊ ဗမာစကား-ဒို့စကား၊ ဗမာ စာ-ဒို့စာ၊ဗမာပြည်-ဒို့ပြည်၊အစရှိသော ဝါဒစာတမ်း များကို၊အနှံ့အပြား ကမ်းလှမ်း ဆောင်ရွက် လာကြလေ သည်။

## ဗမာမွတ်စလင်လွတ်လပ်ရေးအဖွဲ့ချုပ်
## ဝါဒစာတမ်း။

| | | | |
|---|---|---|---|
| ၁ | ဗမာလူမျိုး | ...... | ဒို့လူမျိုး |
| ၂ | ဗမာစကား | ...... | ဒို့စကား |
| ၃ | ဗမာစာ | ...... | ဒို့စာ |
| ၄ | ဗမာပြည် | ...... | ဒို့ပြည် |
| ၅ | လွတ်လပ်ရေး | ...... | ဒို့ဘာသာ |
| ၆ | ငြိမ်းချမ်းရေး | ...... | ဒို့သာသနာ |
| ၇ | ခေနရှင်ဝါဒ | ...... | အလိုမရှိ |
| ၈ | မော်လဗီဝါဒ | ...... | အလိုမရှိ |

## အဓိပ္ပါယ်ရှင်းလင်းဖေါ်ပြချက်။

(၁) ဗမာလူမျိုး ဒို့လူမျိုးဆိုသည်ကား၊ ။"ဗမာ့ သွေးနှင့်လူဖြစ်၍" ဗမာပြည်မှာမွေး၊ ဗမာပြည်မှာသေ၊ ဗ မာအာဝတ်ဝတ်၍ ဗမာပြည်မှာ ရောင်းဝယ်စားသောက် နေထိုင်ကြသော လူမျိုးကိုဆိုပါ၏၊ ဗမာမွတ်စလင် လူမျိုး

များသည်။ ထိုအတိုင်းပင် ဖြစ်ပါလျက်၊ မိမိတို့ကိုယ်ကို မိမိတို့ဓာရိုဘာဒီဟုခေါ်ကြ၍၊ ဂေ့သား ဟူ၍လည်း ခေါ်ကြ၍၊ ဤသည်ကား၊ မိမိတို့လူမျိုးကို မိမိတို့ မည်သည့်လူမျိုးဖြစ်ကြောင်း မသိသင့်လျှား၍၊ ထိုကြောင့် ဗမာလူမျိုးသည် ဒို့လူမျိုးဖြစ်ကြောင်း သပ်လျှားအောင် ဆောင်ရွက်ကြရမည်ဖြစ်၍။

(၂) ဗမာစကား-ဒို့စကား-ဆိုသည်ကား၊ ဗမာလူမျိုးဖြစ်ကြသည့်အတိုင်း မွေးသည်မှသေသည်တိုင်အောင် ဗမာစကားကိုပြောဆိုကြ၍၊ ဗမာလူမျိုးမှန်လျှင်ဗမာ စကားသည် ဗမာလူမျိုးတို့စကားဖြစ်ကြောင်း သိကြရမည် သို့သော် ဗမာပွတ်စလင်တို့သည်ကား၊ ဗမာ စကားကို ပြောကြ၍၊ အူရဒူစကားကိုသည်းပြောကြ၍၊ အင်္ဂလိပ် စကားကိုလည်းပြောကြသေး၍၊ စကားအမျိုးမျိုးကိုပြော ကြပြီး ဘယ်စကားမှကောင်းစွာမတတ်ကြ၊ ဗမာစကား ကိုပြောလျှင် အခြားဘာသာစကားလုံးများကို ရောနှော၍ပြောကြ၍၊ ဤသည်ကား၊ ဗမာစကားသည် မိမိတို့ စကားရင်းဖြစ်ကြောင်း မသိထင်လျှား၍၊ ထို့ကြောင့်ဗမာ စကားသည် ဒို့စကား ဖြစ်ကြောင်း ထင်လျှားအောင် ဆောင်ရွက်ကြရမည်ဖြစ်၍။

(၃) ဗမာစာ-ဒို့စာ-ဆိုသည်ကား၊ ဗမာလူမျိုးဖြစ် ကြသည့်အတိုင်း ဗမာစာသည်၊ မိမိတို့စာဖြစ်၍၊ ၎င်းစာ သည်မိမိတို့မူလစာဖြစ်ကြောင်း သိကြရမည်၊ သို့သော် ဗ မာ ပွတ်စလင် တို့သည်ကား၊ ဗမာစာကို သင်ကြ၍၊ အင်္ဂလိပ်စာကိုလည်းသင်ကြ၍၊ အူရဒူစာကိုလည်းသင် ကြ၍၊ အာရဗျီ စာကိုလည်းသင်ကြ၍၊ ဖါရစီ စာကို

လည်းသင်ကြသေး၏၊ ဘယ်စာမှကောင်းစွာမတတ်၊ စာ အမျိုးမျိုးကိုသင်သောလူမျိုးဖြစ်၏၊ ဤသည်ကား ဘယ် စာသည်မိမိတို့စာအရင်းဖြစ်ကြောင်းမသိထင်လျှား၏၊ ထို ကြောင့်ဗမာစာသည်ဒို့စာဖြစ်ကြောင်း-ထင်လျှားအောင် ဆောင်ရွက်ကြရမည်ဖြစ်၏။ ။

(၄) ဗမာပြည်-ဒို့ပြည်-ဆို သည်ကား၊ ဗမာပြည် သည် ဗမာလူမျိုးများ နေထိုင်ရာအရပ်ဖြစ်၏၊ ထိုကြောင့် ၎င်းအရပ်ဒေသသည် ဗမာလူမျိုးပိုင်၏၊ဆိုင်၏၊ သို့သော် ဗမာမွတ်စလင်တို့သည်ကား၊ မိမိတို့ပြည်သည်၊အိန္ဒိယ ပြည်ဟုအထင်ရောက်ကြ၏၊ အချို့ကား အာရေဗျပြည် ထင်ကြ၏၊ အချို့ကား တူရကီပြည်ထင်ကြ၏၊ အချို့ ကား၊ မိမိတိုင်းပြည်ဘယ်ဟာမှန်း ယနေ့တိုင် မပြောနိုင် ကြချေ၊ ဤသည်ကား ဗမာပြည်သည် မိမိတို့ပြည်ဖြစ် ကြောင်း မသိထင်လျှား၏၊ ထိုကြောင့် ဗမာပြည်သည်၊ ဒို့ပြည်ဖြစ်ကြောင်း- ထင်လျှားအောင် ဆောင်ရွက်ကြရ မည်ဖြစ်၏။ ။

(၅) လွတ်လပ်ရေး-ဒို့ဘာသာ-ဆိုသည်ကား၊ ဗမာ မွတ်စလင် လူမျိုးများသည်၊ လွတ်လပ်ရေးဆိုသောစကား လုံးကိုသော်၎င်း၊ ဗမာပြည် လွတ်လပ်ရေးကိုသော်၎င်း၊ မိမိတို့နှင့်မဆိုင်ဟုထင်ကြ၏၊ သို့သော် မွတ်စလင် ဘာ သာသည်၊ မွတ်စလင်တို့အား ကျွန်စိတ် ကျွန်သွေးပေါက် ခြင်း၊ အယူသည်းခြင်း၊ ချွဲထွင်ခြင်း၊ မိစ္ဆာဝါဒ မိုး သွမ်းခြင်း၊ နေရှင်ဝါဒနှင့် တေရားသြဇာလွှမ်းမိုးခြင်း၊ လူကိုလူကချုပ်ချယ်ခြင်း၊ ဒီမိုကရေစီ ဝါဒဖြစ်သော

(ရှရီအတ်) နှင့်ဆန့်ကျင်၍ မတရားအုပ်စိုးခြင်းနှင့်၊ မော်လ ပိဝါဒတို့မှ ကင်းလွတ်ရမည်၊ (လွတ်လပ်)ရမည့်ဘာသာ ဖြစ်ကြောင်းနှေ့စဥ် ညွှန်ကြားပြသလျက်ရှိ၏။ ထိုကြောင့် လွတ်လပ်ရေးသည်၊ ဒို့ဘာသာ ဖြစ်ကြောင်း-ထင်လျှား အောင်ဆောင်ရွက်ကြရမည်ဖြစ်၏။

(၆) ငြိမ်းချမ်းရေး-ဒို့ သာသနာ-ဆိုသည်ကား၊ဗမာ မွတ်စလင်လူမျိုးများသည် ငြိမ်းချမ်းရေးဆိုသော စကား လုံးနှင့်၊ ၎င်းအဓိပ္ပါယ်ကို မိမိတို့နှင့်မဆိုင်ဟု ထင်ကြ၍ ကမ္ဘာကြီး တခုလုံးတွင် ငြိမ်းချမ်းရေးရရှိရန် လက်နက် အင်အား လူအင်အား တို့ဖြင့်အသက်နှင့် စည်းစိမ်ကိုမြှု ပျက်လျှက်ရှိကြ၏။ {အစ္စလမ်} ဆိုသောစကားလုံး၏ အဓိပ္ပါယ်မှာငြိမ်းချမ်းရေးဖြစ်၏၊၎င်း {အစ္စလမ်} ဝါဒမှာ လည်းဗမာမွတ်စလင်တို့အား လက်တွေ့ အလုပ်လုပ်၍ပြ ရန်တာဝန်ရှိကြောင်းနေ့စဥ် သွန်သင်ပြသလျှက်ရှိ၍၊ ထို ကြောင့်ငြိမ်းချမ်းရေးသည် ဒို့သာသနာဖြစ်ကြောင်းထင် လျှားအောင်ဆောင်ရွက်ကြရမည်ဖြစ်၏။

၇၊ ဓနရှင်ဝါဒ-အလိုမရှိ- ဆိုသည်ကား၊ ဓနရှင် မှာနှစ်မျိုးနှစ်စားရှိ၏၊၁-နိုင်ငံခြားသားဓနရှင်နှင့်၂ တိုင်း ရင်းသားဓနရှင်တို့ဖြစ်၏။ ၎င်းတို့၏ဝါဒသည် ဗမာလူမျိုး ဒို့ သာပေါက်၊ ဗမာစကားဒို့ မသုံး၊ ဗမာစာဒို့ မသင်၊ ဗ မာပြည်ဒို့ စားကျက်၊ လွတ်လပ်ရေးဒို့ မသိ၊ ငြိမ်းချမ်းရေး ဒို့ နားမလည်၊ ဓနရှင်ဒို့ အမျိုး၊ မော်လဝိဝါဒဒို့ လက် သုံး-စသည်တို့ဖြစ်၏၊ ဗမာလူမျိုးတို့မှာဓနရှင်တို့၏လက် ဝါးပြင်အောက်၌ ကျွန်သပေါက်ဖြစ်နေကြသည်ကို ဗမာ

မွတ်စလင်တို့ ယနေ့တိုင်မသိကြ၊ မိမိတို့မပါဟူ၍လည်း အထင်ရောက်နေကြ၏၊ ဗမာလူမျိုးလူဦးရေ(၁၀၀)လျှင် ရာခိုင်နှုန်း ၉၉ နှင့်ဒသမ ၉၉ တို့မှာ ဗမာဆင်းရဲသားများ ဖြစ်ကြ၏၊ ၎င်းဗမာဆင်းရဲသားများတွင်ဗမာမွတ်စလင် တို့အပါအဝင်ဖြစ်၏၊ မွတ်စလင်ဘာသာသည် ဗမာစ မွတ်စလင်တို့အား ဓနရှင်ဝါဒအလိုမရှိရန်နှင့် လက်တွေ့ တိုက်ဖျက်ရန်များကို နေ့စဉ်သွန်သင်ပြသလျက်ရှိ၏၊ ထို ကြောင့် ဓနရှင်ဝါဒ အလိုရှိကြောင်း ထင်ရှားအောင် ဆောင်ရွက်ကြရမည်ဖြစ်၏၊ ။

(ဂ) မော်လဝီဝါဒ-အလိုမရှိ-ဆိုသည်ကား၊ ဗမာ မွတ်စလင် တို့သည် မော်လဝီ ဝါဒအောက်၌ခေါင်းမ ပြူနိုင်အောင် ရှိနေသည်ကို ယနေ့တိုင် မသိကြချေ၊ မော် လဝီဝါဒ အနှောင်အဖွဲ့မှလည်း ယနေ့တိုင် မလွတ်လပ် ကြချေ၊ မော်လဝီဝါဒသည်၊ ဗမာလူမျိုးနို့ မဟုတ်၊ ဗမာစ ကားနို့ မသုံး၊ ဗမာစာနို့ မသင်၊ ဗမာပြည်နို့ စားကျက် လွတ်လပ်ရေး နို့ မသိ၊ ငြိမ်းချမ်းရေးနို့ နားမလယ်၊ ဓန ရှင်နို့ ဘုရား၊ မော်လဝီအလုပ်နို့ စီးပွါး၊ စသည်တို့ ဖြစ်၏၊ ထိုကြောင့် မော်လဝ ဝါဒအလိုမရှိကြောင်းထင် ရှားအောင်ဆောင်ရွက်ကြရမည်ဖြစ်၏၊

လွတ်လပ်ရေးဝါဒကမ္ဘာကသိစေမည်၊

မှတ်ချက်၊ ပေါ်ပြူလာဝါဒ (ဂ) ချက်နှင့်အ ကျယ် (ဂ) ရပ်တို့သည် ဗမာမွတ်စလင်လွတ်လပ်ရေးအ ဖွဲ့ချုပ်၏ ဝါဒစာတမ်းဖြစ်၍၊ ၎င်းဝါဒစာတမ်းကိုကြိုက် နှစ်သက်သူ အမျိုးသား အမျိုးသမီးအပေါင်းတို့အား-ဗမာ

မွတ်စလင်လွတ်လပ်ရေးအဖွဲ့ဝါဒဝင်များဟုအဖွဲ့ချုပ်ကြီးက အသိအမှတ်ပြုပါကြောင်းကြေငြာလိုက်ပါသည်၊

(၁) မောင်မောင်ကလေး၊
ဥက္ကဋ္ဌ။

(၂) ဦးကို၊
နာယက။

(၃) သခင်သိန်းထွန်း၊
အထွေထွေအတွင်းရေးမှူး။

တောင်းပန်ချက်။ ။အို–ဗမာမွတ်စလင် အမျိုးသမီးအမျိုးသားအပေါင်းတို့၊ ရှမ်း၊ ကရင်၊ ရခိုင်၊ တလိုင်း၊ဗမာလူမျိုး ရဟန်းရှင်လူ အပေါင်းတို့က အဆွေတို့အား၊ ကုလားဟုခေါ်ကြ၍၊ ကုလားလူမျိုးများကလည်း၊ အဆွေတို့အားဗမာဟုခေါ်ကြ၍၊ အဆွေတို့သည် မည်သူတွေဆိုတာ ရှင်းလင်း သောပြရန်၊ တာဝန်ရှိနေပါသည်၊ အချိန်လည်းကြာရောက်ပါပြီ၊ အဆိုပါပြဿနာကြီးကို မရှင်းလင်းဘဲထားသဖြင့်၊ ဗမာမွတ်စလင်တို့၏ စီးပွားရေးမှာပျက်စီး လှပါပြီ၊ ပညာ ရေးမှာလည်း၊ အောက်တန်းသို့ရောက်နေပါပြီ၊ လူမျိုးကြီးပွားရေးမှာလည်း၊ ဆယ်၍မရအောင် ယုတ်လျော့ပျက်စီးခြင်းသို့ ရောက်နေပါပြီ၊ကျွန်ုပ်တို့သည်ကား၊ အမျိုးသား တို့၏ ပြဿနာ ကြီးကို ပခုံးပေါ်တင်၍ ရှင်းလင်းရန် ထွက်ခဲ့ပါပြီ၊ ထို့ကြောင့်အဆွေတို့ကလည်း အဆွေတို့တာဝန်ကို ကြေပွန်အောင် ဝိုင်းဝန်းကူညီထောက်ခံတော်မူကြပါ၊

တောက်ခံဆိုသည်မှာ၊ ။မိမိတို့ရပ်ကွက်ဆိုင်ရာ၊ အဖွဲ့အစည်းများ ပြုလုပ်၍၊ ဝါဒကြီး (၈)ချက်ကို လက်ရ သိမ်းပိုက်တော်မူရန်ဖြစ်ပါသည်၊

လွတ်လပ်ရေးတရားပွဲများကို၊ အိတ်မန္တက ပြုလိုပါက၊အဖွဲ့ကြီးသို့၊အချိန်မရွေး အကြောင်းကြားတော်မူပါ။

(ပုံ) မောင်ခေါင်ကလေး၊

မဟာမွတ်စလင်လွတ်လပ်ရေးအဖွဲ့ချုပ်။

ယာယီဌာန-မြန်မာသမတသတင်းစာတိုက်၊

၈၃-လမ်း၊ မန္တလေးမြို့၊

# အခန်း—၁၀။

## မြန်မာအမျိုးသမီးများနိုင်ငံခြားသားတို့နှင့် လက်ထပ်မှုနှင့် အမွေဆက်ခံမှု။

အိန္ဒိယနိုင်ငံသား၊ ကုလားလူမျိုးစသော နိုင်ငံခြားသားတို့သည်၊ မြန်မာပြည်တွင်းသို့၊ ဝင်ရောက် နေထိုင်ခြင်းများပြားလာကြသည့် အလျောက်၊ နိုင်ငံခြားသား ယောက်ကျားများနှင့် မြန်မာအမျိုးသမီးတို့ လက်ထပ်ထိမ်းမြားမှုတို့မှာလည်း တိုးတက်များပြား လာကြသည်၊ မဟာမက်ဘာသာဝင် ကုလားလူမျိုးနှင့် လက်ထပ်သော မြန်မာအမျိုးသမီးသည်၊ မဟာမက်ဘာသာဝင် ကုလားလူမျိုးနှင့် လက်ထပ်သောဥပဒေအရ လိုက်နာကြရသည်၊ တရုပ်လူမျိုးနှင့်လက်ထပ်သောမြန်မာအမျိုးသမီးသည်လည်း၊ တရုပ်လူမျိုးတို့ တရားဥပဒေ အရလိုက်နာကြရသည်၊ မြန်မာအမျိုးသမီးတို့မှာ နိုင်ငံခြားသားများနှင့် လက်ထပ်ထိမ်းမြားမှုသည်၊ လူအမျိုးကို၊ ထိခိုက်နစ်နာစေခြင်းသာ မဟုတ်ဘဲ၊ အမွေဆက်ခံမှုဘက်၌လည်း၊ အလွန်နစ်နာချက်ကြီးများနှင့် တွေ့ကြုံကြရလေသည်၊

## ၁၉၀၇-ခုနှစ်

ထိုကဲ့သို့ နစ်နာချက်ကြီးများကိုကာကွယ်ရန်အမြော်အမြင်ရှိကြသောမျိုး ချစ်ပုဂ္ဂိုလ်တို့ ည်၊ ခရစ်သက္ကရာဇ် ၁၉၁၇-ခုအောက်တိုဘာလအတွင်းက ပျဉ်းမနားမြို့တွင် ကျင်းပသော၊မြန်မာ နိုင်ငံသုံးဆိုင်ရာ ဝိုင် အမ် ဘီ အေ နှင့် အလားတူအသင်းများ၏၊ ပဥ္စမမြောက်ကွန်ဖရင့်အစည်းအဝေးကြီးတွင်၊ မြန်မာအမျိုးသမီးများနှင့် နိုင်ငံခြားသားတို့ လက်ထပ် မှုကိစ္စကို အကျယ်တဝင့် ဆွေးနွေးစဉ်းစားကြပြီးလျှင်၊ (ဘာသာခြားလူမျိုးများနှင့်၊ မြန်မာ အမျိုးသမီးများ အိုးအိမ်ထူထောင်ခြင်းကို များစွာ မနှစ်သက်နိုင်ကြကြောင်း၊) ဆုံးဖြတ်ပြဋ္ဌာန်းကြလေသည်။

## ၁၉၁၈-ခုနှစ်၊

ဂုင်းနောက်။ ၁၉၁၈-ခုနှစ်၊ မော်လမြိုင်မြို့တွင် ကျင်းပသော မြန်မာ နိုင်ငံသုံးဆိုင်ရာ၊ ဝိုင်-အမ်-ဘီ-အေ၊ နှင့် အလားတူအသင်းများ၏၊ ဆဋ္ဌမ အကြိမ်မြောက်၊ ကွန်ဖရင့် အစည်းအဝေးကြီး၌လည်း။ မြန်မာအမျိုးသမီးများနှင့်၊ နိုင်ငံ ခြားသားတို့၊ လက်ထပ် ထိမ်းမြားမှု ကိစ္စကို လေးလေးနက်နက်၊ ဆက်လက် ဆွေးနွေးကြပြီးလျှင်။ (အချို့သောမြန်မာအမျိုးသမီးတို့သည်၊ လူမျိုးခြားတို့နှင့်၊ အိမ်ထောင်ဘက် ပြုလုပ် ပေါင်းသင်း နေထိုင်ကြသည် ဖြစ်သောကြောင့်၊ ဤကဲ့သို့ အကျင့် အလေ့ သည်၊ အမြဲတည်ရှိနေပါက။ မြန်မာအမျိုးသမီးတို့သည်၊ တနေ့တခြား နစ်နာဆုတ်ယုတ် တရေး မဝင်သော မထား ဖြစ်နေလျှင်

အမျိုးဘာသာ ပျက်ပြားရန်အကြောင်းရှိသဖြင့်၊ ဤကဲ့သို့ အကျင့်အသေ များ၊ တနေ့တခြား ခေတ်ယုတ် ပျောက်ကွယ်သွားခြင်း မြန်မာလူမျိုး အပေါင်းတို့အား၊ စာအုပ်စာတမ်းများ ရိုက်နှိပ်ဝေငှသင့်ကြောင်း။)ဆုံးဖြတ်ပြဋ္ဌာန်းကြလေသည်၊

## ၁၉၂၁-ခုနှစ်။

၁၉၂၁-ခုနှစ်တွင်၊ ဦးဥတ္တမ ကိုယ်တော်ကြီးအား အစိုးရကိုအကြည်ညိုပျက်အောင်။ ဟောပြောမှု၊ အိန္ဒိယ ရာဇသတ်ပုဒ်မ၊ ၁၂၄ (က)အရ၊ အစိုးရက ဘမ်းဆီး စစ်ဆေး၊ ထောင်ဒဏ် အပြစ်ပေးသည်ကို၊ အကြောင်း ပြုလျက်၊ မြန်မာနိုင်ငံရေးအလူး တိုးတက် လှုပ်ရှားလာရာ မြန်မာအမျိုးသမီး အသင်းများ ဖွဲ့စည်းကြပြီးလျှင်၊ မြန်မာ အမျိုးသမီးများ ဘာသာခြားလူမျိုးများနှင့်၊ လက်ထပ်ထိမ်း မြားမှုများ မပြုသင့်ကြောင်းများ၊ ဟောပြော မှုများတိုး လာလေသည်၊

## ၁၉၂၅-ခုနှစ်။

၁၉၂၅-ခုနှစ်၊ ဇွန်လအတွင်းက ကျင်းပသောမြန်မာ နိုင်ငံလုံးဆိုင်ရာ၊ ညီညွတ်ရေး အဖွဲ့ချုပ်ကြီး၏၊ ကွန်ဖ ရင့်အစည်းအဝေးကြီးတွင်၊ နိုင်ငံခြားသားများဝင်ရောက် ခြင်းဆိုင်ရာ၊ ဆပ်ကော်မီတီ၏၊ အစီရင်ခံစာကို၊ ပြဋ္ဌာန်း အတည်ပြုကြလေသည်။ ထိုအစီရင် ခံစာတွင်၊ မြန်မာ ဗုဒ္ဓဘာသာ အမျိုးသမီးများနှင့်၊ အခြားလူမျိုးများ၊ လက် ထပ်ထိမ်းမြားမှု ကိစ္စအချက်ကြီး တချက်လည်း၊ ပါလေ သည်၊ ၎င်းဆပ်ကော်မီတီတွင်၊ သခုအစိုးရ ရှေ့နေချုပ်

ကြီး-ခဘ်လုံတော်ရ၊ ဦးသိမ်းမောင်-အမ်-အေ-အယ်လ်
အယ်လ်-ဘီ-က ဥက္ကဋ္ဌ ဖြစ်လေသည်၊

## ဆင်ကော်မီတီ၏အစီရင်ခံစာ

နိုင်ငံခြားသားများဝင်ရောက်ခြင်းဆိုင်ရာ ဆင်တော်မီတီ၏အစီရင်ခံစာမှာအောက်ပါအတိုင်းဖြစ်သည်၊

မြန်မာနိုင်ငံသို့ ဝင်ရောက် လာကြကုန်သော လူမျိုးခြားများတွင်၊ အိန္ဒိယတိုင်းသား များသည်၊ အများဆုံးဖြစ်ချေသည်၊ ၎င်းတို့မှ လွဲလျှင် တရုပ်များသည်အများဆုံးဖြစ်ချေသည်၊ မြန်မာ နိုင်ငံသို့ ဝင်ရောက် နေကြကုန်သော ကုလားနှင့် တရုပ်များ၏ အရေအတွက်ကို သန်းခေါင် စာရင်းများမှ ထုတ်နှုတ်၍ အောက်ပါ ဇယားတွင် ဖော်ပြထားပါသည်၊

| ခုနှစ် | ကုလား | တရုပ် | ရှိသမျှလူပေါင်း |
|---|---|---|---|
| ၁၉၀၁ | ၅၉၀,၀၀၀ | ၆၂,၅၂၅ | ၉,၂၃၀,၇၄၁ |
| ၁၉၁၁ | ၇၄၅,၀၀၀ | ၁၂၂,၈၃၄ | ၁၂,၀၆၁,၉၂၈ |
| ၁၉၂၁ | ၈၈၇,၀၀၀ | ၁၄၉,၀၆၀ | ၁၃,၁၄၉,၀၇၉ |

၁၉၂၁-၂၂-၂၃-ဤ သုံးနှစ်တွင်၊ မြန်မာပြည်သို့ ဝင်လာသောလူဦးရေနှင့်၊ မြန်မာပြည်မှ ထွက်သွားသော လူဦးရေမှာ အောက်ပါအတိုင်းဖြစ်သည်၊

| နှစ် | ဝင်၊ | ထွက် |
|---|---|---|
| ၁၉၂၁ ...... | ၃၃၁,၉၉၂ | ၃၀၃,၈၀၆ |
| ၁၉၂၂ ...... | ၃၆၀,၀၃၈ | ၃၁၀,၃၃၁ |
| ၁၉၂၃ ...... | ၃၀၂,၇၂၄ | ၂၉၅,၃၂၀ |
| ပေါင်း ...... | ၁,၀၇၃,၇၅၄ ...... | ၉၀၉,၄၅၇ |

သို့ဖြစ်၍ ၁၉၂၃-ခုနှစ်တွင်၊ တရုပ်နှင့်ကုလားပေါင်း ၁,၂၀၀၃၅၇ ရှိသည်၊ ယခုအခါ အရမ်းအဆအားဖြင့် နိုင်ငံရှိလူ ၁၃-ယောက်တွင်၊ ဖျမ်းမျှခြင်း အားဖြင့်၊ တယောက်သည် နိုင်ငံခြားသားဖြစ်၍နေခဲ့သည်၊

နိုင်ငံခြားမှ ဝင်ရောက်လာသော လူများ၏ အရေအတွက်သည်လည်း၊ တနှစ်ထက်တနှစ် တိုးတက်လျက်ရှိချေသည်၊ ယခုကဲ့သို့ အစဉ်တစိုက်ဖြစ်ခဲ့သော်၊ မြန်မာလူမျိုးများအတွက် အခက်အခဲများနှင့် မုချ တွေ့ကြုံရလိမ့်မည်၊ သို့ဖြစ်၍ ဆပ်ကော်မီတီက အောက်ပါ အတိုင်း အကြံဉာဏ်ပေးပါသည်၊

(၁) ကိုယ်လက်အင်္ဂါ ချို့တဲ့သောသူများ၊ အကျင့်စာရိတ္တ မကောင်းသောသူများနှင့် လေလွင့်နေသော သူများ၊ မြန်မာနိုင်ငံအတွင်းသို့ မဝင်လာရအောင်၊ ဥပဒေပြုလုပ်ထားမြစ်သင့်ကြောင်း၊

(၂) တိုင်းရေးပြည်ရေးနှင့် အဖြစ်ဒဏ် ခံရသောသူများကို မြန်မာပြည်သို့မပို့ရန်၊ အစိုးရထံ တောင်းဆိုသင့်ကြောင်း၊

(၃) မြန်မာမဟုတ်သော သူများအား၊ မြေများမပေးရန်၊ ဇမိုးရထံတောင်းဆိုသင့်ကြောင်း၊

(၄) မြေများကို၊ မြန်မာမဟုတ်သူတို့အား လွှဲပြောင်းခြင်းကိုတားမြစ်ရန် ဥပဒေလုပ်သင့်ကြောင်း၊

(၅) မြန်မာလူမျိုး အလုပ်သမားများ၏ အသင်းနှင့်၊ ရှင်းတို့ကို အလုပ်ရှာပေးရန် ဖွဲ့သော အဖွဲ့များကို၊ ဖွဲ့စည်းပြီး ကူညီအားပေးရန်သင့်ကြောင်း၊

(၆) မြန်မာပြည်တွင်၊မြန်မာဗုဒ္ဓဘာသာနှင့် အခြားလူမျိုးလက်ထပ်ထိမ်းမြားရာ၊ မြန်မာ ဗုဒ္ဓဘာသာတရားဥပဒေ အတိုင်း အတည် ဖြစ်အောင် ဆောင်ရွက် သင့်ကြောင်း၊

မကြာမီက ပြုလုပ်သော၊ ပင်လယ် ခရီးသည်များအပေါ်တွင်၊ အခွန်ကောက်ခံရန်ဥပဒေနှင့်၊ ရာဇဝတ်မှု အပြစ်ခံရသူ အိန္ဒိယတိုင်းသားတို့ကို နှင်ထုတ်ရန်ဥပဒေများကို ဆုပ်ကန့်ကွက်ကြခြင်းကို ထောက်စာသော်၊ အထက်ပါ အကြံပေးချက်များကိုလည်း၊ နိုင်ငံခြားသားတို့ ကန့်ကွက်ကြလိမ့်မည် ဖြစ်ကြောင်း-ထင်ရှား၏၊ သို့ရာတွင် မည်သည့် လူမျိုး၊မည်သည့်နိုင်ငံမှာမဆို၊ မိမိ၌ ကျရောက်လာမည့်ဘေးကို ကာကွယ်နိုင်ခွင့် ရှိ၏၊ ဩစတြေလီယား တိုက်တတိုက်လုံးကို၊ လူဖြူများအတွက်သာ သည်းသန့်ထားခြင်းကိုလည်းကောင်း၊ယူနိုက်တက်စတိတ် သမတနိုင်ငံတွင်၊နိုင်ငံခြားသားများကို ၁၉၁၀-ခုနှစ်၊သန်းခေါင်စာရင်းအရှိသော နိုင်ငံခြားသား အရေအတွက် ၁၀၀ လျှင်၊နောက်ထပ်တနှစ်ကို ၃ ယောက်ကြသာလက်ခံခြင်းကိုရှင်း၊သတိမူကြရာသည်၊

(မြန်မာပြည်သည်၊ အိန္ဒိယနိုင်ငံကြီးနှင့်တွဲနေရသဖြင့်၊ အိန္ဒိယ ဗဟိုရ်အစိုးရ၏ချုပ်ချယ်သမှုကို၊ မြန်မာလူမျိုးတို့ ခံခဲ့ကြရခြင်းဖြစ်သည်)။ ။

## ၁၉၃၉-ခုနှစ်။

၁၉၃၉-ခု၊ စက်တင်ဘာလ၊ ၆ ရက်နေ့က၊ ကျင်းပသော မြန်မာပြည် ဥပဒေပြု အထက်လွှတ်တော်အစည်းအဝေးတွင်၊ (ဗုဒ္ဓဘာသာသာမိန်းမများ အထူး ထိမ်းမြား အမွေဆက်ခံမှု ဥပဒေကြမ်း)ကို၊ ပြဋ္ဌာန်းအတည်ပြုလိုက်လေသည်။ ထိုဥပဒေကြမ်းကို၊ ဆွေးနွေးခွင့် တောင်းဆိုသောအခါ၌၊ ဇေရိဘာဒီ,မူစလင်အမတ်၊ မစ္စတာရာဇ္ဇဗီး၊ တဦးသာ၊ ကန့်ကွက် လေသည်။ ၁၉၃၉-ခု၊ စက်တင်ဘာလ၊ ၁၅ ရက်နေ့က၊ ကျင်းပသော မြန်မာပြည် ဥပဒေပြု အောက်လွှတ်တော် အစည်းအဝေး၌၊ ထို ဥပဒေကြမ်းကို၊ ထပ်မံ ပြဋ္ဌာန်း အတည်ပြု လိုက်လေသည်၊ ၁၉၃၉-ခု၊ ဒီဇင်ဘာလ ၂၃ ရက်နေ့တွင်၊မြန်မာပြည် ဘုရင်ခံမင်းကြီးက၊ အထက်အောက် လွှတ်တော်နှစ်ရပ်က၊ ပြဋ္ဌာန်း အတည်ပြုလိုက်ကြသော ထိုဥပဒေကြမ်းကို၊ သဘောတူလက်မှတ်ထိုး အမိန့်ချမှတ် လိုက်လေသည်၊ သို့ဖြစ်၍၊ (၁၉၃၉-ခုနှစ်၊ ဗုဒ္ဓဘာသာ မိန်းမများ အထူးထိမ်းမြား အမွေဆက်ခံမှု အက်ဥပဒေ)ကို ၁၉၄၀-ပြည့်နှစ် ဧပြီလ၊ ၁ ရက်နေ့ကစ၍၊ မြန်မာပြည်၌ အတည်ဖြစ်စေရမည်၊ သတ်မှတ် ပြဋ္ဌာန်းချက် ပါရှိလေသည်၊

# ၁၉၃၉-ခုနှစ်၊
# ဗုဒ္ဓဘာသာမိန်းမများအထူးထိမ်းမြား အမွေဆက်ခံမှုအက်ဥပဒေ။

## တရားရာဇဝတ်ဌာန
## ဥပဒေပြုဌာနခွဲ

မြန်မာနိုင်ငံတော် ဥပဒေပြုအဖွဲ့က ပြဋ္ဌာန်းသည့်၊ဆိုလတံ့သော အက်ဥပဒေကို၊အများကြားသိစေရန် ထုတ်ပြန်ကြော်ငြာသည်။

(ဥပဒေကြမ်းသင့်ပြီ-ဟူသော အမိန့်တော်ကို၊ မြန်မာနိုင်ငံတော်ကို စီရင်အုပ်ချုပ်တော်မူသောဘုရင်ခံမင်းကြီးက၊ ၁၉၃၉-ခုနှစ်၊ ဒီဇဘာလ ၂၃ ရက်နေ့တွင် ချမှတ်တော်မူသည်။)

အမိန့်အရ၊
အက်-ဗ်၊အက်စ်၊ ဗီ၊ဒေါ်နီဆင်၊
မြန်မာနိုင်ငံတော်အစိုးရမင်းတို့အတွင်းဝန်၊
တရားရာဇဝတ်ဌာန။

...... :o: ......

## ၁၉၃၉-ခုနှစ်။ ဗုဒ္ဓဘာသာမိန်းမများ အထူးထိမ်းမြားအမွေဆက်ခံမှုအက်ဥပဒေ။ {၁၉၃၉ခု-နှစ်၊ မြန်မာနိုင်ငံတော် အက်ဥပဒေနံပါတ် ၂၄။}

**အက်ဥပဒေ တည်ရန်နေ့ရက်။**

၁။ ။ယခုအက်ဥပဒေမှာ ၁၉၄၀-ပြည့်နှစ် ဧပြီလ တရက်နေ့က စ၍ အတည် ဖြစ်စေရမည်။

**အဓိပ္ပါယ်ဖေါ်ပြချက်များ။**

၂။ ။ယခုအက်ဥပဒေတွင်၊ အကြောင်းအရာ၌ဖြစ်စေ၊ ရှေ့နောက် စကားစပ်၌ဖြစ်စေ၊ ဆန့်ကျင်သည့်အချက်တစုံတရာမှ မရှိလျှင်၊

(၁) "ဗုဒ္ဓဘာသာမိန်းမ" ဆိုသည်မှာ၊ မြန်မာ နိုင်ငံတော်ဘိုင်းရင်းသားလူမျိုး တစုံတရာ ဖြစ်၍၊ ဗုဒ္ဓဘာသာယုံကြည်ကိုးကွယ်သော မိန်းမကိုဆိုလိုသည်။

၂) "မှတ်ပုံတင်အရာရှိ"ဆိုသည်မှာ၊ ယခု အက်ဥပဒေအရထိမ်းမြားမှု မှတ်ပုံတင် အရာရှိကိုဆိုလိုသည်။

**ထိမ်းမြားမှုမှတ်ပုံတင် အရာရှိအကြောင်း။**

၃။ ။(၁) ရှာသူကြီးအားလုံးမှာ၊ ယခုအက်ဥပဒေအရ၊ ထိမ်းမြားမှု မှတ်ပုံတင် အရာရှိများ ဖြစ်စေ ရမည့်ပြင်၊ ဘုရင်ခံမင်းကြီးမှာ၊ ရာဇဝတ် တရားသူကြီး တဦးတယောက်အား၊ ရွာသူကြီးများ မရှိသည့်ရပ်ကွက် တစုံတရာ အတွက်၊ ထိမ်းမြားမှု မှတ်ပုံတင်အရာရှိအဖြစ် ခန့်ထားခွင့်ရသည်။

မှတ်ပုံတင်အရာရှိများအား၊ အကြောင်းကြားစာ ပုံစံများနှင့်၊ ထိမ်းမြားကြောင်း သက်သေခံ မှတ်ပုံစာအုပ်များကို ပေးအပ်ထားရမည့်ပြင်၊ ယခုအက်ဥပဒေအရ ဘောင်းခံ ထိုက်သည့် အခကြေးငွေများကို လက်ခံရန်လည်း၊ အခွင့်အာဏာပေးအပ်ထားရမည်။

(၂) မှတ်ပုံတင်အရာရှိအားလုံးမှာ၊ ပြည်သူ့ဝန်ထမ်းများဖြစ်သည်ဟု မှတ်ယူရမည်။

**ထိမ်းမြားမှုကိုမည်သူ့ရှေ့တွင်ပြုလုပ်ရမည့်အကြောင်း။**

၄။ ခရစ်ယာန်ဘာသာဝင်သူတို့သက်ဆိုင်ထိမ်းမြားခြင်းအက်ဥပဒေပုဒ်မ ၄ တွင်ပြဋ္ဌာန်းချက်များ မည်သို့ပင်ပါရှိသော်လည်း ယခုအက်ဥပဒေအရ ထိမ်းမြားမှုကို၊ မှတ်ပုံတင် အရာရှိရှေ့၌၊ ယခုအက်ဥပဒေတွင် နောက်၌ ပြဋ္ဌာန်းထားသည့်နည်းအတိုင်းပြုလုပ်ခွင့်ရှိသည်။

**မည်သူတို့ထိမ်းမြားနိုင်ခွင့်ရှိခြင်းအကြောင်း။**

၅။ အသက် ၁၈ နှစ်ထက်မငယ်သည့်ယောကျ်ားရင်း၊ အသက် ၁၆ နှစ်ထက် မငယ်သည့်မိန်းမရင်း၊ ခိုင်လုံသော ထိမ်းမြားမှုကိုပြုလုပ်နိုင်သည်။ သို့သော်လည်း.......

(က) နှစ်ဦးနှစ်ဘက်မှာ၊ စိတ်ချွတ်ယွင်းခြင်းမရှိရ။

(ခ) အသက် ၂၀ မပြည့်သေးသူဖြစ်လျှင်၊ အဘ၊သို့မဟုတ် အမိ၏ အတည့်အလင်း သဘောတူချက်ကိုသော်ရင်း၊ ၎င်းတို့ သေဆုံးလျှင်၊ အမှန်အုပ်ထိန်းသူ၊ သို့မဟုတ် ဥပဒေနှင့်အညီ အုပ်ထိန်းသူရှိလျှင်၊ ၎င်း၏ အတည့်အလင်းသဘောတူချက်ကိုသော်ရင်း၊ ရရှိပြီးဖြစ်ရမည်။

(ဂ) မိန်းမဖြစ်လျှင်၊ တည်ဆဲအရိုင်အလုံထိမ်းမြားမှုမရှိစေရ၊

**ထိမ်းမြားရန်ကြံရွယ်သည်ကို အကြောင်းကြားခြင်းအကြောင်း။**

၆။ ။ဗုဒ္ဓဘာသာမဟုတ်သည့် ယောက်ျားတဦးနှင့် ဗုဒ္ဓဘာသာမိန်းမတဦး ထိမ်းမြားရန်ကြံရွယ်သည့် အခါတိုင်း၊ ၎င်းတို့မှာ၊ ယင်းသို့ ကြံရွယ်သည်ကို အကြောင်းမကြားမီမိမိတို့တဦးဦး ၁၄ ရက်နေထိုင်ခဲ့သည့် နယ်မြေကို စီရင်ခွင့်အာဏာရှိသော မှတ်ပုံတင် အရာရှိထံ၊ စာရင်းတွင် ပြဋ္ဌာန်းထားသည့် ပုံစံဖြင့် အကြောင်းကြားစာပေးပို့ရမည်၊ အကြောင်းကြားစာပုံစံကို၊ မှတ်ပုံတင်အရာရှိထံ လျှောက်ထောင်းလျှင်ရနိုင်သည်၊

**အကြောင်းကြားစာတွင် ပြဋ္ဌာန်းသည့်ထွက်ဆိုချက်ကိုလက်မှတ်ရေးထိုးခြင်းအကြောင်း။**

၇။ ။ပုဒ်မ ၆ အရ အကြောင်းကြားစာပေးသူမည်သူမဆို၊ အကြောင်း ကြားစာတွင် ပြဋ္ဌာန်းသည့် ထွက်ဆို ချက်ကို၊ သက်သေ ၂ဦးနှင့် ထိမ်းမြားမှုပြုလုပ်ပေးရမည့် မှတ်ပုံတင်အရာရှိရှေ့တွင် လက်မှတ်ရေးထိုးရမည်၊

**အခကြေးငွေအကြောင်း။**

၈။ ။ထိမ်းမြားမှုအသီးသီးအတွက်အခကြေး ၅၀-ကို ပုဒ်မ၆-အရ အကြောင်းစာပေးသည့် အခါတွင်၊မှတ်ပုံတင်အရာရှိသို့ပေးရမည်၊

**အကြောင်းကြားစာကိုကြော်ငြာခြင်းအကြောင်း။**

၉။ ။မှတ်ပုံတင် အရာရှိမှာ၊အကြောင်းကြားစာကို အောက်ပါနည်းလမ်းဖြင့် ကြော်ငြာစေရမည်၊

(က) အကြောင်းကြားစာကော်ပီတစောင်ကို၊မိမိ၏ရုံး၌ အများမြင်သာသည့်နေရာတစုံတရာ၌ချိတ်ဆွဲကပ်ခြင်း၊ ရင်းဖြင့်၊

(ခ) အကြောင်းကြားစာ ကော်ပီတစောင်ကို၊တရားမကျင့်ထုံးကိုဥပဒေအရ သမ္မာန်စာများ၊ သို့မဟုတ် နို့တစ်စာများ၊ ချအပ်သည့် နည်းလမ်းအတိုင်း၊

(၁) ထိမ်းမြားမည့် သူတဦးမှာ၊ အသက် ၂၀ မပြည့်သေးလျှင်၊ ၎င်း၏မိဘ၊ သို့မဟုတ် အုပ်ထိန်းသူဆိုင်သင့်ရာရာအပေါ်တွင် ချအပ်ခြင်း၊ရင်းဖြင့်၊

(၂) မိန်းမမှာ၊ ယောက်ျားတဦးနှင့် ထိမ်းမြားဘူးလျှင် ၎င်းယောက်ျားအပေါ်တွင်ချအပ်ခြင်း၊

သို့သော်လည်းမှတ်ပုံတင် အရာရှိမှာ၊ အကြောင်းကြားစာ ကော်ပီ ချအပ်ခံရမည့် သူတဦးတယောက်၏ နေရပ်သည်၊ မိမိစီရင်ခွင့် အာဏာရ၊ နယ်နိမိတ် ပြင်ပတွင်ရှိလျှင်၊ ကော်ပီတစောင်ကို၊ထိုသူထံစာပို့တိုက်မှရီဇစ္စတြဲပြုလုပ်၍ဖြစ်စေ၊ လူလွှတ်၍ဖြစ်စေ၊ ပေးပို့ခွင့်ရသည်၊

မှတ်ပုံတင်အရာရှိမှာ၊ ဖြည့်စွက်ထားသည့် ပုံစံပါမူလအကြောင်းကြားစာ အောက်ခြေရှိ၊ သက်သေခံလက်မှတ်တွင်၊ ဆိုင်ရာ အကြောင်းအရာများကို ရေးသွင်းရမည်၊

ကန့်ကွက်ချက်မရှိလျှင်၊ ထိမ်းမြားမှုကိုပြုလုပ်ခြင်းအကြောင်း။

၁၀။ ။ထိမ်းမြားမှုပြုလုပ်ရန် ကြံရွယ်ကြောင်း အကြောင်းကြားစာကိုပုဒ်မ ၆-အရ ပေးပြီးနောက် ၁၄-ရက်ကြာသည့်အခါ၊ထိုထိမ်းမြားမှုကို၊ ယခု အက်ဥပဒေတွင် နောက်၌ဖော်ပြပါရှိသည့် နည်းလမ်းအတိုင်း

ကြို့တင်ကန့်ကွက်ထားပြီးမဟုတ်လျှင်၊ မှတ်ပုံတင်အရာရှိက ၎င်းထိမ်းမြားမှုကို ပြုလုပ်ပေးခွင့်ရသည်။

၁၁။ ။မည်သူမဆို၊ အကြောင်း ကြားထားပြီးဖြစ်

ကန့်ကွက်ချက်များအကြောင်း။ ။

သော ကြံရွယ်သည့် ထိမ်းမြားမှုကို၊ ၎င်းထိမ်းမြားမှုသည်၊ ပုဒ်မ ၅ တွင်ပြဋ္ဌာန်းထားသည့် စည်းကမ်းတရပ်ကိုဖြစ်စေ၊ အများကိုဖြစ်စေ၊ ကျူးလွန်မည်ဟူသော အကြောင်းပြချက်ဖြင့်၊ မှတ်ပုံတင်အရာရှိထံ လိပ်တင်လျက် စာရေးသား ကန့်ကွက်ခွင့် ရသည်။

၁၂။ ။(၁) ကန့်ကွက်လွှာရရှိကာလ၊ မှတ်ပုံတင်အရာရှိမှာ၊ ကန့်ကွက်သူအား၊ စီရင်ပိုင်ခွင့်အာဏာရတရားရုံးတော်သို့ ညွှန်ကြားရမည့်ပြင်၊ ထိမ်းမြားမှုပြုလုပ်ခြင်းကိုလည်း၊ ထိုအခါ၌ ၎င်းရုံးတော် ဖွင့်လှစ်လျက်ရှိလျှင် ၁၄ ရက်မျှ၊ သို့မဟုတ်လျှင်၊ ၎င်းရုံးတော် ဖွင့်လှစ်သည်မှ ၁၄ ရက်တိုင်ရွှေ့ဆိုင်းထားရမည်။ သို့သော်လည်း မှတ်ပုံတင်အရာရှိမှာ၊ ကန့်ကွက်သူက လျှောက်ထားသည့် အခါ၊ ယင်းသို့ ထိမ်းမြားမှုပြုလုပ်ခြင်းကို၊ မိမိသင့်လျော်သည် ထင်မြင်သည့်အကြောင်း တရပ်တရာအရ ၁၄ ရက်ထက် မပိုသောကာလမျှ ထပ်မံရွှေ့ဆိုင်းခွင့်ရသည်။

ကန့်ကွက်လွှာရရှိကာလ ဆောင်ရွက်ရန်နည်းလမ်းနှင့်စီရင်ပိုင်ခွင့်အာဏာရတရားရုံးတော်အကြောင်း။

(၂) အပိုဒ်(၁)အရ စီရင်ပိုင်ခွင့်အာဏာရ တရားရုံးတော်မှာ၊ မှတ်ပုံတင်အရာရှိ၏ ရုံးတည်ရှိရာ နယ်မြေကို စီရင်ခွင့်ရသည့် ဒိစတြိတ်တရားမရုံး၊ သို့မဟုတ် ဟိုက်ကုတ်လွှတ်တော်မှုလဘက်ဖြစ်စေရမည်။

၁၃။ ။(၁) ကန့်ကွက်သူမှာ၊ ထိုကြိုရွယ်သည့် ထိမ်းမြားမှုသည်၊ နည်းလမ်းတကျထိမ်းမြားမှုဟုတ်မဟုတ်အမိန့်ချမှတ်ရန် အလို့ငှါ၊ စီရင်ပိုင်ခွင့် အာဏာရ တရားရုံးတော်သို့ လျှောက်လွှာတင်သွင်းခွင့်ရသည်။

**ကြိုရွယ်သည့်ထိမ်းမြားမှုမှာ၊ နည်းလမ်းတကျထိမ်းမြားမှုဟုတ်မဟုတ်အမိန့်ချမှတ်ရန်ရုံးတော်သို့လျှောက်ထားခြင်းအကြောင်း။**

(၂) ရုံးတော်မှာ၊လျှောက်ထားသူအား၊ယင်းသို့သော လျှောက်လွှာကိုရင်းကတင်သွင်းပြီး ဖြစ်ကြောင်းသက်သေခံလက်မှတ်တစောင်ပေးရမည်။

(၃) ရုံးတော်ကပေးသည့်၊သက်သေခံ လက်မှတ်ကို၊ မှတ်ပုံတင်အရာရှိထံ၊ပုဒ်မ ၁၂ အပိုဒ်(၁)အရ ၎င်းအရာရှိခွင့်ပြုထားသည့် အချိန်ကာလအတွင်း တင်သွင်းလျှင်၊ မှတ်ပုံတင်အရာရှိမှာ၊ ထိမ်းမြားမှုသည်နည်းလမ်းတကျ ထိမ်းမြားမှုဖြစ်ကြောင်း ရုံးတော်မှ အမိန့်ကိုမရလျှင်၊ သို့ မရသမျှကာလပတ်လုံး၊ရင်းထိမ်းမြားမှုကိုပြုလုပ်မပေးရ။

၎င်းသက်သေခံလက်မှတ်ကို၊ မှတ်ပုံတင် အရာရှိထံ ၎င်းအရာရှိ ခွင့်ပြုထားသည့် အချိန်ကာလအတွင်း မတင်သွင်းလျှင်၊ မှတ်ပုံတင်အရာရှိမှာ၊ ထိမ်းမြားမည့် သူတို့က အလိုရှိလျှင်၊ ထိမ်းမြားမှုကိုပြုလုပ်ပေးရမည်။

(၄) ရုံးတော်မှာ၊လျှောက်လွှာတွင်ပါရှိသည့်ပြောဆိုချက်များကို၊ ကြည့်ရှုစစ်ဆေး၍၊ ထိမ်းမြားမည့် သူတို့ တင်ပြသည့် သက်သေခံချက်ကို၊ အဆောတလျင် နည်းဖြင့်၊ ကြားနာပြီးနောက်၊ ကြိုရွယ်သည့် ထိမ်းမြားမှုသည် နည်းလမ်းတကျ၊ ထိမ်းမြားမှုဟုတ်မဟုတ်၊ ဆုံးဖြတ်ရ

မည့်ပြင်၊ ယင်းသို့ဆုံးဖြတ်သည့်အတိုင်းလည်း၊ အမိန့်ချမှတ်ရမည်၊ ထိုအမိန့်မှာ အပြီးသတ် ဖြစ်စေရမည်၊

(၅) ရုံးတော်မှာ မိမိ၏အမိန့်ကော်ပီတစောင်ကိုမှတ်ပုံတင်အရာရှိထံ၊ ချက်ခြင်းပို့ရမည်၊

(၆) ကြီးကြပ်သည့်ထိမ်းမြားမှုသည်၊နည်းလမ်းတကျထိမ်းမြားမှုဖြစ်ကြောင်းရုံးတော်ကအမိန့်ချမှတ်လျှင်၊မှတ်ပုံတင်အရာရှိမှာ၊ ထိမ်းမြားမည့်သူတို့က အလိုရှိသော ထိုထိမ်းမြားမှုကိုပြုလုပ်ပေးရမည်၊

ကြီးကြပ်သည့် ထိမ်းမြားမှုသည်၊ နည်းလမ်း တကျထိမ်းမြားမှုမဟုတ်ကြောင်းရုံးတော်က၊ အမိန့်ချမှတ်လျှင် မှတ်ပုံတင်အရာရှိမှာ၊ ထိုထိမ်းမြားမှုကို ပြုလုပ်မပေးရ။

မတရားကန့်ကွက်ခြင်းအတွက်ဖြစ်ဒဏ်အကြောင်း။

၁၄။ ။ပုဒ်မ ၁၃ အရလျှောက်လွှာကိုတင်သွင်းရာ ရုံးတော် တရုံးတရာမှာ ကန့်ကွက်ချက်သည် မသင့်လျော်သည့်ပြင်၊ သဘောရိုးနှင့်လည်းမပြုလုပ်ဟု ထင်မြင်လျှင်၊ လျှောက်ထားသူကို ၅၀၀ ထက်မပိုသည့်ငွေဒဏ်စီရင်၍၊ ထိုငွေအားလုံးကိုဖြစ်စေ၊ အချို့အဝက်ကို ဖြစ်စေ၊ ထိမ်းမြားရန်ကြီးကြပ်သူတို့သို့ပေးစေရန်အမိန့်ချမှတ်ခွင့်ရသည်

သဘောတူချက်ပေးရမည့်သူသည်။ရူးသွပ်လျှင်ဖြစ်စေ၊ သဘောတူချက်ကို မတရားသဖြင့် မပေးလျှင် ဖြစ် စေ၊ လျှောက်ထားခြင်းအကြောင်း။

၁၅။ ။ယခုအက်ဥပဒေအရထိမ်းမြားမှု တရုံးတရာကိုသဘောတူချက်ပေးရမည့်သူတဦးတယောက်သည်စိတ်ချွတ်ယွင်းလျှင်ဖြစ်စေ (အဘမှတပါး၊)ယင်းသို့သောသူ တဦးတယောက်သည် သင့်လျော်သော အကြောင်းမရှိဘဲ၊ ထိမ်းမြားမှုကို၊မိမိသဘောတူချက်

မပေးလျှင်ဖြစ်စေ၊ ထိမ်းမြားရန်ကြံရွယ်သူတို့မှာ စီရင်ပိုင်ခွင့်အာဏာရ ရုံးတော်သို့ လျှောက်လွှာဖြင့်လျှောက်ထားခွင့်ရသည်။

လျှောက်ထားကာလ ဆောင်ရွက်ရန်နည်းလမ်းအကြောင်း။

ယင်းသည့်ရုံးတော်မှာလည်း၊ လျှောက်လွှာပါ ပြောဆိုချက်များကို အဆောတလျင်နည်းဖြင့် ကြည့်ရှုစစ်ဆေးခွင့်ရသည်။

ထို့ပြင်လည်း ကြည့်ရှုစစ်ဆေးကာလ၊ ယင်းသို့ကြံရွယ်သည့်ထိမ်းမြားမှုသည်၊ နည်းလမ်း ကျသည်ဟုထင်မြင်လျှင်၊ ထိုရုံးတော်မှာ၊ ၎င်းကို နည်းလမ်းတကျ ထိမ်းမြားမှုဟူ၍ကြေငြာရမည်။

ယင်းသို့သောကြေငြာချက်မှာ၊ သဘောတူချက် ပေးရမည့်သူက၊ ထိမ်းမြားမှုကို သဘောတူပြီး ဖြစ်ဘိသကဲ့သို့ခိုင်လုံစေရမည်။

ထိမ်းမြားမှုပြုလုပ်ရန်နည်းလမ်းအကြောင်း။

၁၆။ ။ယခုအက်ဥပဒေအရ ထိမ်းမြားမှုအသီးသီးကို၊ မှတ်ပုံတင်အရာရှိနှင့် သက်သေ ၂ ဦးရှေ့တွင်ပြုလုပ်ရမည့်ပြင်၊ ၎င်းသက်သေတို့မှာ၊ ပုဒ်မ ၁၇ တွင်ရည်ညွှန်းထားသည့်ထိမ်းမြားကြောင်းသက်သေခံ မှတ်ပုံစာအုပ်တွင် အသိသက်သေအဖြစ် လက်မှတ် ရေးထိုးရမည်၊ ထိမ်းမြားမှုကိုမည်သည့် နည်းလမ်း အတိုင်းမဆို ပြုလုပ်ခွင့် ရသည်၊ သို့သော်လည်း ထိမ်းမြားမည့်သူတိုင်းမှာ၊ တဘက်သူအား မှတ်ပုံတင်အရာရှိနှင့်၊ သက်သေများ ရှေ့တွင်၊ ၎င်းတို့ကြားလောက်အောင်၊ “ကျွန်ုပ်မောင်ဖြူ(သို့မဟုတ်ကျွန်မ ခနီ)က၊ အသင်မနီ (သို့မဟုတ်မောင်ဖြူ)အား၊ ကျွန်ုပ်၏

တရားဝင်မယား (သို့မဟုတ်ကျွန်ုပ်၏ တရားဝင်လင်)အဖြစ်ယူပါသည်'' ဟူ၍ ပြောဆိုရမည်။

**ထိမ်းမြားမှုမှတ်ပုံ စာအုပ်အကြောင်း။**

၁၇။ ။ထိမ်းမြားမှုကို အထက်ကအဘိုင်းပြုလုပ်ပြီးသည့် အခါ၊ မှတ်ပုံတင် အရာရှိမှာ၊ အကြောင်း အ၂ များကို "ထိမ်းမြားကြောင်း သက်သေခံမှတ်ပုံစာအုပ်" ဟု ခေါ်တွင်သည့် မှတ်ပုံစာအုပ်တွင်၊ မူရင်းနှင့် မူရင်းခွဲ ပေါင်း ၄ စောင်အားဖြင့် ရေးသွင်းရမည်၊ ၎င်းမှတ်ပုံ စာအုပ်မှာ၊ ယခုအက်ဥပဒေတွင် ပူးတွဲထားသည့် စာရင်းပါ ပုံစံ အတိုင်းဖြစ်စေရမည့်ပြင်၊ ၎င်းစာအုပ်တွင် ထိမ်းမြားမည့်သူတို့ကရင်း၊ သက်သေ တို့ကရင်း၊ မှတ်ပုံတင် အရာရှိကရင်း၊ လက်မှတ်ရေးထိုးရမည်။

**သက်သေခံလက်မှတ်စသည်များကိုသိမ်းထားခြင်းအကြောင်း။**

၁၈။ ။(၁) မှတ်ပုံတင် အရာရှိမှာ၊ သက်သေခံလက်မှတ်ဘာစောင်ကိုလင်သို့အခြားတစောင်ကို၊ မယားသို့ ပေးအပ်ရမည်၊ သို့မဟုတ်၎င်းတို့တဦးဦးမှာ၊ အသက် ၂၀ မပြည့်သေးလျှင်၊ ထိုသူ၏မိဘ၊ သို့မဟုတ် အုပ်ထိမ်းသူသို့ပေးအပ်၍၊ တတိယ တစောင်ကို အပိုဒ်(၂)နှင့်အညီ အရေးပိုင်ထံပို့ပြီးလျှင်၊ စတုတ္ထ တစောင်ကိုသိမ်းထားရမည်၊

(၂) မှတ်ပုံတင်အရာရှိမှာ၊ပုဒ်မ ၉ အရ အကြောင်းကြားစာ၊ ထိမ်းမြားကြောင်း သက်သေခံ လက်မှတ် ထစောင်နှင့်၊ ထိမ်းမြားမှုဆိုင်ရာ အခြားစာတမ်းအရင်းရင်းကို၊ ထိမ်းမြားသည့်မှ ရက်သတ္တ တပတ်အတွင်း၊ မိမိ၏

စီရင်ရနယ်ဆိုင်ရာ အရေးပိုင်ထံမြို့နယ်အရာရှိမှတဆင့်ပို့ရမည်၊ ၎င်းပြင်ဆိုခဲ့သည့် စာတမ်းများကို၊ထိမ်းမြားမှုမှတ်ပုံစာအုပ်တွင်၊ တွဲထားရမည့်ပြင်၊အရေးပိုင်ရုံးတွင် အမြဲထိမ်းထားရမည်၊

၁၉။ ။ထိမ်းမြားမှုမှတ်ပုံစာအုပ်နှင့်ထိမ်းမြားမှုများဆိုင်ရာ အခြားစာတမ်းများကိုသင့်လျော်သည့် အခါခပ်သိမ်းတွင် ကြည့်ရှုစစ်ဆေးခွင့်ပြုရမည့်ပြင်၊ ၎င်းစာတမ်းများ၏မှန်ကြောင်းသက်သေခံလက်မှတ် ရေးထိုးသော ကော်ပီများကို၊ ရလိုကြောင်းလျှောက်ထား သည့်အခါ အရေးပိုင်က၊ မိမိသို့ ဘုရင်ခံမင်းကြီး သတ်မှတ်ထားသည့်၊ နှုန်းအတိုင်း အခကြေးငွေကို လျှောက်ထားသူ ပေးဆောင်လျှင်၊ ထုတ်ပေးရမည်၊

ထိမ်းမြားမှုမှတ်ပုံစာအုပ်နှင့် အခြားစာတမ်းများကိုကြည့်ရှုစစ်ဆေးခွင့် ပြုရမည့် အကြောင်း။

၂၀။ ။ယခု အက်ဥပဒေအရထိမ်းမြားမှုများဆိုင်ရာ စာတမ်းများ၏၊ မှန်ကြောင်း သက်သေခံလက်မှတ် ရေးထိုးသောကော်ပီများကို၊ ထပ်မံထင်ရှား ပြသချက် မပါဘဲ၊ သက်သေခံအဖြစ်လက်ခံရမည်၊

ထိမ်း မြား ကြောင်း သက်သေခံ အကြောင်း။

၂၁။ ။(၁) ဗုဒ္ဓဘာသာဝမိန်းမတဦးမှာဗုဒ္ဓဘာသာ မဟုတ်သူ တဦးနှင့် တရားဥပဒေအရ ထိမ်းမြားခြင်းမရှိဘဲသင်မယားအဖြစ် နေထိုင်လျှက် ရှိလျှင်၊ ၎င်းအကြောင်းကို၊ ထိုမိန်းမက မိမိနေထိုင်ရာ နယ်မြေကို စီရင်ခွင့်အာဏာရရှိသည့်၊ မှတ်ပုံတင် အရာရှိထံ၊ ၎င်း

လင်မယားအဖြစ်နေထိုင်ခြင်းနှင့်စပ်လျဉ်း၍သတင်းပေးခြင်းအကြောင်း။

ကိုယ်တိုင်ဖြစ်စေ၊ ၎င်း၏ မိဘ၊ အုပ်ထိန်းသူ၊ အစ်ကိုး မောင်၊အစ်မ၊သို့မဟုတ်ညီမကဖြစ်စေ၊ သတင်းပေးခွင့် ရှိသည်၊ မှတ်ပုံတင်အရာရှိမှာ၊ သတင်းပေးချက်ကို ရေးမှတ်၊ သို့မဟုတ် ရေးမှတ် ထားစေရမည့်ပြင်၊ ယင်းသို့ ရေးမှတ်ထားသည့် သတင်းပေးချက်အားလုံးကို၊ သတင်းပေးသူက လက်မှတ်ရေးထိုးရမည်၊

မှတ်ပုံတင်အရာရှိကနှစ်ဦးနှစ်ဘက်တို့ကို ဆင့်ခေါ်၍၊ အက်ဥပဒေပါ ပြဋ္ဌာန်းချက်များကိုရှင်းလင်း ပြရမည့်အ ကြောင်း။

(၂) ထို့နောက် မှတ်ပုံတင် အရာရှိမှာ၊ ဗုဒ္ဓဘာသာ မိန်းမ နှင့် ဗုဒ္ဓဘာသာ မဟုတ် သည့် ယောက်ျား ၂ ဦးစလုံးအား၊ မိမိချိန်းဆိုသည့်နေ့ရက်တွင်မိမိရှေ့ လာရောက်ရန်ဆင့်ခေါ်၍ ၎င်းတို့ လာရောက်သည့်အခါ၊ ထိမ်းမြားမှုနှင့်စပ်လျဉ်း၍၊ ယခု အက်ဥပဒေပါ ပြဋ္ဌာန်းချက် များကို၊ ၎င်းတို့အားရှင်းလင်း ပြရမည့်ပြင်၊ ၎င်းတို့ ၂ ဦးစလုံး ကထိမ်းမြားမှုပြုလုပ်လိုလျှင်၊ မှတ်ပုံတင် အရာရှိမှာ ပုဒ်မ၊ ၆-၇-၈-၉-နှင့်၊ ၁၀ များတွင်ပြဋ္ဌာန်း ထားသည့် အတိုင်းဆောင်ရွက်ရမည်၊ တဦးဦးက ထိမ်းမြားမှု မပြုလုပ်လိုလျှင်၊ မှတ်ပုံတင်အရာရှိမှာ ထိမ်းမြားလိုသူအား ကြိုရွယ်သည့် ထိမ်းမြားမှုကိုနှစ်ဦးနှစ်ဘက်ရ ညီသဘော မတူသဖြင့် မပြုလုပ်နိုင်ကြောင်း၊ သို့ရာတွင် ထိမ်းမြားရန်ကတိပျက်ကွက်မှု၊သို့မဟုတ် ဖြားယောင်းပေါင်းသင်းမှု သို့မဟုတ် ၎င်းအမှု ၂ ရပ်လုံးအတွက် ဆိုင်သင့်ရာရာ လျှောက်ကြေးရရန်တရားမရုံးတော်တွင်၊ တရားစွဲဆို နိုင်ခွင့် ရှိကြောင်းဖြင့် ရှင်းလင်းပြရမည်၊

**ဗုဒ္ဓဘာသာ မဟုတ်သူက ဗုဒ္ဓဘာသာ ကတိပေးချက်နှင့်စပ်၍မည်သို့မှတ်ယူရခြင်းအကြောင်း။**

၂၂။ ။(၁) ဗုဒ္ဓဘာသာ မဟုတ်သူက ဗုဒ္ဓဘာသာ မိန်းမကို ထိမ်းမြားရန် ကတိ ပေးချက်မှာ၊ ဆန့်ကြင်ကွဲလွဲသည့် သဘောတူချက်စာတစုံတရာ မရှိလျှင် ၎င်းမိန်းမကို ယခု အက်ဥပဒေအရ၊ ထိမ်းမြားရန်။ ကတိပေးချက်ဖြစ်သည်ဟူ၍ မှတ်ယူရမည်။

(၂) ထိုသူနှစ်ဦး နှစ်ဝတို့သည် ဗုဒ္ဓဘာသာမြန်မာလူမျိုးများဖြစ်ခဲ့သော်၊ ဗုဒ္ဓဘာသာမြန်မာ လူမျိုးတို့တရားဥပဒေအတိုင်း လင်မယားဖြစ်မည့် အခြေအနေ များဖြင့်၊ အတူတကွ နေထိုင်လျှင်၊ ယင်းသို့သော ကတိပေးချက် ရချိသည်ဟူ၍မှတ်ယူရမည်။

**တစီးပွါးတည်း အိမ်ထောင်သားစုဝင်၏ထိမ်းမြားမှုအကျိုးသက်ရောက်ပုံအကြောင်း။**

၂၃။ ။ဟိန္ဒူ၊ဆိ-ခ်၊ သို့မဟုတ် ဂျိန္န ဘာသာ ကိုး ကွယ် သော တစီးပွား တည်း အိမ်ထောင် သားစုဝင် တဦးတယောက်၏၊ ယခုအက် ဥပဒေအရ ထိမ်းမြားမှုမှာ၊ ယင်းသို့သော အိမ်ထောင် သားစုမှ၊ ၎င်းသူခွဲခွါရောက်စေသည်ဟုမှတ်ယူရမည်။ ၎င်းပြင်ပစ္စည်း ခွဲဝေခြင်းမပြုမီ ထိုသူ သေဆုံးလျှင်၊ ထိုသူရရှိသည့် ဆိုင်ရာ ဆိုင်ခွင့်ကို ထိုသူ၏ မယားနှင့် ကလေးများဆက်ခံခွင့်ရှိစေရမည်။

**ပစ္စည်းများပိုင်ဆိုင်ခွင့်အကြောင်း။**

၂၄။ ။ယခု အက်ဥပဒေအရ ထိမ်းမြား သူတို့၏။ ပစ္စည်းများ ပိုင်ဆိုင်ခွင့်နှင့် စပ်လျဉ်း သည့် ပြဿနာ အားလုံးကို၊ ထိုသူ တို့သည်၊ ဗုဒ္ဓဘာသာ မြန်မာလူမျိုးများ ဖြစ်သကဲ့သို့

ဗုဒ္ဓဘာသာ မြန်မာလူမျိုးတို့ တရားဥပဒေ အတိုင်း ဆုံးဖြတ်ရမည်၊

**လင်မယားကွာရှင်းမှု တရားဥပဒေအကြောင်း။**

၂၅။ ။လင်မယား ကွာရှင်းမှုဆိုင်ရာ ဗုဒ္ဓဘာသာ မြန်မာလူမျိုးတို့ တရား ဥပဒေများ၊ ထိမ်းမြား သူတို့သည် ဗုဒ္ဓဘာသာ မြန်မာလူမျိုးများဖြစ်ဘိသကဲ့သို့၊ ယခု အက် ဥပဒေအရ ပြုလုပ်သည့်ထိမ်းမြားမှုများနှင့် သက်ဆိုင်စေရမည်။

**အမွေဆက်ခံခြင်းတရား ဥပဒေအကြောင်း။**

၂၆။ ။အမွေဆက်ခံခြင်း ဆိုင်ရာ၊ ဗုဒ္ဓဘာသာမြန်မာ လူမျိုးတို့ တရား ဥပဒေများ၊ ယခု အက်ဥပဒေအရ၊ ထိမ်းမြား သူတို့၏ပွနည်းများနှင့်၊ ၎င်းသူတို့ဗုဒ္ဓဘာသာမြန်မာလူမျိုး များဖြစ်ဘိသကဲ့သို့၊ သက်ဆိုင်စေရမည်။

**ကလေးများတရား ဝင်ခြင်းအကြောင်း။**

၂၇။ ။ထိမ်းမြားမှုကို ယခု အက်ဥပဒေအရပြုလုပ် လျှင်၊ ထိမ်းမြားသူ ၂ ဦးမှ၊ မထိမ်း မြားမီ ဖွားမြင်သော မည်သည့် ကလေးမှာမဆို တရားဝင်သည်ဟုမှတ်ယူရမည်။

**မဟုတ်မမှန်သောထွက်ဆိုချက်၊ သို့မဟုတ် သက်သေခံလက်မှတ် အတွက်ပြစ်ဒဏ်အကြောင်း။**

၂၈။ ။မည်သူမဆို မဟုတ်မမှန်သည့်ပြင်၊ မဟုတ် မမှန်ကြောင်း မိမိသိရှိ၊ သို့မဟုတ် ယုံကြည်သည့်၊ သို့မဟုတ်-ဟုတ်မှန်ကြောင်း မိမိမယုံကြည်သည့် ဖေါ်ပြချက်ရှိပါသော၊ယခုအက်ဥပဒေအရ၊ ပြဋ္ဌာန်းထားသည့်ထွက်ဆိုချက်၊ သို့မဟုတ်သက်သေခံလက်မှတ် တခုခုကိုပြုလုပ်၊ လက်မှတ်ရေးထိုး၊ သို့မဟုတ် မှန်ကြောင်း သက်သေခံလျှင်၊ ၎င်းသူမှာ၊ ရာဇ

သတ်ကြီးပုဒ်မ ၁၉၉ အရ မှုပြစ်ကိုကျူးလွန်သည်ဟူ၍ မှတ်ယူရမည်။

မှတ်ပုံတင်အရာရှိ၏မတရားပြုမှုများအတွက်ပြစ်ဒဏ်အကြောင်း။

၂၉။ ။မည်သည့် မှတ်ပုံတင် အရာရှိမဆို၊ ယခု အက် ဥပဒေအရ ထိမ်းမြားမှု တစုံတရာကို၊

(၁) ယင်းသို့သော ထိမ်းမြားမှုနှင့်စပ်လျဉ်းသည့်အကြောင်းကြားစာကို၊ပုဒ်မ ၉ အရပြဋ္ဌာန်းသည့်အတိုင်းကြော်ငြာခြင်းမပြုဘဲဖြစ်စေ၊

(၂) ယင်းသို့သော ထိမ်းမြားမှုဆိုင်ရာ အကြောင်းကြားစာကို မိမိရရှိပြီးနောက် ၁၄ ရက်အတွင်း ဖြစ်စေ၊

(၃) ထိမ်းမြားမည့်သူတဦးဦး၊အသက် ၂၀ မပြည့်သေးသည့်အခါ၊ ယင်းသို့သောသူ၏မိဘ၊သို့မဟုတ် အုပ်ထိမ်းသူထံမှ၊ လိုအပ်သည့်သဘောတူချက်ကို ရရှိပြီးမဟုတ်ဘဲဖြစ်စေ၊

(၄) ပုဒ်မ ၁၂ အပိုဒ်(၁) ပါပြဋ္ဌာန်းချက် များကို သော်ရင်း၊ပုဒ်မ ၁၃ အပိုဒ် (၃) သို့မဟုတ်အပိုဒ်(၆) ပါပြဋ္ဌာန်းချက်များကိုသော်ရင်း၊ ကျူးလွန်လျက်ဖြစ်စေ၊

သိလျက်နှင့် တခင်ပြုလုပ်ပေးလျှင်၊ရင်းအရာရှိကို၊ တနှစ်ထိထောင်ဒဏ် စီရင်ခစေမည့်ပြင်၊ ၅၀၀ ထက်မပိုသည့် ငွေဒဏ်လည်းထိုက်သင့်စေမည်၊

နည်းဥပဒေများအကြောင်း။

၃၀။ ။ဘုရင်ခံ မင်းကြီးမှာ၊ ပုဒ်မ ၇ တွင်းဖေါ်ပြထားသည့် အခငွေများ စိမံခန့်ခွဲခြင်း၊ မှတ်ပုံစာအုပ်များပုံစံများမှန်ကြောင်း

သက်သေခံလက်မှတ် ရေးထိုးသော ကောင်ပီများပေးအပ်ခြင်း၊ ရင်းပြင် ယခု အက်ဥပဒေအရ ပြုလုပ်သည့် ထိမ်းမြားမှုများဆိုင်ရာ၊ အစီရင်ခံ စာရင်းချုပ်များပြုလုပ်ရေးသားခြင်းနှင့် တင်သွင်းခြင်းအတွက် နည်းဥပဒေများ။ ပြဋ္ဌာန်းခွင့်ရသည်။

---

စာရင်း။

ပုံစံ-က (ယောကျ်ားအတွက်။)

(ပုဒ်မ ၉ ကိုကြည့်။)

ထိမ်းမြားလိုကြောင်းအကြောင်းကြားစာပုံစံ၊

..................................စီရင်စုနယ်

..................................မြို့နယ်၊

..............ကျေးရွာ။

၁၉၃၉ ခုနှစ်၊အက်ဥပဒေအရထိမ်းမြားမှုမှတ်ပုံတင်အရာရှိထံ၊

ကျွန်ုပ်သည် ဤအကြောင်းကြားစာတွင် အစည်မှစ၍ အကြောင်းအရာများ ဖေါ်ပြပါရှိသော တဘက်သူနှင့်၊ ၁၉၃၉ ခုနှစ် ဗုဒ္ဓဘာသာ မိန်းမများ အထူးထိမ်းမြား အမွေဆက်ခံမှု အက်ဥပဒေအရ၊ ထိမ်းမြားမှု ပြုလုပ်ရန် ကြံရွယ်ကြောင်း။ အကြောင်းကြားပါသည်။

အကြောင်းကြားစာပေးပို့သူ၏ဖေါ်ပြချက်များ။

အပိုင်း (၁)။

(က) အမည်၊

(ခ) အလုပ်အကိုင်၊

(ဂ) လူမျိုး၊

(ဃ) ဘာသာ၊

(င) အသက်၊

(စ) (အကြောင်းကြားစာပေးပို့သည့်နေ့ရက်မတိုင်မီ နောက်ဆုံး ၁၄ ရက်အတွင်း)နေရပ်၊

(ဆ) မိဘများ၏အမည်၊.......

(၁)

(၂)

(ဇ) မိဘများ၏အလုပ်အကိုင်၊

(ဈ) မိဘများ၏နေရပ်၊

(ည) (မိဘများအသက်ရှင်လျက်မရှိလျှင်)အုပ်ထိမ်းသူ၏အမည်၊

(ဋ) အုပ်ထိမ်းသူ၏အလုပ်အကိုင်နှင့်လိပ်၊

(ဌ) အသက် ၂၀ မပြည့်သေးလျှင်၊ မိဘများ၊ သို့မဟုတ်အုပ်ထိမ်းသူ၏ သဘောတူချက် ရရှိပြီးဟုတ်မဟုတ်၊

(ဍ) သဘောတူချက် ပေးသည့်မိဘများ၊ သို့မဟုတ်အုပ်ထိမ်းသူ၏အမည် လိပ်နှင့်အလုပ်အကိုင်၊

(ဎ) ရင်းမှာ၊ အလျင်ကထိမ်းမြားဘူးသူဟုတ်မဟုတ် ထိမ်းမြားဘူးသူ ဖြစ်လျှင်၊ ထိုထိမ်းမြားမှုမှာ ယခုနေ့ရက်တွင်အတည်ဖြစ်လျက်ရှိမရှိ၊

(ဏ) အလျင်မယား အသက်ရှင်လျက်ရှိသေးလျှင်၊
ဎင်း၏အမည်နှင့်လိပ်၊

အပိုင်း (၂)။

(က) (တဘက်သူ၏)အမည်၊
(ခ) အလုပ်အကိုင်၊
(ဂ) လူမျိုး၊
(ဃ) ဘာသာ၊
(င) အသက်၊
(စ) (အကြောင်းကြားစာ ပေးပို့သည့် နေ့ရက်မ
တိုင်မီနောက်ဆုံး ၁၄ ရက်အတွင်း)နေရပ်၊
(ဆ) မိဘများ၏အမည်၊
(၁)
(၂)
(ဇ) မိဘများ၏ အလုပ်အကိုင်၊
(ဈ) မိဘများ၏နေရပ်၊
(ည) (မိဘများ အသက်ရှင်လျက် မရှိလျှင်) အုပ်
ထိန်းသူ၏အမည်၊
(ဋ) အုပ်ထိန်းသူ၏အလုပ်အကိုင်နှင့်လိပ်၊
(ဌ) အသက် ၂၀ မပြည့်သေးလျှင်၊ မိဘများ သို့မ
အုပ်ထိန်းသူ၏ သဘောတူချက် ရရှိပြီးဟုတ်မ
ဟုတ်၊
(ဍ) သဘောတူချက်ပေးသည့် မိဘများ၊ သို့မဟုတ်
အုပ်ထိန်းသူ၏အမည်၊ လိပ်နှင့်အလုပ်အကိုင်၊
(ဎ) ဎင်းမှာ၊ အလျင်က ထိမ်းမြားဘူးသူ ဟုတ်မ

ဟုတ်ထိမ်းမြားသူဖြစ်လျှင်၊ထိုထိမ်းမြားမှုမှာ
ယခုနေ့ရက်တွင်အတည်ဖြစ်လျက်ရှိမရှိ။

(လက်မှတ်)

မှတ်ပုံတင်အရာရှိခရိုင် ထွက်ဆိုချက်။

အထက်ပါအကြောင်းကြားစာအပိုင်း(၁)တွင်ဖော်ပြပါရှိသော အကြောင်းအရာမှာ၊ ကျွန်ုပ်ကိုယ်တိုင် သိရှိရသမျှဟုတ်မှန်ကြောင်းဖြင့်၎င်း၊ အပိုင်း(၂)တွင် ဖော်ပြပါရှိသော အကြောင်းအရာမှာ၊ ကျွန်ုပ်ကြားသိ ယုံကြည်ရသမျှ ဟုတ်မှန်ကြောင်းဖြင့်၎င်း၊ ကျွန်ုပ်............ကထွက်ဆိုပါသည်။အထက်ပါအကြောင်းကြားစာတွင်ပါရှိသည့် ဖော်ပြချက်တရပ်တရာမှာ၊ ကျွန်ုပ် သိရှိသမျှ မဟုတ်မမှန်လျှင်၊ ၎င်းပြင် ယင်းသို့သော ဖော်ပြချက်ကို၊ ပြုလုပ်ရာတွင်၊ ကျွန်ုပ်က၎င်းဖော်ပြချက်သည်မဟုတ်မမှန်ကြောင်း သိရှိ၊ သို့မဟုတ် ယုံကြည်လျှင်သော်၎င်း၊ ၎င်းဖော်ပြချက်သည်၊ ဟုတ်မှန်သည်ဟုမယုံကြည်လျှင်သော်၎င်း၊ကျွန်ုပ်မှာ၊ ရာဇသတ်ကြီး ပုဒ်မ ၁၉၉ အရ တရားစွဲဆိုခံထိုက်သည့်ဖြစ်ကြောင်းကျွန်ုပ်သိရှိပါသည်။

လက်မှတ်။

အောက်ပါတို့ရှေ့.—

(၁) (လက်မှတ်၊)

(အမည်၊အလုပ်အကိုင်နှင့်လိပ်)

(၂) (လက်မှတ်၊)

(အမည်၊အလုပ်အကိုင်နှင့်လိပ်၊)

အထက်ပါဖော်ပြချက်များကို၊ထွက်ဆိုသူအား၊ ဘတ်

၍ရှင်းလင်းပြရာ၊ ၎င်းသူက ထိုဖော်ပြချက် များပါ အကြောင်းအရာများ၊ မှန်ကန်ကြောင်း ဝန်ခံသည့်ပြင်၊ ယင်းသို့မှန်ကန် ကြောင်းဖြင့်၊ ၏ထွက်ဆိုချက်ကို၊ ကျွန်ုပ်ရှေ့၌၎င်း၊ အထက်တွင် လက်မှတ် ရေးထိုးသည့် သက်သေ ၂ ဦးရှေ့၌၎င်း၊ လက်မှတ်ရေးထိုးသည်။

{လက်မှတ်}

ထိမ်းမြားမှုမှတ်ပုံတင်အရာရှိ။

အထက်ပါ အကြောင်းကြားစာ ကော်ပီကို .................. ရက်နေ့တွင်၊ ကျွန်ုပ်၏ရုံးရှိ၊ အများမြင်သာသောနေရာ၌ ချိတ်ဆွဲ၍ ကြော်ငြာပြီးဖြစ်သည့်ပြင်၊ ၎င်းအကြောင်းကြားစာ ကော်ပီများကို၊ အောက်ပါနေ့ရက်များတွင်......................

ထံ $\frac{\text{ချအပ်}}{\text{ပို့}}$ ပြီးလည်းဖြစ်ကြောင်း။

{လက်မှတ်၊}

ထိမ်းမြားမှုမှတ်ပုံတင်အရာရှိ။

ပုံစံ-၁ (မိန်းမအတွက်၊)

(ပုဒ်မ ၆ ကိုကြည့်၊)

ထိမ်းမြားလိုကြောင်း အကြောင်းကြားစာပုံစံ။

.............................................စီရင်စုနယ်

.............................................မြို့နယ်။

.............................................ကျေးရွာ။

၁၉၃၉ခု နှစ်၊ အက်ဥပဒေအရ ထိမ်းမြားမှုမှတ်ပုံ အရာရှိထံ၊

ကျွန်မသည်၊ ၏အကြောင်းကြားစာတွင် အမည်မှ

၍၊ အကြောင်းအရာများ ဖော်ပြပါရှိသော တဘက်သူနှင့်၊ ၁၉၃၉ ခုနှစ်၊ ဗုဒ္ဓဘာသာသမိန်းမများအထူးထိမ်းမြား၊ အမွေဆက်ခံမှု အက်ဥပဒေအရ ထိမ်းမြားမှုပြုလုပ်ရန် ကြံရွယ်ကြောင်းအကြောင်းကြားပါသည်။

အကြောင်းကြားစာပေးပို့သူ၏ဖော်ပြချက်များ

အပိုင်း {၁}။

(က) အမည်။
(ခ) အလုပ်အကိုင်။
(ဂ) လူမျိုး။
(ဃ) ဘာသာ။
(င) အသက်၊
(စ) (အကြောင်း ကြားစာ ပေးပို့သည့် နေ့ရက်မတိုင်မီ နောက်ဆုံး ၁၄ ရက်အတွင်း)နေရပ်။
(ဆ) မိဘများ၏အမည်။—
(၁)
(၂)
(ဇ) မိဘများ၏အလုပ်အကိုင်၊
(ဈ) မိဘများ၏နေရပ်။
(ည) (မိဘများ အသက် ရှင်လျက် မရှိလျှင်။) အုပ်ထိန်းသူ၏အမည်။
(ဋ) အုပ်ထိန်းသူ၏အလုပ်အကိုင်နှင့်လိပ်။
(ဌ) အသက် ၂၀ မပြည့်သေးလျှင်၊ မိဘများ၊ သို့မဟုတ် အုပ်ထိန်းသူ၏ သဘောတူချက် ရရှိပြီးဟုတ်မဟုတ်။

(ဍ) သဘောတူချက်ပေးသည့်မိဘများ၊ သို့မဟုတ် အုပ်ထိန်းသူ၏အမည်၊ လိပ်နှင့်အလုပ်အကိုင်။

(ဎ) ဇနီးမှာအလျင်ကထိမ်းမြားဘူးသူ ဟုတ်မဟုတ် ထိမ်းမြားဘူးသူဖြစ်လျှင်၊ ထိုထိမ်းမြားမှုမှာ၊ယခုနေ့ရက်တွင်အတည်ဖြစ်လျက်ရှိမရှိ။

(ဏ) အလျင်လင် အသက်ရှင်လျက် ရှိသေးလျှင်၊ ၎င်း၏အမည်နှင့်လိပ်။

အပိုင်း (၂)။

(က) (တဘက်သူ၏)အမည်၊
(ခ) အလုပ်အကိုင်၊
(ဂ) လူမျိုး၊
(ဃ) ဘာသာ၊
(င) အသက်၊
(စ) (အကြောင်းကြားစာပေးပို့သည့် နေ့ရက်မတိုင်မီ နောက်ဆုံး ၁၄ရက်အတွင်း။)နေရပ်၊
(ဆ) မိဘများ၏အမည်၊
(၁)
(၂)
(ဇ) မိဘများ၏ အလုပ်အကိုင်၊
(ဈ) မိဘများ၏နေရပ်၊
(ည) (မိဘများအသက်ရှင်လျက်မရှိလျှင်)အုပ်ထိမ်းသူ၏အမည်၊
(ဋ) အုပ်ထိမ်းသူ၏အလုပ်အကိုင်နှင့်လိပ်၊
(ဌ) အသက် ၂၀ မပြည့်သေးလျှင်၊ မိဘများ ၎င်းမ

ဟုတ်ခုပ်လဲ ုးသူ၏ သဘောတူချက် ရရှိပြီး ဟုတ်မဟုတ်၊

(ခ) သဘောတူချက် ပေးသည့်မိဘများ၊ သို့မဟုတ် အုပ်ထိမ်းသူ၏အမည်၊လိပ်နှင့်အလုပ်အကိုင်၊

(ဂ) ၎င်းမှာ၊အလျှင်ကထိမ်းမြားဘူးသူဟုတ်မဟုတ် ထိမ်းမြားဘူးသူ ဖြစ်လျှင်၊ ထိုထိမ်းမြားမှုမှာ၊ ယခုနေ့ရက်တွင်အတည်ဖြစ်လျက်ရှိမရှိ၊

{လက်မှတ်}

မှတ်ပုံတင်အရာရှိ၊ရှေ့တွင်ခံဆိုချက်၊

အထက်ပါအကြောင်းကြားစာ အပိုင်း {၁} တွင်ဖော်ပြပါရှိသောအကြောင်း အရာမှာ၊ ကျွန်ုပ်ကိုယ်တိုင် သိရှိရသမျှ ဟုတ်မှန်ကြောင်းဖြင့်၎င်း၊ အပိုင်း {၂}တွင်ဖော်ပြပါရှိသော အကြောင်းအရာမှာ၊ ကျွန်ုပ်ကြားသိယုံကြည်ရသမျှ၊ ဟုတ်မှန် ကြောင်းဖြင့်၎င်း၊ ကျွန်ုပ်မ……… ……က ထွက်ဆိုပါသည်၊ အထက်ပါအကြောင်းကြားစာတွင် ပါရှိသည့် ဖော်ပြချက်တစုံတရာမှာ၊ကျွန်ုပ်မသိရှိသမျှမဟုတ်မမှန်လျှင်၊ ၎င်းပြင် ယင်းသို့သော ဖော်ပြချက်ကို၊ ပြုလုပ်ရာတွင်၊ ကျွန်ုပ်မက ၎င်းဖော်ပြချက်သည်၊ မဟုတ် မမှန်ကြောင်းသိရှိ၊ သို့မဟုတ် ယုံကြည်လျှင်သော်၎င်း၊ ၎င်းဖော်ပြချက်သည်၊ ဟုတ်မှန်သည်ဟုမယုံကြည်လျှင်သော်၎င်း၊ ကျွန်ုပ်မှာ၊ ရာဇသတ်ကြီး ပုဒ်မ ၁၉၉ အရတရားစွဲဆိုခံထိုက်သည်ဖြစ်ကြောင်း ကျွန်ုပ်မသိရှိပါသည်၊

{လက်မှတ်}

အောက်ပါတို့ရှေ့၌......

(၁) (လက်မှတ်၊)

(အမည်၊အလုပ်အကိုင်နှင့်လိပ်စာ၊)

(၂) {လက်မှတ်၊}

{အမည်၊အလုပ်အကိုင်နှင့်လိပ်စာ၊}

အထက်ပါဖော်ပြချက်များကို၊ ထွက်ဆိုသူအား ဘာသာ၍ ရှင်းလင်းပြရေး၊ ၎င်းသူက ထိုဖော်ပြချက် များပါ အကြောင်းအရာများ မှန်ကန်ကြောင်း ဝန်ခံသည့်ပြင်၊ ယင်းသို့ မှန်ကန်ကြောင်းဖြင့်၊ ၎င်းထွက်ဆိုချက်ကို ကျွန်ုပ်ရှေ့၌ ၎င်း၊ အထက်တွင် လက်မှတ်ရေးထိုးသည့်သက်သေ ၂ ဦးရှေ့၌၎င်း၊ လက်မှတ်ရေးထိုးသည်။

(လက်မှတ်)

ထိမ်းမြားမှုမှတ်ပုံတင်အရာရှိ။

အထက်ပါအကြောင်းကြားစာကော်ပီကို............ရက်နေ့တွင်၊ ကျွန်ုပ်၏ရုံးရှိအများမြင်သောနေရာ၌ချိတ်ဆွဲကပ်လျက် ကြော်ငြာပြီးဖြစ်သည့်ပြင်၊ ၎င်းအကြောင်းကြားစာကော်ပီများကို အောက်ပါနေ့ရက်တွင်...... ......................ထံ ချအပ်/ပို့ပြီးလည်းဖြစ်ကြောင်း၊

{လက်မှတ်။}

ထိမ်းမြားမှုမှတ်ပုံတင်အရာရှိ။

ပုံစံ-ဂ။

(မူရင်း မူရင်းခွဲ၊ပေါင်း ၄ စောင်ရှိစေရမည်)

{ပုဒ်မ ၁၇ ကိုကြည့်}

ထိမ်းမြားကြောင်း သက်သေခံ မှတ်ပုံစာအုပ်ပုံစံ၊

နံပါတ်၊
ထိမ်းမြားသည့်နေ့ရက်၊
ငြိမ်းမြားရာအရပ်၊
(က) လင်၏အမည်၊
(ခ) အသက်၊
(ဂ) လူမျိုး၊
(ဃ) ဘာသာ၊
(င) အလုပ်အကိုင်၊
(စ) နေရပ်၊
(ဆ) မိဘများ၏အမည် အလုပ်အကိုင်နှင့်လိပ်၊
(ဇ) (မိဘများအသက်ရှင်လျက်မရှိလျှင်၊) အုပ်ထိန်းသူ၏အမည်၊ အလုပ်အကိုင်နှင့်လိပ်၊
(ဈ) ထိမ်းမြားရန် သဘောတူချက်ပေးပြီးဖြစ်သည့် မိဘ၊ သို့မဟုတ် အုပ်ထိမ်းသူ၏အမည်၊အလုပ်အကိုင်နှင့်လိပ်၊
(က) မယားဏ်အမည်၊
(ခ) အသက်၊
(ဂ) လူမျိုး၊
(ဃ) ဘာသာ၊
(င) အလုပ်အကိုင်၊
(စ) နေရပ်၊
(ဆ) မိဘများ၏အမည်၊ အလုပ်အကိုင်နှင့်လိပ်၊
(ဇ) (မိဘများအသက်ရှင်လျက်မရှိလျှင်၊)အုပ်ထိမ်းသူ၏အမည်၊ အလုပ်အကိုင်နှင့်လိပ်၊
(ဈ) ထိမ်းမြားရန်သဘောတူချက်ပေးပြီးဖြစ်သည့်မိ

ဘ၊ သို့မဟုတ် ချုပ်ထိမ်း၍ ၏ အမည်၊ အလုပ်
အကိုင်နှင့်လိပ်။

ကျွန်တော် (မောင်ဖြူ)............နှင့် ကျွန်မ(မနီ)၏ ........
တို့၏၊ ယခုထိမ်းမြားမှုကို၊ အောက်ပါ သက်သေများ ၏ရှေ့
တွင်ပြုလုပ်ပါသည်။

လင်၏လက်မှတ်။
မယား၏လက်မှတ်။

ကျွန်ုပ်တို့ရှေ့တွင်ပြုလုပ်ပါသည်။

( မောင်
  မ )

( မောင်
  မ )

ထိမ်းမြားရန်သဘောတူချက်ပေးသူ၏သက်မှတ်။

အထက်ပေါ်အမည်ဖေါ်ပြပါရှိသူတို့၏ထိမ်းမြားမှုကို ၁၉ ............ ခုနှစ် ............ လ ...... ရက်နေ့တွင်၊ ကျွန်ုပ်ရှေ့၌၊ ပြုလုပ်သည်။

ထိမ်းမြားမှုမှတ်ပုံတင်အရာ ရှိ။

{ဗုဒ္ဓဘာသာ မိန်းမများအထူး ထိမ်းမြားအမွေဆက်ခံမှုအက်ဥပဒေဘို၊ အတည်ပြုလိုက်ခြင်းအားဖြင့်၊ မြန်မာအမျိုးများနှင့်ဘာသာခြားလူမျိုးများ ထိမ်းမြားလက်ထပ်မှုအတွက်၊ အမျိုးပျက်စီးရခြင်း ဘေးအန္တရာယ်ကြီးကို ကာကွယ်မှုအတွက်၊ အတော်ပင်၊ အကျိုးသက်ရောက်ရပေတော့မည်။ ဤကား၊ ၁၉၁၇-ခုနှစ်မှစ၍၊ နှစ်ပေါင်းနှစ်ဆယ်ကျော် ကြိုးပန်း ဆောင်ရွက်လာမှု အကျိုးပင်တည်း။}